မာတာပိတု ဥပဋ္ဌာနံ ဧတံ မင်္ဂလ မုတ္တမံ၊ အမိအဖတို့ကို ကောင်းစွာလုပ်ကျွေးမွေးမြူခြင်းသည် မြတ်သောမင်္ဂလာမည်၏။


# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်၊ စနေနေ့၊ အတွဲ (၄၁)၊ အမှတ် (၁၁၆)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ် လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မား ရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မား ရေးနှင့် ယဉ်ကျေးမှုအမွေ အနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက် အောင် ထိန်းသိမ်း စောင့် ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒများအကောင်အထည်ဖော်နိုင်ရေး နိုင်ငံတော်၏ဦးဆောင်မှုဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည် ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၇)အဖွဲ့ ရှင်းလင်းတင်ပြ



နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၇)ဥက္ကဋ္ဌ ဦးအိုက်မုန်း၊ဒုတိယဥက္ကဋ္ဌ ဦးညီလုံးနှင့်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၂၃

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၇)ဥက္ကဋ္ဌ ဦးအိုက်မုန်း၊ ဒုတိယဥက္ကဋ္ဌ ဦးညီလုံးနှင့်အဖွဲ့ဝင်များအား ယနေ့ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

**လက်ခံတွေ့ဆုံ**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ ဝန်ကြီးချုပ်ရုံး ဝန်ကြီးများဖြစ်ကြသော ဦးကိုလေးနှင့် ဗိုလ်ချုပ်သိန်းဆွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် တပ်မတော်ထောက်လှမ်းရေး ဌာနချုပ်ရုံးမှ အရာရှိကြီးများ တက်ရောက်ကြသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ✡

# သမဝါယမအရောင်းပွဲတော် ကျပ်သိန်း ၁၂၀၀ ကျော်ဖိုးရောင်းချရ ဒေသထွက်ကုန်၊ပရိဘောဂနှင့် ရိုးရာအဝတ်အထည်အများဆုံးဝယ်ယူ

**သတင်းဆောင်းပါး – အထက်မင်းလှညွှန့်အောင်၊ ဓာတ်ပုံမှတ်တမ်း – သမဝါယမ**

**ရန်ကုန် ဇန်နဝါရီ ၂၃**

ညီညွတ်ခြင်း၊ မျှတခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ အများ၏ဆန္ဒကို အလေးထားခြင်းဟူသော သမဝါယမအခြေခံမူများနှင့်အညီ **သမဝါယမထုတ်ကုန်ပြပွဲနှင့်အရောင်းပွဲတော်–၂၀၀၄**ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့်ရှိ ဆရာစံပလာဇာ၌ ဇန်နဝါရီ ၁၃ ရက်မှ ၂၁ ရက်အထိ ကိုးရက်တိုင်တိုင် ခင်းကျင်း ပြသရောင်းချခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇန်နဝါရီ ၁၈ ရက်က သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်–၂၀၀၄ ကျင်းပရာ ဆရာစံပလာဇာကိုလာရောက်၍ ပြည်နယ်၊ တိုင်းများ၏ ထုတ်ကုန်ပစ္စည်းပြခန်းများ၊ မြန်မာ့သမဝါယမ ရာပြည့်အကြိုပြခန်း၊ အရောင်းဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

အလားတူ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်–၂၀၀၄ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

*စာမျက်နှာ ၇ ကော်လံ ၁* ●

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်–၂၀၀၄ ပြခန်းများကို ဤသို့ ကြည့်ရှုအားပေးခဲ့သည်။**
**(ဓာတ်ပုံ–သမဝါယမ)**

**ယနေ့ထုတ်စောင်ရေ ၂၀၂၀၀၈**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်)

## ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ဆက်လက်မြှင့်တင် အမျိုးသားကျန်းမာရေး စီမံကိန်းအောင်မြင်ရေး တက်ညီလက်ညီဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်ချမှတ်၍ အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်လျက် ရှိသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်နိုင်ရန် နိုင်ငံသူနိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်ရန် အထူးလိုအပ်သည်။

ထို့ကြောင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်လွှမ်းခြုံပေးနိုင်စေရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးတိုးမြှင့်ပေးနိုင်စေရန်အတွက် ဆေးသိပ္ပံပညာရပ်များ ခေတ်နှင့် လျော်ညီစွာ ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတကာ၌ တိုးတက်ဖြစ်ထွန်းနေသည့် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာရပ်များ၊ နိုင်ငံတကာအဆင့်မီ ရောဂါရှာဖွေရေး၊ ကုသရေးနှင့် ဆေးရုံသုံးပစ္စည်းများကို ကျန်းမာရေးကဏ္ဍ၌ အချိန်နှင့်တစ်ပြေးညီ အသုံးပြုနိုင်စေရေး၊ နိုင်ငံတကာအဆင့်မီ ထူးချွန်ထက်မြက်သည့် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရေး၊ အရည်အသွေးမြင့်မားပြီး ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမည့် ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းနေစေရေးအတွက် နိုင်ငံတော်အစိုးရက အမျိုးသားကျန်းမာရေးစီမံကိန်းများ ချမှတ်၍ စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိသည်။

အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဇန်နဝါရီ ၁၂ရက် နံနက်ပိုင်းက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ခုတင် ၃၀၀ ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားရာ၌–

**“နိုင်ငံသူနိုင်ငံသားများ၏ သက်တမ်းကိုကြည့်ပါက အမျိုးသားများသည် ပျမ်းမျှ ၆၂ နှစ်ခန့်၊ အမျိုးသမီးများသည် ၆၅ နှစ်ခန့်ရှိကြသဖြင့် သက်တမ်းပိုရှည်လာသည်ကို စိစစ်တွေ့ရကြောင်း၊ ထို့ပြင် ၂၀၀၃ ခုနှစ်၌ မြန်မာနိုင်ငံအနေဖြင့် အနာကြီးရောဂါ ကင်းစင်သည့်နိုင်ငံ၊ ပိုလီယိုရောဂါ ကင်းစင်သည့်နိုင်ငံ၊ တီဘီရောဂါကို တိုက်ရိုက်ကြည့်ရှု အချိန်တိုကုထုံးဖြင့် လွှမ်းခြုံကုသနိုင်သည့် နိုင်ငံအဖြစ်လည်း ကမ္ဘာသိ ကြေညာနိုင်ခဲ့ပြီဖြစ်ကြောင်း”**

ပြောကြားသွားသည်။

ကျန်းမာရေးကဏ္ဍတွင် ကိုယ်ချင်းဆက်အမြှာ ခွဲစိတ်အောင်မြင်မှုများ၊ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများ၊ လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုများ စသည်ဖြင့် ကုသမှုဆိုင်ရာအောင်မြင်မှုများသည် ကျန်းမာရေးကဏ္ဍ၏ ထူးခြားသော အောင်မြင်မှု ရလဒ်များပင်ဖြစ်သည်။

နိုင်ငံတော်အစိုးရက ဆေးရုံကြီးများကို နိုင်ငံနှင့်အဝန်း တိုးချဲ့ဖွင့်လှစ်ပေးလျက် ရှိသည့်အတွက် ၁၉၈၈ ခုနှစ်က ဆေးရုံပေါင်း ၆၁၇ ရုံသာရှိခဲ့ရာမှ ယခုအခါ ဆေးရုံပေါင်း ၇၆၃ ရုံအထိ ရှိလာခဲ့ပြီဖြစ်သည်။

၁၉၈၈ခုနှစ်က တစ်နိုင်ငံလုံးတွင် ဆရာဝန် ၁၁၃၀၀ ခန့်နှင့် နိုင်ငံ့ဝန်ထမ်း ဆရာဝန်ပေါင်း ၃၂၀၀ ကျော်သာ ရှိခဲ့ရာမှ ၂၀၀၃ ခုနှစ် မတ်လအထိ ဆရာဝန် ၁၈၀၀၀ ကျော်နှင့် နိုင်ငံ့ဝန်ထမ်း ဆရာဝန်ပေါင်း ၅၀၀၀ နီးပါးအထိ တိုးတက်ဖြစ်ထွန်းလာခဲ့သည်။

၁၉၈၈ ခုနှစ်တွင် ဆေးတက္ကသိုလ်သုံးခုနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တစ်ခုသာ ရှိခဲ့ရာမှ ယခုအခါ ဆေးတက္ကသိုလ်လေးခု၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှစ်ခု၊ သူနာပြုတက္ကသိုလ်နှစ်ခု၊ ဆေးဘက်ပညာသည် တက္ကသိုလ်နှစ်ခုနှင့် ဆေးဝါးကျွမ်းကျင်မှု တက္ကသိုလ်နှစ်ခုအပြင် အခြေခံကျန်းမာရေးတက္ကသိုလ်နှင့် တိုင်းရင်းဆေးတက္ကသိုလ် စုစုပေါင်း ဆေးဘက်ဆိုင်ရာ တက္ကသိုလ် ၁၄ ခု အထိ တိုးတက်ဖြစ်ထွန်းလာခဲ့သည်။

ယခင်ခေတ်ကာလက ဘွဲ့လွန်ဒီပလိုမာသင်တန်းတစ်ခုနှင့် မဟာဘွဲ့သင်တန်း ၁၂ ခုသာ သင်ကြားပေးနိုင်ခဲ့ရာမှ ယခုအခါ ဘွဲ့လွန်ဒီပလိုမာသင်တန်း ခြောက်မျိုးနှင့် မဟာဘွဲ့သင်တန်း ၂၉ မျိုးအထိ လေ့ကျင့်သင်ကြားပေးနိုင်နေပြီ ဖြစ်သည်။ ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ (Ph.D) သင်တန်းခုနစ်မျိုးနှင့် ဆေးလက်တွေ့ ပါရဂူဘွဲ့ (Dr.Med.Sc) သင်တန်း ၃၀ တို့ကို ဖွင့်လှစ်ပေးနေပြီဖြစ်သည့်အတွက် နိုင်ငံအတွင်း ပြုစုပျိုးထောင် မွေးထုတ်လိုက်သည့် Ph.D ပါရဂူဘွဲ့ရ ၁၇ ဦးနှင့် Dr.Med.Sc ပါရဂူဘွဲ့ရ ၅၅ ဦး စုစုပေါင်း ပါရဂူဘွဲ့ရပညာရှင် ၇၂ဦး ပေါ်ထွန်းလာခဲ့ပြီ ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရ၏ အမျိုးသားကျန်းမာရေးအဆင့်အတန်း မြှင့်တင်ရေးနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများ သိသာထင်ရှားစွာ တိုးတက်အောင်မြင်နေသည့် ယနေ့ကာလတွင် ဖြစ်ထွန်းရရှိပြီးဖြစ်သည့် အရှိန်အဟုန်ကို ဆက်လက်မြှင့်တင်ပေးနိုင်ရေး ကြိုးပမ်းသွားကြရန်နှင့် အမျိုးသားကျန်းမာရေးစီမံကိန်းများ အောင်မြင်ရေးအတွက် ကျန်းမာရေးဆိုင်ရာ ဝန်ထမ်းအားလုံးက တက်ညီလက်ညီဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

သာကေတမြို့နယ် အမှတ် (၃၆) အခြေခံပညာမူလတန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးနု က စတုတ္ထတန်း ဘက်စုံပညာထူးချွန်ဆုရသူ မောင်စိုင်းရဲသီဟအား ဆုပေးအပ်စဉ်။ (က–ပ)

## မေတ္တာသွေးလှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၃**

ဆေးရုံအသီးသီးပေါ်၌ သွေးလိုနေသော ဝေဒနာရှင်များအား မေတ္တာသွေးစက်ဖြင့် အသက်ကယ်နိုင်ရန် အကြိမ်(၈၀)မြောက် ဒါန ဥပပါရမီ၊ ဒါနပရမတ္ထပါရမီ မေတ္တာသွေးလှူဒါန်းပွဲကို မေတ္တာဗျူဟာအဖွဲ့က ကြီးမှူး၍ ဗိုလ်တထောင်စေတီတော် ဓမ္မာရုံကြီး၌ ဖေဖော်ဝါရီ ၁ ရက် နံနက် ၈နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

သွေးလှူဒါန်းလိုသူ မေတ္တာသွေးလှူရှင်တိုင်း လာရောက်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မဟာဝိဇယစေတီ ပူဇနီယပွဲတော် ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၃**

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး အထမြောက် အောင်မြင်ခြင်းနှင့် ဂိုဏ်းပေါင်းစုံ သံဃာ့ညီညွတ်မှုရရှိခြင်း အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ ဓမ္မရက္ခိတကုန်းမြေ၌ မဟာဝိဇယစေတီတော်၏ (၁၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာ့ပူဇာ ပူဇော်ပွဲများဖြင့် တပို့တွဲလဆန်း ၁၄ ရက် (ဖေဖော်ဝါရီ ၄ ရက်)မှ တပို့တွဲလပြည့်ကျော် ၁ ရက် (ဖေဖော်ဝါရီ ၆ ရက်)အထိ စည်ကား သိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်(၃) ဦးအောင်စိုးသည် အခွန်ဌာနမှူးဦးအောင်ဇင်၊ လက်ထောက်ဌာနမှူး ဦးခင်ဝင်းတို့ လိုက်ပါလျက် အခွန်ဌာနလက်အောက်ရှိ ဒဂုံမြို့သစ်(မြောက်ပိုင်း)စီးပွားရေးဖွံ့ဖြိုးမှုဇုန်ကွပ်ကဲမှုရုံးသို့ ဇန်နဝါရီ ၂၁ရက်က သွားရောက်စစ်ဆေးရာ စခန်းကွပ်ကဲမှုရုံး တာဝန်ခံအရာရှိ ဦးမြင့်အောင်က စခန်းအခြေအနေနှင့်ဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြစဉ်။** (၂၁၀)

## မည်သူ့ပြင်းနိုင်ဦးမည်နည်း

* မြန်မာပြည်ကြီး၊ ဆင်စီးမြင်းရံ
အောင်ပွဲခံဖို့၊ တစ်ရံမခြား
မနားမနေ၊ ရွှေပြည်တော်သစ်
ပြည်ဖုံးလှစ်ရန်၊ မြစ်ကိုကျော်လွှား
“တံတားလည်းဆောက်၊
လမ်းလည်းဖောက်ခဲ့”
တောနဲ့မြို့ပြ၊ မကွာဟအောင်
ပြည်ထောင်တစ်ဝန်း၊ ကြည့်လိုက်စမ်းဆွေ
လမ်းပန်းဆက်သွယ်၊ လွယ်ကူချောမွေ့
ယနေ့မြန်မာပြည်၊ ဝပြောစည်တာ
မည်သူ့ပြင်းနိုင်ဦးမည်နည်း …။

* ဆည်မြောင်းတမံ၊ မှန်မှန်တည်ဆောက်
မှိုလိုပေါက်သည့်၊ မျက်မှောက်မြန်မာပြည်
“မြေဆီမြေနှစ်၊ ရွှေတွေဖြစ်မို့”
ရွှေခေတ်ပြည်သူ၊ များရှင်လူတို့
လှူကြတန်းကြ၊ ပေးကမ်းကြနှင့်
ဒါနပါရမီ၊ ဆောက်တည်ပျော်မွေ့
ယနေ့မြန်မာပြည်၊ ဝပြောစည်တာ
မည်သူ့ပြင်းနိုင်ဦးမည်နည်း …။

* ခေတ်အဆက်ဆက်၊ လက်နက်ကိုင်စွဲ
ဝါဒကွဲများ၊ မိသားစုသဏ္ဍာန်
ကြိမ်ဖန်များစွာ မဟာဗျူဟာမြောက်
“တစ်ယောက် အယူအဆ၊
တစ်ယောက်က လေးစား”
အရေးထားညှိနှိုင်း၊ တိုင်းပြည်ကောင်းရန်
အခြေခံတော့၊ မာန်မာနမဖက်
လက်နက်နှင့်ငြိမ်းချမ်းရေး၊ လဲလှယ်ပေးကြ
ယနေ့မြန်မာပြည်၊ ဝပြောစည်တာ
မည်သူ့ပြင်းနိုင်ဦးမည်နည်း …။

* အမှန်တရား၊ ဖုံးကွယ်ထားလည်း
ဆင်သွားသည့်လယ်ပြင်၊ အများမြင်လိမ့်
သင်လည်းအသိ၊ တို့အသိပဲ
ပကတိမြန်မာပြည်၊ ညီညာစုပေါင်း
ရလဒ်ကောင်းချိန်၊ အရှိန်အဟုန်မပျက်
ခရီးဆက်ရင်း၊ ပြည်တွင်းအင်အား
ပြည်တွင်းထားလို့၊ ကြိုးစားတည်ဆောက်
ခရီးပေါက်လည်း၊ အနောက်မီဒီယာ
“မုသာဝါဒ၊ အမနာပတွေ”
မည်မျှဖြန့်ဝေ၊ မှုမနေခဲ့
ဇွဲနဲ့ဖြတ်သန်း၊ ခရီးကြမ်းစေ
“ပန်းပန်မပျက်၊ ရှေ့သို့ဆက်၍…”
ယနေ့မြန်မာပြည်၊ ဝပြောစည်တာ
မည်သူ့ပြင်းနိုင်ဦးမည်နည်း…။ ။

ဟာသ်ာတမြင့်ဌေ

## ၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့
## အမျိုးသားရေးဦးတည်ချက်များ

★ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

★ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားရေး။

★ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။

★ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

## ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

## သစ်တောရေးရာဝန်ကြီးဌာနလုပ်ငန်းညှိနှိုင်းစည်းဝေး ပြည်ပပို့ကုန်လျာထားချက်ပြည့်မီရေးဝန်ကြီးမှာကြား

**ရန်ကုန် ဇန်နဝါရီ ၂၃**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယနေ့နံနက်ပိုင်းတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး တော်ဝင်ခန်းမ၌ ကျင်းပသော ၂၀၀၄ခုနှစ် သစ်တောရေးရာဝန်ကြီးဌာန ပြည်နယ်/တိုင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ပေးအပ်ထားသည့် လုပ်ငန်းရည်မှန်းချက်များ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်သွားရေး၊ ပြည်ပပို့ကုန် လျာထားချက်ပြည့်မီရေး၊ စိုက်ခင်းများတည်ထောင်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး၊ သတ်မှတ်သောအခွန်အခများ ပြည့်ဝစွာရရှိရေး၊ ရိုးရာလက်မှုပညာရေးနှင့် သစ်အခြေခံစက်မှုလုပ်ငန်းများ တိုးတက်ရေးတို့အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို မှာကြားသည်။**(အောက်ပုံ)**

ယင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းနှင့် ဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ အကြံပေးပုဂ္ဂိုလ်များနှင့် ပြည်နယ်/တိုင်း တာဝန်ခံအရာရှိများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုနေ့သည်မြန်မာ့သမိုင်းတွင်အလွန်အရေးပါ ပြည်ထောင်စုနေ့အလံတင်အခမ်းအနားစီစဉ်ရေးဆပ်ကော်မတီစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၂၃

**၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အလံတင်အခမ်းအနား စီစဉ်ရေးဆပ်ကော်မတီ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနား စီစဉ်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝေလွင်နှင့် ဆပ်ကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့များမှတာဝန်ရှိသူများ တက်ရောက်ကြသည်။**

ညှိနှိုင်းအစည်းအဝေးတွင် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အလံတင်အခမ်းအနား စီစဉ်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝေလွင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီးအခမ်းအနားမှူးအဖြစ် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိက အမှာစကား ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် အခမ်းအနား မွမ်းမံပြင်ဆင်ရေး၊ စစ်ရေးပြအခမ်းအနားစီစဉ်ရေး၊ ကြိုဆိုနေရာချထားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ ပြန်ကြားရေး၊ ဧည့်ခံကျွေးမွေးရေးနှင့် လုံခြုံရေးလုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အလိုက်ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

**တက်ညီလက်ညီကြိုးပမ်း**

ယင်းနောက် ဆပ်ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝေလွင်ကနိဂုံးချုပ်အမှာစကား ပြောကြားရာ၌ ပြည်ထောင်စုနေ့သည် မြန်မာ့သမိုင်းတွင် အလွန်အရေးပါသောနေ့တစ်နေ့ဖြစ်ကြောင်း၊ လုပ်ငန်းအဖွဲ့များသည် အသိစိတ်ဖြင့် မိမိတို့လုပ်ဆောင်ရမည့် လုပ်ငန်းများကို ကြိုတင်လုပ်ဆောင်ထားသည်ကိုတွေ့ရှိရ၍ ကျေးဇူးတင်ကြောင်း၊ ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကျင်းပရာ၌ လုပ်ငန်းအဖွဲ့အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းပူးပေါင်း ပါဝင်ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### တီဗွီအသင့်အတင့်

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။**

## တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်စည်းဝေးမည်

**ရန်ကုန် ဇန်နဝါရီ ၂၃**

တိုက်ကြီးမြို့နယ်အသင်း (ရန်ကုန်မြို့)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၅ ရက် နံနက် ၈ နာရီခွဲတွင် စမ်းချောင်းမြို့နယ် ပြည်လမ်းရှိ မစိုးရိမ်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသက် (၇၅)နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ၂၀၀၂-၂၀၀၃တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသောသားသမီးများစာရင်းနှင့် လွတ်လပ်ရေးနေ့တွင် ဂုဏ်ထူးဘွဲ့ထူးရရှိသည့်စာရင်းကို ဦးသိန်းအောင် ဖုန်း-၅၂၆၁၆၄၊ ဗိုလ်မှူးထွန်းအောင် ဖုန်း-၅၃၅၀၂၉၊ ဦးတင်ငွေ ဖုန်း-၂၂၁၇၄၅ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းရန် နှိုးဆော်ထားသည်။ **(က-ပ)**

### နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းမည်

**ရန်ကုန် ဇန်နဝါရီ ၂၃**

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသနှင့် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုမာရ (မကွေးဆရာတော်ကြီး)တို့၏ တပည့်ဒကာရင်းဖြစ်သည့်တိပိဋကနိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့ကြီး၏ ဂုဏ်ထူးဆောင်နာယက ဦးအောင်ကြည် (မကွေး)-ဒေါ်ရီရီ မိသားစုတို့က အလှည့်ကျတာဝန် ထမ်းဆောင်နေကြသည့် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ အဘိဓမ္မာကျမ်းပြု ဆရာတော်ကြီးများ၊ ဝိနည်းမိုရ် ဆရာတော်ကြီးများ၊ တိနိ-တိပိဋက စာဖြေသံဃာတော်တို့အား ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀ နာရီခွဲတွင် မဟာနာယကဆွမ်းစားကျောင်းဆောင် (ကမ္ဘာအေး)တွင် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

**ဇန်နဝါရီ ၂၂ရက်က မြို့နယ်အဆင့် ကျောင်းကျန်းမာရေးစံပြဆုပေးပွဲကို လှိုင်မြို့နယ် အထက (၁) ကျောင်းခန်းမတွင် ကျင်းပရာ မြို့နယ်ကျန်းမာရေး ဦးစီးမှူး ဒေါက်တာ ဒေါ်မာမာအေးက ပထမဆု ရရှိသော အမှတ်(၂) အခြေခံပညာ မူလတန်းလွန်ကျောင်းမှကျောင်းအုပ်ဆရာမကြီး ဒေါ်သာနုအေးအား ဆု ချီးမြှင့်စဉ်။ (က-ပ)**

## တောင်ကြီးစက်မှုလက်မှုအထက ပထမအကြိမ်အာစရိယပူဇော်မည်

**ရန်ကုန် ဇန်နဝါရီ ၂၃**

၁၉၆၈ မှ ၁၉၉၈ ခုနှစ်အတွင်း တောင်ကြီးမြို့ စက်မှုလက်မှု အထက သို့ တက်ရောက်ခဲ့သော ကျောင်းသားဟောင်းများမှ အသက်(၆၀)ပြည့်ပြီး အငြိမ်းစားယူခဲ့သော ဆရာကြီးဆရာမကြီးများအား ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက်(တနင်္ဂနွေနေ့)တွင် တောင်ကြီးမြို့ ကုန်းသာယာကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်သည်။

**ဆက်သွယ်နိုင်**

အငြိမ်းစား ဆရာကြီး ဆရာမကြီးများနှင့် အလှူငွေထည့်ဝင်လိုသူများသည် ဆရာဦးကျော်ချွန်(အငြိမ်းစား) တောင်ကြီး ဖုန်း- ၀၈၁-၂၂၉၉၆၊ ဦးတင်အောင်၊ ဦးအောင်ကြွယ် (တောင်ကြီး) ဖုန်း-၀၈၁-၂၁၀၁၆(ရုံး)၊ ဦးလှသိန်း(ရန်ကုန်) ဖုန်း-၀၁-၂၉၅၁၇၆၊ ၀၁-၅၉၀၀၄၄နှင့် ဦးအေးဝင်း (မန္တလေး) ဖုန်း-၀၂-၃၁၄၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

**ရွှေပြည်သာမြို့နယ်အမှတ်(၄) အခြေခံ ပညာ အလယ်တန်းကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ်ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ ပထမတန်းတွင် ပညာရည်ချွန်ဆုရရှိသော မမြတ်မင်းမင်းသန့်အား ကျောင်းအုပ် ဆရာကြီးဦးမြင့်ဆွေက ဆုချီးမြှင့်စဉ်။ (က-ပ)**

## အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားသင်တန်းများဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၂၃**

UKMH English Language Unit တွင် အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားပြောကို ထိထိရောက်ရောက် ရေးသားပြောဆိုနိုင်ရန်အတွက် Four skill & Grammar-General English Courses (Speaking, Writing, Listening, Reading) စာရေးသီးသန့်သင်တန်း၊ စကားပြောသီးသန့်သင်တန်းများကို International Level ကို ဗဟိုပြု၍ ပုံမှန်သင်ကြားလျက်ရှိသည်။ ဤသင်တန်းများအတွက် ၁၀ တန်းအောင်ပြီးသူမှ ဘွဲ့ကြို၊ ဘွဲ့ရ၊ ဘွဲ့လွန်များ၊ နိုင်ငံ့ဝန်ထမ်း၊ ကုမ္ပဏီနှင့် NGOဝန်ထမ်းများအတွက် ရည်ရွယ်ကြောင်း၊ TOEFLနှင့် IELTS သင်တန်းများလည်း ပုံမှန်သင်ကြားလျက်ရှိသည်။

ဖေဖော်ဝါရီလတွင် အခြေခံအင်္ဂလိပ်စာသင်တန်း Basic English Courseနှင့် မတ်၊ ဧပြီတွင် TOEFL, IELTS သင်တန်းဖြေဆိုမည့်သူများသည် အသေးစိတ် သိလိုပါက ဆရာဦးခင်မောင်ဌေး အမှတ် ၂၃၊ ၃ လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၅၇၁၀၂၅ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်းသိရသည်။**(က-ပ)**

အီရတ်နိုင်ငံတောင်ပိုင်း၌ ပြောက်ကျားတို့ ပစ်ခတ်သဖြင့် စပိန်တပ်ဖွဲ့ဝင်တစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိသွားပြီးနောက် ရှာဖွေမှုများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အီရတ်ဆိုင်ရာ သမ္မတဘုရှ်၏ ပြောကြားမှုများ အီရတ်တို့လက်မခံ အမေရိကန်တို့ ကတိမတည်၊ ဘုရှ်၏မိန့်ခွန်းမှာလည်း လိမ်ညာခြင်းသာဖြစ်

ဘဂ္ဂဒက် ဇန်နဝါရီ ၂၂

**အမေရိကန်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးကိစ္စများပါဝင်သော မိန့်ခွန်းတစ်ရပ်ကို အမေရိကန်နိုင်ငံ၌ သမ္မတဘုရှ်က ယမန်နေ့က ပြောကြားခဲ့ရာတွင် လက်ရှိအီရတ်နိုင်ငံ အရေးကိစ္စများနှင့်ပတ်သက်ပြီး ထည့်သွင်းကာကွယ်ပြောကြားသွားခဲ့ရာ အီရတ်နိုင်ငံက ပြည်သူအများ၏ အမြင်နှင့်တစ်မျိုးစီကွဲပြားခြားနားနေပြီး ဘုရှ်ပြောသည့်အတိုင်း လက်မခံကြောင်းနှင့် စိတ်ဝင်စားမှုလည်းမရှိကြောင်း သိရသည်။**

အချုပ်အားဖြင့်ဆိုလျှင် သမ္မတဘုရှ်မိန့်ခွန်းအပေါ် အီရတ်ပြည်သူများက တုံ့ပြန်ပြောကြားသည်မှာ ဘုရှ်ပြောကြားသည်များကို မသိရှိကြောင်း၊ ၎င်းဘာပဲပြောပြော မိမိတို့ဂရုမစိုက်ကြောင်း၊ ထို့အပြင် မိန့်ခွန်းထုတ်လွှင့်ချိန်၌လည်း အီရတ်ဒေသစံတော်ချိန် နံနက်စောစော ငါးနာရီဖြစ်သည့်အတွက် အိပ်ရေးပျက်ခံပြီး နားမထောင်လိုကြကြောင်း အီရတ်ပြည်သူများက ဖြေကြားခဲ့သည်။

ထို့အပြင် အမေရိကန်တို့သည် ယခင်ကကတိပြုထားသည့်အတိုင်း ဆောင်ရွက်ပေးခြင်းမရှိကြောင်း ကတိမတည်ကြောင်း၊ ယင်းကြောင့် ဘုရှ်၏မိန့်ခွန်းသည်လည်း လိမ်ညာမှုသာဖြစ်ကြောင်း၊ မိမိတို့မှာ အမေရိကန်တို့က ကျူးကျော်သိမ်းပိုက်ထားခြင်းကိုသာ ဆက်လက်ခံနေရကြောင်း အီရတ်ပြည်သူအချို့က ပြောကြားလိုက်သည်။ **(အင်တာနက်)**

# ကန်တို့က အီရတ်၌ ကုလ၏အခန်းကဏ္ဍကို အာမခံချက်မပေး ကုလသမဂ္ဂဝန်ထမ်းများ ပြန်သွားရေးတဖြည်းဖြည်းဆောင်ရွက်နေ

ကုလသမဂ္ဂ ဇန်နဝါရီ ၂၂

**အမေရိကန်နှင့် အီရတ်အရာရှိများက လုံခြုံရေးအာမခံချက်နှင့် ကုလသမဂ္ဂ၏လုပ်ငန်းကဏ္ဍ ပိုင်းခြားသတ်မှတ်ခြင်းမရှိသော်ငြားလည်း ကုလသမဂ္ဂသည် အီရတ်နိုင်ငံကို ပြန်သွားရန်ကိစ္စကို ဖြည်းဖြည်းချင်း လုပ်ဆောင်လျက်ရှိသည်။**

ကုလသမဂ္ဂ၏ ဖြစ်နိုင်ဖွယ်ရာ အခန်းကဏ္ဍနှင့် ပတ်သက်၍ အတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် အီရတ်အုပ်ချုပ်ရေးကောင်စီကိုယ်စားလှယ်အဖွဲ့၊ အီရတ်အရာရှိများနှင့် တနင်္လာနေ့က တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့ဆွေးနွေးသော်လည်း အဆိုပါသုံးဖွဲ့အစည်းအဝေး၌ အမေရိကန်နှင့်အီရတ်အရာရှိများက ကုလသမဂ္ဂအမှုထမ်းများ၏ အနာဂတ်အာမခံချက်နှင့် ကုလသမဂ္ဂ၏ အခန်းကဏ္ဍတို့ကို အာမခံချက်ပေးခြင်း မရှိခဲ့ပေ။

## ပြောဆို

အီရတ်၏ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်အတွင်း ကုလသမဂ္ဂအနေဖြင့် လူသားချင်း စာနာသည့် ကယ်ဆယ်ရေးလုပ်ငန်း၊ ရွေးကောက်ပွဲနှင့် ယာယီအစိုးရအဖွဲ့ ထူထောင်မှုတို့တွင် ကုလသမဂ္ဂက အကူအညီပေးလိုကြောင်း ကိုဖီအာနန်က ထပ်ခါတလဲ ပြောဆိုခဲ့သည်။

## ပြန်မသွား

ထို့ပြင် လုံခြုံရေးအာမခံချက်မရှိဘဲ ကုလသမဂ္ဂ၏လုပ်ငန်းကဏ္ဍကို ပိုင်းခြားဖော်ပြခြင်းမရှိဘဲ အီရတ်သို့ ပြန်သွားရန် ဆုံးဖြတ်မည်မဟုတ်ကြောင်းလည်း မစ္စတာအာနန်က ပြောဆိုခဲ့သည်။

မည်သို့ပင်ဖြစ်စေကာမူ လက္ခဏာများက ကုလသမဂ္ဂသည် အီရတ်သို့ ပြန်သွားရန် ဖြည်းဖြည်းချင်း လုပ်ဆောင်နေကြောင်း ပြနေသည်ဟု စူးစမ်းလေ့လာသူများက ပြောဆိုခဲ့ကြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ကန်တို့ပစ်လိုက်သောကျည်ဆန် ကလေးဦးခေါင်းထဲဝင်

**ဘဂ္ဂဒက် ဇန်နဝါရီ ၂၂**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌နေထိုင်သော အသက်လေးနှစ်အရွယ်ရှိ ဘာကာ အလီဟူစိန်ဆိုသော ကလေးငယ်တစ်ဦး၏ ဦးခေါင်းထဲသို့ အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်လိုက်သည့် သေနတ်ကျည်ဆန်တစ်တောင့် ဝင်သွားခဲ့သည်။ ထိုကလေးသည် အသက်မသေသော်လည်း ၎င်း၏ဦးခေါင်းအတွင်း၌ ကျည်ဆန်ကျန်ရှိနေသည်။ လွန်ခဲ့သည့်နှစ် မေလအတွင်းက ဗုံးပေါက်ကွဲမှုဖြစ်ပွားသော နေရာတစ်ဝိုက်ကို အမေရိကန်တပ်ဖွဲ့ဝင်များက သေနတ်များပစ်ခတ်ခဲ့ရာ အနီး၌ဆော့ကစားနေသည့် ဘာကာကို ကျည်ဆန်တစ်တောင့်ထိမှန်သွားခဲ့ပြီး ကျည်ဆန်သည် ၎င်း၏ဦးနှောင့်အတွင်း ကျန်ရှိနေခြင်းကြောင့် ကလေးငယ်၏ ခြေထောက်သည် ကောင်းမွန်စွာ မရပ်နိုင်သည့်အပြင် မျက်စိနှင့်နားလည်း တစ်ဖက်စီ သာမြင်ရ၊ ကြားရကြောင်း သိရသည်။

## ဒေါသဖြစ်

ထိုကိစ္စနှင့်ပတ်သက်ပြီး အမေရိကန်တပ်ဖွဲ့ဝင်များက ဘာကာ၏မိသားစုကို တောင်းပန်ကာ ဆေးဝါးကုသပေးမည်ဟု ကတိပြုခဲ့သော်လည်း ယခုအချိန်အထိ ဘာမှဆောင်ရွက်မပေးခြင်းကြောင့် ဘာကာ၏ဖခင်ဖြစ်သူမှာ အမေရိကန်တို့အပေါ် အယုံအကြည်မရှိတော့ဘဲ ဒေါသဖြစ်ကာ သားဖြစ်သူအတွက် ဝမ်းနည်းပူဆွေးလျက်ရှိသည်။

## စီစဉ်

ဤအချိန်အတောအတွင်းမှာပင် ထိုကိစ္စကို အီရတ်နိုင်ငံရှိ ဂရိတ်သံရုံးက သိရှိသွားခဲ့ပြီး အီရတ်နိုင်ငံဆိုင်ရာ ဂရိတ်သံအမတ်ကြီးက ဘာကာနှင့် ဖခင်ဖြစ်သူတို့ကို ခေါ်ယူတွေ့ဆုံကာ ကလေးငယ်ဆေးကုသမှုခံယူနိုင်ရေးအတွက် ခရီးသွားစရိတ်နှင့် ဆေးကုသစရိတ်ကို ဂရိတ်အစိုးရက အကုန်အကျခံမည်ဖြစ်ပြီး ဂရိတ်နိုင်ငံ အေသင်မြို့သို့ အမြန်စေလွှတ်ပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **(စီအင်န်အင်န်)**

## ဆန္ဒပြ

**ဇန်နဝါရီ ၂၂ ရက်က အီရတ်နိုင်ငံ ဆာမာဝါမြို့တွင် အမေရိကန်တို့ လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ ဆန့်ကျင်ကန့်ကွက် ဆန္ဒပြနေသော အီရတ်ပြည်သူများကို တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

# သတင်းစာဆရာများကို အမေရိကန်ဖမ်းဆီးထိန်းသိမ်းထားမှု စိုးရိမ်ပူပန်ကြောင်း သတင်းစာဆရာများကာကွယ်ရေးကော်မတီပြောကြား

နယူးယောက် ဇန်နဝါရီ ၂၂

**ယခုလအစောပိုင်း၌ ရိုက်တာသတင်းစာဆရာနှစ်ဦးအပါအဝင် သတင်းစာဆရာသုံးဦး ဖမ်းဆီးနှိပ်စက်ခြင်းခံခဲ့ရသည့်ကိစ္စနှင့်စပ်လျဉ်း၍ အကြီးအကျယ် စိုးရိမ်ကြောင်း သတင်းစာဆရာများ ကာကွယ်ရေးကော်မတီက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။ ထိုကိစ္စအတွက် အမေရိကန်ပြည်ထောင်စုက အလျင်အမြန်စုံစမ်းပေးရန်လည်း သတင်းစာဆရာများ အကာအကွယ်ပေးရေးကော်မတီက ပြောဆိုသည်။**

အီရတ်ရှိ အမေရိကန်စစ်ဘက်တပ်မှူး ဒုတိယဗိုလ်ချုပ်ကြီး ရီကာဒိုဆန်ချေ့စ်ထံ နိုင်ငံတကာဆိုင်ရာ သတင်းစာစောင့်ကြည့်အဖွဲ့က အိတ်ဖွင့်စာရေးသားပေးပို့ရာ၌ စစ်မြေပြင်တွင် သတင်းစာဆရာများကို အမေရိကန်တပ်ဖွဲ့ဝင်များက နှောင့်ယှက်မှုများပေါ်ပေါက်ခဲ့ပြီးနောက် ယခုကဲ့သို့ သတင်းစာဆရာများ အဖမ်းခံခဲ့ရခြင်းဖြစ်ကြောင်း ရေးသားထားသည်။

ရိုက်တာအမှုထမ်းများကို ပြုမူဆက်ဆံပုံနှင့် ပတ်သက်၍ ရိုက်တာက အမေရိကန်စစ်ဘက်ဆိုင်ရာကို တရားဝင်တိုင်တန်းခဲ့သည်။ အမေရိကန်စစ်တပ်သည် ရိုက်တာသတင်းထောက်နှစ်ဦး၊ ယာဉ်မောင်းနှင့် အင်န်ဘီစီ ဓာတ်ပုံဆရာတို့ကို သုံးရက်ကြာမျှ ဖမ်းဆီးချုပ်နှောင်ထားခဲ့သည်ဟု သိရသည်။

ထိုကိစ္စနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးနေကြောင်း ဇန်နဝါရီ ၁၂ ရက်က ဘဂ္ဂဒက်တွင် သတင်းထောက်များကို အမေရိကန်ဗိုလ်မှူးချုပ် မာ့ခ်ကင်မစ်က ပြောကြားသည်။

**(အင်တာနက်)**

# အီရတ်နေအိမ်များကို နံနက်စောစောဝင်ရောက်စီးနင်းရှာဖွေမှု အီရတ်ပြည်သူများနှင့်တိုက်ရိုက်တွေ့ပြီး တင်းမာမှုများဖြစ်ခဲ့ရ

**ဘဂ္ဂဒက် ဇန်နဝါရီ ၂၂**

အီရတ်၌ရှိသော အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ၏ ခုခံတိုက်ခိုက်မှုကို နေ့စဉ်ရင်ဆိုင်ကြုံတွေ့နေကြရသည်။ ယခုလို မိမိတို့ကျွမ်းကျင်မှုမရှိသော နယ်မြေဒေသတွင် ရန်သူနှင့်မိတ်ဆွေခွဲခြားနည်းအပြင် နိုင်ငံသားများ၏ ဓလေ့စရိုက်ကို ခြားနား နားလည်သိရှိရေးအတွက် အမေရိကန်တပ်ဖွဲ့ဝင်များသည် ကြိုတင်လေ့ကျင့် သင်ယူလျက်ရှိကြောင်းသိရသည်။

အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်နေအိမ်များတွင် နံနက်စောစော၌ ရုတ်တရက်ဝင်ရောက်စီးနင်းရှာဖွေသော အပြုအမူများကြောင့် အီရတ်ပြည်သူများနှင့် တိုက်ရိုက်ရင်ဆိုင်ရပြီး တင်းမာမှုများဖြစ်ပွားခဲ့ရသည်။

အလားတူ အခြေအနေများကို နေ့စဉ်ရင်ဆိုင်နေရသည့်အတွက် ဒေသဆိုင်ရာဓလေ့စရိုက်များ၊ ယဉ်ကျေးမှုနှင့် လူမှုရေးအခြေအနေများကို နားလည်အောင် အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံအတွင်းသို့ မဝင်ရောက်မီ ဂျော်ဒန်နိုင်ငံ အမ္မန်မြို့က ဂျော်ဒန်ငြိမ်းချမ်းရေးတက္ကသိုလ်တွင် ဒေသတွင်းယဉ်ကျေးမှုဓလေ့ စရိုက်များကို လေ့လာသင်ယူနေကြကြောင်း သိရသည်။ **(စီအင်န်အင်န်)**

# အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေ ပိုမိုဆိုးရွား

# ပြောက်ကျားများ၏ ခုခံတိုက်ခိုက်မှုများ အဆက်မပြတ်ဖြစ်ပွား

အီရတ်နိုင်ငံ ဘာကူဘာမြို့၌ အသေခံဗုံးတစ်လုံးဖောက်ခွဲပြီးနောက် လုံခြုံရေးဇရိယာအတွင်း စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဇန်နဝါရီ ၂၂ ရက်က အီရတ်ပြည်သူ ထောင်ပေါင်းများစွာ ကာဘာလာမြို့၌ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေကြစဉ်။ (ဓာတ်ပုံ– အင်တာနက်)

## အမေရိကန်စစ်အခြေစိုက်စခန်း စိန်ပြောင်းဖြင့်ပစ်ခတ်ခံရ

ပြောက်ကျားများက ဘဂ္ဂဒက်အနောက်ဘက်၌ အီရတ်ရဲစခန်းကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး နာရီပိုင်း အကြာတွင် အမေရိကန်စစ်အခြေစိုက်စခန်းကို စိန်ပြောင်းဖြင့် ပစ်ခတ်ခဲ့သည်။

ယင်းတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားပြီးနောက် စစ်အခြေစိုက်စခန်း၌ လုံခြုံရေးတာဝန် ထမ်းဆောင်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်များသည် အီရတ်နိုင်ငံအား ကျူးကျော်ခဲ့သော်လည်း နိုင်ငံတည်ငြိမ်မှုရရှိရေးအတွက် မဆောင်ရွက်နိုင်ဘဲရှိသည်။

(အပေါ်ပုံမှာ ဖော်လူဂျာမြို့၌ အမည်မသိ သေနတ်သမားတစ်ဦးက ပစ်ခတ်မှုကြောင့် သေဆုံးသွားသည့် အီရတ်ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ ဆွေမျိုးများကငိုကြွေးနေကြစဉ်။) (ဓာတ်ပုံ–အင်တာနက်)

**မြန်မာ့အလင်း**

**အီရတ်မြင်ကွင်း**

ဘဂ္ဂဒက်မြို့ အဘူဂျာဟက် အကျဉ်းစခန်း၌ အမေရိကန်တို့၏ ဖမ်းဆီးမှုကို ခံခဲ့ရသော အီရတ်တစ်ဦး ဇနီးနှင့် သားကို ပြန်ဆုံတွေ့ရာတွင် ဝမ်းနည်းငိုကြွေးနေကြသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

# အီရတ်သို့ ပြန်လာလျှင် ရုံးချုပ်ကို ဂရင်းဇုန်၌မထား ကုလသမဂ္ဂက ရှင်းရှင်းလင်းလင်းပြောထားဟု သံတမန်တစ်ဦးပြောကြား

ကုလသမဂ္ဂ ဇန်နဝါရီ ၂၂

**ကုလသမဂ္ဂက အကယ်၍ အီရတ်သို့ပြန်လာလျှင် ရုံးချုပ်ကို ဂရင်းဇုန်အတွင်း၌ မထားလိုကြောင်း ရှင်းရှင်းလင်းလင်း ပြောကြားထားခဲ့သည်။ လက်ရွေးစင်အဖွဲ့ကို သောကြာနေ့၌ အတည်ပြုမည်ဖြစ်သော်လည်း ထို့နောက် ရက်အနည်းငယ်ရှိသည့်တိုင်အောင် ဆုံးဖြတ်ချက်ကို ကြေညာမည်မဟုတ်ကြောင်း သံတမန်တစ်ဦးက ပြောဆိုသည်။**

အီရတ်နိုင်ငံ အသွင်ကူးပြောင်းရေး အစိုးရတိုက်ရိုက်ရွေးချယ်နိုင်ခြင်းရှိမရှိလေ့လာရန် လက်ရွေးစင် ကျွမ်းကျင်သူများလွှတ်ရေးကိစ္စကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန် မကြာမီရက်ပိုင်းအတွင်း အတည်ပြုဖွယ်ရှိကြောင်း ကုလသမဂ္ဂသံတမန်များက ပြောဆိုကြသည်။ အဆိုပါအဖွဲ့သည် ဆုံးဖြတ်ချက်ချပြီးလျှင်ပြီးချင်း အီရတ်သို့ သွားရောက်ကြမည်ဟု သံတမန်များက ပြောဆိုသည်။ အုပ်ချုပ်ရေးလွှဲပြောင်းယူမည့် အသွင်ကူးပြောင်းရေးအစိုးရအဖွဲ့အတွက် ရွေးကောက်ပွဲကျင်းပနိုင်ဖွယ်ရှိ မရှိ အကဲဖြတ်ရန် ကုလသမဂ္ဂအဖွဲ့ အီရတ်သို့လာရောက်ရန် အီရတ်ခေါင်းဆောင်များနှင့် ယာယီပူးပေါင်းအာဏာပိုင်အဖွဲ့တို့က လိုလားကြသည်။

**စီစဉ်ထား**

ကုလသမဂ္ဂ လက်ရွေးစင်အဖွဲ့သည် ကုလသမဂ္ဂအမှုထမ်းများ အမြဲပြန်လာရေးအတွက် ဘက်စုံ လုံခြုံရေးအခြေအနေကို အကဲဖြတ်မည့် တစ်ပတ်အတွင်း ဘဂ္ဂဒက်သို့လွှတ်ရန် စီစဉ်ထားသော လေးဦးပါ ကုလသမဂ္ဂမစ်ရှင်အဖွဲ့နှင့် သီးခြားဖြစ်သည်။ **(အင်တာနက်)**

**ဇန်နဝါရီ ၂၂ ရက်က အီရတ်နိုင်ငံတောင်ပိုင်း အယ်အမာရာမြို့တွင် ယာဉ်မတော်တဆဖြစ်မှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရပြီးနောက် မော်တော်ယာဉ်များကိုစစ်ဆေးနေသော ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## မြန်မာ့အလင်း နိုင်ငံခြားသတင်းများ

# အီရတ်တို့၏ တောင်းဆိုချက် အမေရိကန်တို့ လိုက်လျောရဖွယ်ရှိ

**လန်ဒန် ဇန်နဝါရီ ၂၂**

ဗြိတိန်နိုင်ငံထုတ် သတင်းစာတစ်စောင်ဖြစ်သော "သည်ဂါးဒီးယန်း"က ဗြိတိန်တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကားပြီး ကူးပြောင်းရေးကာလ အစိုးရအဖွဲ့အတွက် အီရတ်တို့၏ တောင်းဆိုချက်နှင့်ပတ်သက်ပြီး အမေရိကန်နှင့် အပေါင်းပါများက အလျှော့ပေးရဖွယ်ရှိကြောင်း ဖော်ပြလိုက်သည်။

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲအစိုးရအဖွဲ့က အီရတ်တို့၏ တောင်းဆိုချက်သည် ဖြစ်နိုင်ဖွယ်ရှိပြီး တိုက်ရိုက်မဲပေးခွင့်ရှိရန်လည်း လိုအပ်ကြောင်း လက်ခံခဲ့သည်ဟု သိရသည်။ အမေရိကန်အရပ်ဘက် အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာ အနေဖြင့်လည်း အလားတူ တိုက်ရိုက်ရွေးကောက်ပွဲများ ကျင်းပရန် လိုအပ်ကြောင်း လက်ခံခဲ့သည်ဟု ဆိုသည်။ **(စီအင်န်အင်န်)**

# ဗြိတိသျှအစိုးရကျူးလွန်ခဲ့သော အီရတ်စစ်ပွဲ စစ်ရာဇဝတ်မှုများ နိုင်ငံတကာတရားရုံးကစစ်ဆေးပေးရန် ဥပဒေကျွမ်းကျင်အဖွဲ့ တောင်းဆို

လန်ဒန် ဇန်နဝါရီ ၂၂

**အီရတ်စစ်ပွဲအတွင်း ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုများအတွက် ဗြိတိသျှအစိုးရကိုစုံစမ်းစစ်ဆေးရန် နိုင်ငံတကာဆိုင်ရာ ရာဇဝတ်မှုတရားရုံး (အိုင်စီစီ)ကို ဥပဒေကျွမ်းကျင်သူများအဖွဲ့ တစ်ဖွဲ့က တိုက်တွန်းလိုက်သည်။**

အီရတ်စစ်ပွဲကာလအတွင်း အသုံးပြုခဲ့သော လက်နက်များနှင့် ထိခိုက်သေဆုံးသော အရပ်သားအရေအတွက်နှင့် ပတ်သက်၍ အထောက်အထားများကို စုဆောင်းခဲ့ပြီးနောက် လူသားများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲနှင့် အစိုးရအဖွဲ့၏ အဆင့်မြင့်အစိုးရအဖွဲ့ဝင်များကို သည်ဟိဂ်ရှိ အိုင်စီစီက စုံစမ်းစစ်ဆေးရန် အကြောင်းရှိသည်ဟု ကျွမ်းကျင်သူများအဖွဲ့က ကောက်ချက်ချခဲ့သည်။

**တောင်းဆို**

ဗြိတိသျှတပ်များက ကြဲချခဲ့သော ကလပ်စတာဗုံးများကြောင့် သေဆုံး သို့မဟုတ် ဒဏ်ရာရခဲ့သော အရပ်သားများနှင့်စပ်လျဉ်း၍ အစီရင်ခံစာကို ရှေ့နေများက အိုင်စီစီသို့ပေးအပ်မည်ဖြစ်ပြီး စုံစမ်းစစ်ဆေးရန် တောင်းဆိုမည်ဖြစ်သည်။

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်က ပြည်ထောင်စုအခြေပြမိန့်ခွန်းအတွက် ပြင်ဆင်နေချိန်တွင် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲမှာ အီရတ်နှင့်ပတ်သက်၍ ဖိအားပေးခံနေရသည်။

**ဖိအားပေး**

လာမည့်သီတင်းပတ်၌ တင်ပြမည့် ဟတ်တွန်စုံစမ်းစစ်ဆေးမှု အစီရင်ခံစာက ဝေဖန်ပြစ်တင်ချက်များကို ထပ်ဆောင်းပေးဖွယ်ရှိသည်။ **(အင်တာနက်)**

**ဇန်နဝါရီ ၂၂ ရက်က ဘဂ္ဂဒက်မြို့ လမ်းမကြီးတစ်ခုတွင် စစ်ယာဉ်တစ်စီးဖြင့် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့များက အီရတ်တို့ကို စစ်ဆေးမေးမြန်းနေစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# မိုဆူးလ်မြို့၌ မြို့ကောင်စီဝင်တစ်ဦး လုပ်ကြံခံရ အသက်ဘေးမှလွတ်သော်လည်း အစောင့်များ ဒဏ်ရာပြင်းထန်

မိုဆူးလ် ဇန်နဝါရီ ၂၂

**မိုဆူးလ်မြို့၌ လုပ်ကြံသတ်ဖြတ်မှုတစ်ခုတွင် မိုဆူးလ်မြို့ကောင်စီဝင်တစ်ဦး အသက်ဘေးမှ သီသီလေး လွတ်သွားခဲ့သော်လည်း သူ၏သက်တော်စောင့်များ ဒဏ်ရာပြင်းစွာရရှိခဲ့ကြသည်။ အီရတ်ရဲတစ်ဦးမှာမူ သေနတ်ပစ်ခံရပြီး သေဆုံးသွားခဲ့သည်။**

အဆိုပါရဲသည် ကားတစ်စီးက ရပ်ပြီး ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်ဟုဆိုသည်။ တနင်္လာနေ့အစောပိုင်း၌ မြို့ကောင်စီဝင် ဆလမ်ဟာ့ချ်အစ်ဆာသည် သူ၏ကားနံဘေးသို့ လာရပ်သောကားတစ်စီးမှ ပစ်ခတ်မှုဖြစ်ခဲ့သော်လည်း အသက်ဘေးက လွတ်ခဲ့ရသည်။ အစ်ဆာ၏ သက်တော်စောင့်နှစ်ဦးမှာမူ ဒဏ်ရာအကြီးအကျယ်ရခဲ့ကြသည်။

**သေဆုံး**

ကယ်ကွတ်မြို့တွင် ရေနံအဆောက်အအုံကို စောင့်ရန် အမေရိကန်ဦးဆောင်သော ပူးပေါင်းအဖွဲ့က ငှားရမ်းထားသည့် ဗြိတိသျှ လုံခြုံရေးကုမ္ပဏီတစ်ခုမှ အစောင့်များက ပစ်ခတ်သဖြင့် ရဲဗိုလ်မှူးတစ်ဦး သေဆုံးသွားသည်။ အစောင့်များအားလုံးမှာ အီရတ်လူများဖြစ်ကြပြီး ၎င်းတို့ကို ဖမ်းဆီးလိုက်ကြောင်း ရဲဗိုလ်ချုပ် တာဟန်ယူဆက်က ပြောကြားသည်။

အီရတ်နိုင်ငံတွင် အမေရိကန် ဦးဆောင်သော စစ်ပွဲပြီးဆုံးခဲ့ချိန်မှစပြီး ရဲတပ်ဖွဲ့ဝင် ၆၀၀ နီးပါး သေဆုံးခဲ့ပြီ ဖြစ်သည်ဟု အဆင့်မြင့် အီရတ်ရဲတစ်ဦးက ပြောဆိုသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အင်္ဂါဂြိုဟ်၏သမိုင်းကြောင်း လေ့လာနိုင်ရန် မားစ်အိပ်စ်ပရက်စ်နှင့် စပရစ်တို့ ဓာတ်ပုံများပေးပို့

**ဝါရှင်တန် ဇန်နဝါရီ ၂၁**

ဥရောပ အာကာသအေဂျင်စီက လွှတ်တင်ထားသော မားစ်အိပ်စ်ပရက်စ်မှ ပေးပို့သည်ဓာတ်ပုံများအရ အင်္ဂါဂြိုဟ်၏ ဘူမိသမိုင်းကြောင်းကို လေ့လာနိုင်တော့မည် ဖြစ်သည်။ ဒီဇင်ဘာ ၂၅ ရက်ကစတင်ပြီး အင်္ဂါဂြိုဟ်ကို လှည့်ပတ်နေသော မားစ်အိပ်စ်ပရက်စ်သည် အင်္ဂါဂြိုဟ်၏မျက်နှာပြင်ကို ဓာတ်ပုံရိုက်ကူးပေးပို့ခဲ့ရာ ကမ္ဘာပေါ်ရှိ လျှိုချောက်ကြီးများကဲ့သို့ အင်္ဂါဂြိုဟ်မျက်နှာပြင်၌လည်း ကြီးမားသောလျှိုကြီးကို တွေ့မြင်ရသည်။ အဆိုပါအက်ကြောင်းကြီးသည် မိုင်လေးထောင်ရှည်လျားပြီး ငါးမိုင်နက်ကာ မိုင်ရာပေါင်းများစွာ ကျယ်ပြန့်သည်။

အဆိုပါအက်ကြောင်းများသည် အင်္ဂါဂြိုဟ်ပေါ်ရှိ မြစ်များကြောင့် ဖြစ်ပေါ်လာသော လျှိုမြောင်ချိုင့်ဝှမ်းများနှင့် ကျရောက်ခဲ့သည့် ဥက္ကာပျံများကြောင့် ဖြစ်ပေါ်ခဲ့ဖွယ်ရှိသည်။ မကြာမီ၌ အင်္ဂါဂြိုဟ်၏ မျက်နှာသွင်ပြင်ကို ပုံဖော်လာနိုင်ဖွယ်ရှိပြီး မားစ်အိပ်စ်ပရက်စ်နှင့် နာဆာမှလွှတ်တင်ထားသော စပရစ်တို့မှပေးပို့သည့် ရုပ်ပုံများနှင့် အချက်အလက်များကြောင့် အင်္ဂါဂြိုဟ်၏သမိုင်းကြောင်းကို ပြန်လည် ဖော်ဆောင်နိုင်ဖွယ်ရှိကြောင်း သိရသည်။ **(စီအက်ဖ်အိုင်)**

● *သမဝါယမမှ*

**သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်-၂၀၀၄** ခင်းကျင်းပြသခဲ့ခြင်းနှင့်စပ်လျဉ်း၍ အခြေအနေများကိုသိရှိနိုင်ရန် မြန်မာ့အလင်းက သွားရောက် တွေ့ဆုံမေးမြန်းခဲ့သည်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သမဝါယမ ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်-၂၀၀၄ကို လှည့်လည်ကြည့်ရှုအားပေးစဉ်။**

**(ဓာတ်ပုံ-သမဝါယမ)**

## ပါဝင်ပြသခဲ့

သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်-၂၀၀၄ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သမဝါယမ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်းက "ဒီပြပွဲမှာ သမဝါယမ အရောင်းဆိုင် ၁၄၆ ဆိုင်၊ ဝန်ကြီးဌာန အရောင်းဆိုင် ၁၃ဆိုင်၊ ပုဂ္ဂလိက အရောင်းဆိုင် ၁၃၄ဆိုင် စုစုပေါင်း အရောင်းဆိုင် ၂၉၃ဆိုင် ပါဝင်ပြသရောင်းချခဲ့ပါတယ်။

ပွဲတော်စတင်ကျင်းပတဲ့ ဇန်နဝါရီ ၁၃ရက်မှာ ပွဲတော်လာလူဦးရေ ခန့်မှန်းခြေ ၁၅၀၀၀ ရှိပြီး အရောင်းဆိုင်အားလုံးရဲ့ အရောင်းတန်ဖိုးဟာ ကျပ်သိန်း ၈၉ ဒသမ ၅၅ ရှိပါတယ်။ ဇန်နဝါရီ ၁၄ရက်မှာ ပွဲတော်လာလူဦးရေ ခန့်မှန်းခြေ ၁၈၀၀၀၊ အရောင်းတန်ဖိုးကျပ် သိန်း ၉၄ ဒသမ ၈၄၊ ဇန်နဝါရီ ၁၅ရက်မှာ ပွဲတော်လာလူဦးရေ ခန့်မှန်းခြေ ၁၈၅၀၀၊ အရောင်းတန်ဖိုးကျပ် သိန်း ၁၄၅ ဒသမ ၅၃၊ ဇန်နဝါရီ ၁၆ရက်မှာ ပွဲတော်လာလူဦးရေ ခန့်မှန်းခြေ ၁၉၀၀၀၊ အရောင်းတန်ဖိုးကျပ် သိန်း ၁၄၂ ဒသမ ၀၄၊ ဇန်နဝါရီ ၁၇ရက်မှာ ပွဲတော်လာလူဦးရေ ခန့်မှန်းခြေ ၂၀၀၀၀၊ အရောင်းတန်ဖိုးကျပ် သိန်း ၁၄၅ ဒသမ ၂၄၊ ဇန်နဝါရီ ၁၈ရက်မှာ ပွဲတော်လာလူဦးရေ ခန့်မှန်းခြေ ၂၁၀၀၀၊ အရောင်းတန်ဖိုးကျပ် သိန်း ၁၆၄ဒသမ၀၂၊ ဇန်နဝါရီ ၁၉ရက်မှာ ပွဲတော်လာလူဦးရေ ခန့်မှန်းခြေ ၁၉၀၀၀၊ အရောင်းတန်ဖိုးကျပ် သိန်း ၁၆၀ ဒသမ ၃၆၊ ဇန်နဝါရီ ၂၀ရက်မှာ ပွဲတော်လာလူဦးရေ ခန့်မှန်းခြေ ၁၇၀၀၀၊ အရောင်းတန်ဖိုးကျပ် သိန်း ၁၆၁ ဒသမ ၀၇၊ ဇန်နဝါရီ ၂၁ရက်မှာ ပွဲတော်လာလူဦးရေ ခန့်မှန်းခြေ ၁၀၀၀၀၊ အရောင်းတန်ဖိုး ကျပ်သိန်း ၁၆၉ ဒသမ ၅၄ ရှိပါတယ်။ ပွဲတော်ကျင်းပတဲ့ ကိုးရက်တာကာလမှာ အရောင်းတန်ဖိုးဟာ ကျပ်သိန်းပေါင်း ၁၂၇၁ ဒသမ ၁၉ ရှိပါတယ်။

ပွဲတော်ကာလအတွင်း သမဝါယမ အချင်းချင်းစာချုပ်ချုပ်ဆိုမှု တန်ဖိုးမှာ ကျပ်သိန်းပေါင်း ၁၂၀၃ ဒသမ၇၄၊ ပုဂ္ဂလိကအချင်းချင်း စာချုပ်ချုပ်ဆိုမှု တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၅၀၀၀၀၊ သမဝါယမနှင့် ပုဂ္ဂလိက စာချုပ်ချုပ်ဆိုမှု တန်ဖိုးမှာ ကျပ်သိန်း ၅၀၈ ဒသမ ၃၅၊ သမဝါယမပို့ကုန်/သွင်းကုန်လုပ်ငန်းနှင့် ကုမ္ပဏီစာချုပ်ချုပ်ဆိုမှုတန်ဖိုးမှာ ယူရိုငွေ ၁၁သိန်း ရှိပါတယ်"ဟူ၍ ရှင်းလင်းပြောကြားပါသည်။

## နှစ်(၁၀၀)ပြည့်

၂၀၀၅ ခုနှစ် ဇန်နဝါရီတွင် မြန်မာ့သမဝါယမသည် နှစ်(၁၀၀)ပြည့်တော့မည်ဖြစ်သည်။ သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်-၂၀၀၄ တွင် မြန်မာ့သမဝါယမ ရာပြည့်အကြို ပြခန်းတစ်ခုကို ထည့်သွင်းခင်းကျင်း ပြသခဲ့သည်။

## အပိုင်းခြောက်ပိုင်း

မြန်မာ့သမဝါယမရာပြည့်အကြို ပြခန်းနှင့်ပတ်သက်၍ ပြပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်လှိုင်က "မြန်မာ့သမဝါယမ ရာပြည့်အကြိုပြခန်းမှာ မြန်မာ့သမဝါယမအစမှ ယနေ့အထိ စာအုပ်စာတမ်းများ၊ ဂျာနယ်များ၊ သတင်းဆောင်းပါးများ၊ ဓာတ်ပုံများ၊ ဆုတံဆိပ်များ စတာတွေကို ကိုလိုနီခေတ်၊ ပါလီမန်ခေတ်၊ ဆိုရှယ်လစ်ခေတ်ပြောင်းကာလ၊ ဈေးကွက်စီးပွားရေးကာလ၊ နိုင်ငံတကာ ဆက်ဆံရေးနှင့် မျက်မှောက်ကာလဆိုပြီး အပိုင်းခြောက်ပိုင်း ခွဲခြားပြသခဲ့ပါတယ်။

မြန်မာ့သမဝါယမ ရာပြည့်အကြို ပြခန်းကို စိတ်ပါဝင်စားသူ ၁၅၀၀၀ လာရောက် လေ့လာကြည့်ရှုခဲ့ကြပါတယ်။ ပွဲတော်ကာလအတွင်း ဉာဏ်စမ်းဖြေဆိုမှုများပြုလုပ်ခဲ့ပြီး ပြခန်းမှာ ပြသတဲ့အကြောင်းအရာ အချက်အလက်များအပေါ် တစ်ရက်ချင်းမေးခွန်း ၂၀ မေးမြန်းပြီး ရမှတ်များအပေါ်အခြေခံကာ ပထမဆုကျပ် ၁၅၀၀၊ ဒုတိယဆုကျပ် ၁၀၀၀၊ တတိယဆုကျပ် ၈၀၀နဲ့ နှစ်သိမ့်ဆုကျပ် ၅၀၀ချီးမြှင့်ပေးခဲ့ပါတယ်"ဟု ရှင်းပြပါသည်။

အများဆုံးရောင်းချရတဲ့ ပြခန်းနဲ့အရောင်းတန်ဖိုး၊ အများဆုံးရောင်းချရတဲ့ကုန်ပစ္စည်းတွေကို သိပါရစေခင်ဗျား။

"သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်-၂၀၀၄မှာ ရန်ကုန်တိုင်းသမဝါယမအသင်းများပြခန်းက တန်ဖိုးကျပ်သိန်း ၁၃၄ ဒသမ ၈၁၊ မကွေးတိုင်းသမဝါယမအသင်းများ ပြခန်းက တန်ဖိုးကျပ်သိန်း ၁၂၇ ဒသမ ၀၀၊ ဧရာဝတီတိုင်းသမဝါယမ အသင်းများပြခန်းက တန်ဖိုးကျပ်သိန်း ၁၀၇ ဒသမ ၀၈၊ မန္တလေးတိုင်း သမဝါယမအသင်းများ ပြခန်းက တန်ဖိုးကျပ်သိန်း ၉၇ ဒသမ ၂၄၊ စစ်ကိုင်းတိုင်း သမဝါယမအသင်းများပြခန်းက တန်ဖိုးကျပ်သိန်း ၈၁ ဒသမ ၇၆ ဖြစ်ပြီး အများဆုံး ရောင်းချရတဲ့ တိုင်းများဖြစ်ပါတယ်။

အများဆုံးရောင်းချရတဲ့ကုန်ပစ္စည်းများကတော့ ဒေသထွက် စားသောက်ကုန်ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများနဲ့ ရိုးရာအဝတ်အထည်များဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားပါသည်။

သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော် ၂၀၀၄ သည်-

- **သမဝါယမအသင်းများ ပူးပေါင်းဆောင်ရွက်ခြင်းနည်းအရစုပေါင်းဆောင်ရွက်ခြင်းဖြင့် ကုန်စည်ဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရန်၊**
- **ပြည်တွင်းထုတ်ကုန်ပစ္စည်းများ ပြည်တွင်း ဈေးကွက်ရရှိပြီး သွင်းကုန်အစားထိုးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊**
- **ပြည်ပပို့ကုန်ပစ္စည်းများ၊ အမည်သစ်(အမယ်သစ်) ကုန်ပစ္စည်းများထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ထိုးဖောက်ဝင် ရောက်နိုင်စေရန်**

ဟူသော ရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်သည့်ဈေးပွဲတော် တစ်ခုဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

**သမဝါယမထုတ်ကုန်ပြပွဲနှင့်အရောင်းပွဲတော်-၂၀၀၄ကို သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် သမဝါယမ ကူးသန်းရောင်းဝယ်ရေးဗဟိုဌာန(ဆရာစံပလာဇာ) တည်ဆောက်ရေးကော်မတီ အုပ်ချုပ်မှုဒါရိုက်တာ ဦးမောင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**

**(ဓာတ်ပုံ-သမဝါယမ)**

# စက်မှုစွမ်းအား ခေတ်ကျော်လွှား

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၂၃

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၀၀၃ခုနှစ် တတိယလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း(မိတ္ထီလာ)မှ ကျောင်းအုပ်ကြီးနှင့် မြန်မာ့မီးရထားမှ အကြံပေးပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်/တိုင်း အရာရှိများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### အားသွန်ခွန်စိုက်ဆောင်ရွက်

ရှေးဦးစွာ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အဖွင့်အမှာစကား ပြောကြားသည်

### တင်ပြဆွေးနွေး

ဆက်လက်၍ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့က လက်ရှိလုပ်ငန်းအခြေအနေများနှင့်ဆက်လက်ဆောင်ရွက်ရန်ကိစ္စများအပေါ် တင်ပြဆွေးနွေးကြသည်။

ထို့နောက်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း(မိတ္ထီလာ)မှ ကျောင်းအုပ်ကြီးတို့က ရည်မှန်းချက်တာဝန်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေ၊ သုံးသပ်ချက်နှင့် ဆက်လက် ဆောင်ရွက်သွားရမည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြကြသည်။

### ဖြည့်ဆည်းမှာကြား

ယင်းနောက် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက တင်ပြချက်များအပေါ် သုံးသပ်ပြီး လုပ်ငန်းအရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းမှာကြားပြီး အစည်းအဝေးကို ရုပ်နားသည်။

**(သတင်းစဉ်)**

## ပညာရည်ချွန်ဆုပေးပွဲနှင့်အလှူငွေများပေးအပ်ပွဲ တန့်ဆည်၌ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၃**

စစ်ကိုင်းတိုင်း တန့်ဆည်မြို့တွင် ပညာရည်ထူးချွန်ဆုနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၇ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုန်သည်များ၊ လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

### ဂုဏ်ပြုဆုငွေ

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီးနောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က စစ်ကိုင်းတိုင်းအတွင်း ၂၀၀၂-၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ အမှတ်အများဆုံးရရှိသူ မလင်းသီရိထွန်းအား ဂုဏ်ပြုဆုငွေကျပ်တစ်သိန်း **(အောက်ပုံ)**၊ အင်ကုက္ကားကျေးရွာ အခြေခံပညာတွဲဖက်အလယ်တန်းကျောင်းအတွက် ငွေကျပ်ငါးသောင်း၊ နဘက်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ကွန်ပျူတာတစ်လုံးနှင့် ဆရာ ဆရာမများအတွက် ငွေကျပ်တစ်သိန်း၊ တက္ကသိုလ်ဝင်တန်း သုံးဘာသာဂုဏ်ထူးရှင် မောင်မြင့်ကျော်အား ငွေကျပ်ငါးသောင်း ပေးအပ်လှူဒါန်းသည်။

### ပေးအပ်လှူဒါန်း

ဆက်လက်၍ ညနေပိုင်းတွင် ရေဦးမြို့နယ် ဆည်မြောင်းရိပ်သာ၌ လမ်းပြုပြင်ရေးအလှူငွေပေးအပ်ပွဲကိုကျင်းပရာ ရေဦးနှင့် တန့်ဆည်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ကုန်သည်/စက်မှု အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဒီပဲယင်း-တင်းတိန်ရုံကားလမ်း ပြုပြင်ရေးအတွက် ငွေကျပ်ငါးသိန်းကို လှူဒါန်းသည်။

အလားတူပင် ဇန်နဝါရီ ၁၈ ရက် မွန်းလွဲပိုင်းတွင် ဒီပဲယင်းမြို့ အောင်ရတနာယာဉ်လိုင်းအသင်း၌ ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဒီပဲယင်းမြို့နယ် မီးသတ်မော်တော်ယာဉ် ပြုပြင်ရန်အတွက် ငွေကျပ်ငါးသိန်းကို ဒီပဲယင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဦးထွန်းမောင်ထံ ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

24-1 (7).p65 1 3/24/05, 9:32 PM

# ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

## သုံးထပ်ကျောင်းဆောက်ရန် မြေသန့်မင်္ဂလာကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၃**

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၁၁) ရပ်ကွက် သာသနဗျူဟာ မိုးကောင်းကျောင်းတိုက်တွင် ဇန်နဝါရီ ၁၈ရက် နံနက်၉နာရီ မင်္ဂလာချိန်၌ သုံးထပ်ကျောင်းဆောင် တည်ဆောက်ရန် မြေသန့်မင်္ဂလာအခမ်းအနား ကျင်းပရာ ကျောင်းတိုက်ပဓာန နာယကဆရာတော် ဘဒ္ဒန္တကုမာရ နှင့် ဆရာတော် သံဃာတော်များက ရွတ်ဖတ်ပူဇော်ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနားသို့ဝန်ကြီးတက်ရောက် ထူးချွန်ဆုများချီးမြှင့် မူဝါဒလမ်းစဉ်ခုနစ်ရပ်အောင်မြင်ရေး မီဒီယာဖြင့်စည်းရုံးဆောင်ရွက်ရန်မှာကြား

**ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)**

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှိ ပြန်ကြားရေးဝန်ကြီးဌာန ရည်ညွှန်းစာကြည့်တိုက်ကိုကြည့်ရှုစစ်ဆေးစဉ်။**

**(သတင်းစဉ်)**

ရန်ကုန် ဇန်နဝါရီ ၂၃

**ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေး ခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုများချီးမြှင့်သည်။**

အခမ်းအနားသို့ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင် ညွှန်ကြားရေးမှူးများ၊ ပြန်ကြားရေး ဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ စာတည်းမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ စာတည်းမှူးများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) နှင့် ခရိုင်နှင့် မြို့နယ်ရုံးများမှ အရာထမ်း၊ အမှုထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ထူးချွန်အောင်ကြိုးစား

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့သည် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန၏ နှစ်ပတ်လည်နေ့ဖြစ်သကဲ့သို့ ၂၀၀၄ ခုနှစ်၏နှစ်သစ်အစလည်း ဖြစ်ကြောင်း၊ နှစ်ပတ်လည်နေ့နှင့် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားများ ကျင်းပရခြင်းသည် ယေဘုယျအားဖြင့် ရည်ရွယ်ချက်နှစ်မျိုးနှင့် ကျင်းပရခြင်း ဖြစ်ကြောင်း။

ယင်း ရည် ရွယ် ချက် များ မှာ နှစ်ဟောင်းတွင် မိမိဌာနအနေဖြင့် သတ်မှတ်ထားသည့် ရည်မှန်းချက် တာဝန်များကို မည်မျှထိ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်၊ မည်သည့် အားသာချက်၊ အားနည်းချက်များရှိသည် စသည်တို့ကို ပြန်လည်သုံးသပ်ပြီး ယခုနှစ်သစ်တွင် လုပ်ငန်းများပိုမိုတိုးတက်အောင် မည်သို့ဆောင်ရွက်မည်၊ အားနည်းချက်များကို မည်သို့ ပြုပြင်မည် စသည့်အစီအမံများ ချမှတ်ရန်နှင့် မိမိဌာနအတွင်း လုပ်ငန်းတာဝန်များ ထူးခြားအောင်မြင်အောင် ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား အသိအမှတ်ပြုချီးမြှင့်ရန်၊ ထိုသို့ချီးမြှင့်ခြင်းဖြင့် ဝန်ထမ်းများအားလုံး စည်းစည်းလုံးလုံး၊ တက်တက်ကြွကြွဖြင့် ပိုမိုကြိုးစားလာကြစေရန်ဆိုသည့် ရည်ရွယ်ချက်များဖြစ်ကြောင်း၊ သို့ပါ၍ နှစ်ဟောင်းမှ သင်ခန်းစာများ ရယူပြီး ယခုနှစ်တွင် ပိုမိုတိုးတက်အောင်မြင်အောင် ကြိုးစားသွားကြရန်နှင့် ဝန်ထမ်းအားလုံးကလည်း အားလုံး ထူးချွန်အောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

### အောင်မြင်အောင်ဆောင်ရွက်

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်နေသည်ကို အားလုံးမြင်တွေ့ကြရမှာဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်အကြီးအကဲအနေဖြင့် နိုင်ငံတော် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အလေးထား အရှိန်အဟုန်မြှင့် ဆောင်ရွက်ရမည့် အချက်များကိုလည်း လမ်းညွှန်မှာကြားထားပြီးဖြစ်ကြောင်း၊ သို့ပါ၍ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်ရေးအတွက် မိမိတို့၏ Media များဖြင့် စည်းရုံးဆောင်ရွက်ရေး၊ မိမိတို့နှင့်သက်ဆိုင်သည့် စက်မှုနှင့် Media ဆက်သွယ်ရေးပိုင်းများတွင် ပိုမိုတိုးတက်လာအောင် တီထွင်ကြံဆဆောင်ရွက်ရေး၊ နယ်စပ်ဒေသအပါအဝင် တစ်နိုင်ငံလုံး Media Cover ဖြစ်အောင် ဆောင်ရွက်ရေး၊ ပြည်တွင်းသာမက ပြည်ပကိုပါ Media ထိုးဖောက်နိုင်အောင် ဆောင်ရွက်ရေး၊ မိမိတို့၏ Media ကို အစဉ်အမြဲ သွက်လက်ထက်မြက်ပြီး အရည်အသွေး မြင့်မားနေအောင် ဆောင်ရွက်ရေး၊ ဝင်ငွေတိုးတက်ရရှိအောင် ဆောင်ရွက်ရေးနှင့် ခြိုးခြံချွေတာရေး စသည့်လုပ်ငန်းတာဝန် ခုနစ်ရပ်ကို ၂၀၀၄ ခုနှစ်၏ လုပ်ငန်းတာဝန်အဖြစ်ခံယူ၍ အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်ကြရာတွင်လည်း ဝန်ထမ်းများအနေဖြင့် မိမိလုပ်ငန်းကို ကျွမ်းကျင်အောင်လုပ်ရေး၊ စေတနာထား၍ ဆောင်ရွက်ရေး၊ တာဝန်ကျေပွန်ရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ အရာရာတွင် Initiative သုံး၍ ဆောင်ရွက်ရေး၊ ကောင်းသောယှဉ်ပြိုင်မှုစနစ် ကျင့်သုံးဆောင်ရွက်ရေး၊ ခြိုးခြံချွေတာရေး စသည့်အချက်အလက်များနှင့်အညီ ကျင့်သုံးဆောင်ရွက်ကြရန်လိုကြောင်း စသည်ဖြင့် တိုက်တွန်းမှာကြားသွားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စံပြခရိုင်ဆုနှင့် စံပြမြို့နယ်ဆုများ ရရှိသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့အား ဆုချီးမြှင့်ရာ မုံရွာခရိုင်ရုံး ဦးစီးအရာရှိ ဦးတင်သန်းဝင်းနှင့် ယင်းမာပင်မြို့နယ် ဒုတိယဦးစီးမှူး ဒေါ်မြဝင်းကြည်တို့က ဆုများလက်ခံကြသည်။

ဆက်လက်၍ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းက ဆုများချီးမြှင့်ရာ ဆုရရှိသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံး ၄၆ရုံး ကိုယ်စား ရန်ကုန်အနောက်ပိုင်းခရိုင် ဦးစီးအရာရှိ ဦးစိန်တိုးကလည်းကောင်း၊ မြို့နယ်ရုံး ၄၃ရုံး ကိုယ်စား ကြံခင်းမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဦးကျော်ဝင်းကလည်းကောင်း၊ စာပေ၊ အနုပညာ၊ အားကစားနှင့် သင်တန်း ထူးချွန်ဆုရရှိကြသူ ၁၉ ဦးကိုယ်စား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်) ထုတ်လုပ်ရေး ဌာနခွဲမှ ရိုးရာပန်းပညာရှင် (၂) ဦးလှထွဋ်ဦးကလည်းကောင်း၊ ပညာထူးချွန်ဆု၊ အာဆီယံဉာဏ်စမ်းပဟေဠိဆုနှင့် လူမှုထူးချွန်ဆုရရှိကြသူဝန်ထမ်း ၂၃ ဦးကိုယ်စား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) စီမံရေးရာဌာနမှ အငယ်တန်းစာရေး ဒေါ်သီတာကလည်းကောင်း ဆုများ လက်ခံကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ညွှန်ကြားရေးမှူးချုပ်၏ ဂုဏ်ပြုဆုရ ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး ဦးစီးအရာရှိ ဦးအုန်းခိုင်၊ သရက်ခရိုင်ရုံး ဦးစီးအရာရှိ ဦးဝင်းမြိုင်၊ ကြံခင်းမြို့နယ်ရုံး ဒုတိယဦးစီးမှူး ဦးကျော်ဝင်းနှင့် ပုသိမ်ကြီးမြို့နယ်ရုံး ဒုတိယဦးစီးမှူးဒေါ်ညွှန့်ညွှန့်တို့အား ဆုများချီးမြှင့်သည်။

ယင်းနောက်ဆုရရှိကြသည့်ဝန်ထမ်းများကိုယ်စား မုံရွာခရိုင်ရုံး ဦးစီးအရာရှိ ဦးတင်သန်းဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့တက်ရောက်လာကြသည့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှိ ပြန်ကြားရေးဝန်ကြီးဌာန ရည်ညွှန်းစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

## ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၃**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌဖလား ဆောင်းရာသီ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၃၁ ရက်(စနေနေ့) နံနက် ၆နာရီတွင် မြို့တော်ဂေါက်ကွင်း (မြကန်သာ)၌ ရွှေ၊ ငွေ၊ ကြေး အတန်းသုံးတန်းခွဲ၍ ကျင်းပမည်ဖြစ်ရာ ကုန်သည်/စက်မှု အသင်းချုပ်အသင်းဝင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်းနှင့် ဇန်နဝါရီ ၂၇ ရက်အတွင်း ပြိုင်ပွဲဝင်စာရင်းကို အမှတ် (၅၀၄/၅၀၆)ကုန်သည်လမ်း (၃၉လမ်းထောင့်)ရှိ ကုန်သည်/စက်မှု အသင်းချုပ်သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**


ရန်ကုန်တိုင်းအမျိုးသမီးစေတနာအဖွဲ့

**မြန်မာ့ရိုးရာ မုန့်ဈေးရောင်းပွဲတော်**

နေ့ရက် - (၂၅ - ၁ - ၂၀၀၄ ၂၆ - ၁ - ၂၀၀၄)

အချိန် - နံနက် ( ၀၇း၃၀ မှ ၁၀း၀၀ )နာရီ

နေရာ - ပြည်သူ့ဥယျာဉ်

ဖုန်း - ၆၆၇၀ ၂၂၃၃၇၀၅၁၈

## လက်ခံတွေ့ဆုံ နှုတ်ဆက်

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ (၇) ဥက္ကဋ္ဌ ဦးအိုက်မုန်း၊ ဒုတိယဥက္ကဋ္ဌ ဦးညီလုံး တို့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ နှုတ်ဆက်စဉ်။**
**(သတင်းစဉ်)**

✡ *ရှေ့ဖုံးမှ*

တွေ့ဆုံပွဲတွင် တိုင်းရင်းသားခေါင်းဆောင်များက မိမိတို့အဖွဲ့အနေဖြင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ကြိုဆိုထောက်ခံပါကြောင်းနှင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြကြသည်။

**တင်ပြဆွေးနွေး**

ဆက်လက်၍ တိုင်းရင်းသားခေါင်းဆောင်များက မူးယစ်ဆေးဝါးပပျောက်ရေးကို ထိထိရောက်ရောက် ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ဒေသ ဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်က ကူညီပံ့ပိုးပေးရေး တင်ပြဆွေးနွေးကြသည်။ **(သတင်းစဉ်)**

## ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန်စွာဆောင်ရွက်ရေးဝန်ကြီးမှာကြား

**ရန်ကုန် ဇန်နဝါရီ ၂၃**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိလာပြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ခင်းကျင်းပြသထားသည့် ဝန်ကြီးဌာန၏ တိုင်းကျိုးပြည်ပြုပြကွက်များအား လှည့်လည်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက လိုအပ်သည့် ပြင်ဆင်မှုများ အချိန်မီပြီးစီးဆောင်ရွက်သွားရန်နှင့် စစ်ဆေးမှုများ ပြုလုပ်ကြရန် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအား မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ကမ်းနားလမ်းရှိ ဗိုလ်အောင်ကျော်ဆိပ်ကမ်းသို့ သွားရောက်ပြီး ဆိပ်ကမ်းအတွင်းရှိ ပို့ကုန်နှင့်သွင်းကုန်၊ ကုန်သေတ္တာစစ်ဆေးနေမှုများအား ကြည့်ရှုစစ်ဆေးရာ အကောက်ခွန်ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ခင်မောင်လင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန်စွာ ဆောင်ရွက်ရေးတို့ကို မှာကြားသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တရားပွဲများကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၃**

လှိုင်မြို့နယ် (၁၁)ရပ်ကွက် သဟပုညကာရီသံဃာဒါန (ဝါတွင်း၊ဝါပ) တနင်္လာ ဆွမ်းလောင်းအသင်းက ကြီးမှူးကျင်းပသော ဒသမအကြိမ် ဆွမ်းလောင်းအောင်ပွဲနှင့် ဒုတိယအကြိမ် တရားဓမ္မသဘင်ပွဲကြီးကို ရွှေဟင်္သာအားကစားကွင်း(လှိုင်မြို့နယ်)၌ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၂၅ ရက် ညတွင် ရွှေပါရမီတောရ သထုံပထမကျော် ဓမ္မာစရိယ အရှင်ဆန္ဒာဓိက၊ ၂၆ ရက် ညတွင် ဓမ္မာစရိယ B.A,M.A (Sarilanka)Ph.D (Thesis)ကမ္ဘာ့ဌာနာစရိယ ဓမ္မဒူတ အရှင်ပညိသာရ၊၂၇ရက်ညတွင် သီတဂူကြာတစ်ပွင့် ပိဋကတ်တစ်ပုံခွဲဆောင်စစ်ကိုင်းတောင်ရိုး ရွှေကျောင်း ရန်ကင်းရွှေပြည်ဟိန်းကျောင်း ပဓာနနာယကဆရာတော် အရှင်ခေမာသိရီလင်္ကာရ၊ ၂၈ရက် ညတွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ သ–စ–အ ပါဠိပါရဂူ အဂ္ဂမဟာ အကျော် အရှင်သီရိန္ဒာဘိဝံသ (ယောဆရာတော်)၊ ၂၉ ရက်ညတွင် ဓမ္မကထိက ကမ္ဘာ့ဌာနာစရိယ ဓမ္မဒူတ တောရ တောင်စွန်းဓမ္မဒူတ အရှင်ပညာဝရ(ဓမ္မာစရိယ)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ညစဉ် ငါးရက်တိုင်တိုင် ဟောကြားမည်ဖြစ်သည်။ **(က–ပ)**

## အထက(၄)သန်လျင် အာစရိယပူဇော်မည်

**ရန်ကုန် ဇန်နဝါရီ ၂၃**

သန်လျင်မြို့ အထက(၄)တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းနေဖက်များ၏ နဝမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းနေဖက်များ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေများကို ဖုန်း–၀၁–၂၄၃၁၆၁၊ ၂၅၆၆၀၂၊ ၀၅၆–၂၁၂၁၁ နှင့် မဟောသီစတိုး မြို့မဈေးမြောက်ဘက်တန်း သန်လျင်မြို့တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၄–၁–၂၀၀၄ (စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇:၅၅ | ၅။ | စားကြမယ်ဟော့ ကောင်းကောင်း |
| ၈:၀၅ | ၆။ | အဆိုပြိုင်ပွဲ |
| ၈:၁၅ | ၇။ | ရွှေလီတံတား |
| ၈:၃၀ | ၈။ | International News |
| ၈:၄၅ | ၉။ | Grammar Made Easy |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁:၀၀ | ၁။ | စစ်သည်တေး |
| ၁၁:၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁:၃၀ | ၃။ | ပြည်တွင်းသတင်း |
| ၁၁:၄၀ | ၄။ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၂:၀၅ | ၅။ | တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ် |
| ၁၃:၂၀ | ၆။ | နိုင်ငံခြားဇာတ်လမ်းတွဲ **“နက်ရှိုင်းမေတ္တာ”** (အပိုင်း–၉) |
| ၁၃:၅၅ | ၇။ | ယှဉ်ပြိုင်ကာနွဲ့အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ |
| ၁၄:၀၅ | ၈။ | **“ရင်ထဲမှာသာတဲ့လ”** (ဆက်မော်၊နှင်းဝတ်ရည်သောင်း)(ဒါရိုက်တာ–ခင်မောင်ချင်း(ပုလဲရောင်မမှိန်) |
| ၁၄:၂၅ | ၉။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက |
| ၁၄:၃၅ | ၁၀။ | သင်ပုန်းရေလှောင်တမံ |
| ၁၄:၄၅ | ၁၁။ | International News |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး၊စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | English For Everyday Use |
| ၁၆:၄၀ | ၄။ | တေးဂီတအစီအစဉ် |
| ၁၆:၅၀ | ၅။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သိပ္ပံအထူးပြုအားလုံး) [ဓာတုဗေဒ] |
| ၁၇:၀၅ | ၆။ | **“ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ”** (လွင်မိုး၊ မင်းမော်ကွန်း၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ လှအဥ္စလီတင့်၊ ကြည်လဲ့လဲ့ဦး) |
| ၁၇:၂၀ | ၇။ | တေးဂီတအစီအစဉ် |
| ၁၇:၃၅ | ၈။ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၈:၀၀ | ၉။ | တေးဂီတအစီအစဉ် |
| ၁၈:၁၅ | ၁၀။ | စားကြမယ်ဟော့ကောင်းကောင်း |
| ၁၈:၃၀ | ၁၁။ | ညနေခင်းသတင်း |
| ၁၉:၀၀ | ၁၂။ | မိုးလေဝသအခြေအနေ |
| ၁၉:၀၅ | ၁၃။ | Discovery |
| ၁၉:၁၀ | ၁၄။ | နိုင်ငံခြားဇာတ်လမ်းတွဲ **“မိုးမြေဆုံးစေတော့ကွယ်”** (အပိုင်း–၉) |
| ၁၉:၄၅ | ၁၅။ | (၅၉)နှစ်မြောက် တပ်မတော်နေ့ ကဗျာပြိုင်ပွဲအကြောင်း သီကောင်းစရာ (အပိုင်း–၂) |
| ၂၀:၀၀ | ၁၆။ | ပြည်တွင်းသတင်း |
| | ၁၇။ | နိုင်ငံတကာသတင်းများ |
| | ၁၈။ | မိုးလေဝသအခြေအနေ |
| | ၁၉။ | မြန်မာဗီဒီယိုဇာတ်လမ်း **“ဂန္ထဝင်ရင်ခွင်”** (အပိုင်း–၂) (ဒွေး၊ သားညီ၊ စိုးမြတ်သူဇာ) (ဒါရိုက်တာ–မောင်ပြည့်ဝ၊ ပန်းဝေသီ) |

❒ *အီလက်ထရွန်နစ်မှ*

ကွန်ရက်ဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း စသည့်လုပ်ငန်းများနှင့် ကုမ္ပဏီများ ပေါ်ပေါက်လာသည်။

ယခုအခါ မြန်မာနိုင်ငံသည် အီး–အာဆီယံ သဘောတူညီချက်အရ အီလက်ထရွန်နစ်အစိုးရ(e-Government) စီမံကိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယနေ့ခေတ်သည် အီလက်ထရွန်နစ် အင်တာနက်ခေတ်ဖြစ်သည်နှင့်အညီ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အိုင်စီတီသည် တစ်ဟုန်ထိုး ပြောင်းလဲတိုးတက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း အိုင်စီတီဟုခေါ်သော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို အာဆီယံနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အစိုးရ၏ ကူညီပံ့ပိုးမှု၊ ပုဂ္ဂလိကကဏ္ဍများ၏ ပူးပေါင်း ပါဝင်ဆောင်ရွက်မှုတို့ဖြင့် အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ Myanmar World Distribution Co.,Ltd.မှ ရုံး၊ ဌာန၊ အဖွဲ့အစည်းတွင်းသုံး အီလက်ထရွန်နစ် နည်းပညာဆိုင်ရာ သတင်းအချက်အလက် စီမံခန့်ခွဲ အုပ်ချုပ်မှုစနစ်ဖြစ်သော Kinetic Enterprise Portal သည် မြန်မာနိုင်ငံ၏ အိုင်စီတီခေတ်ကို များစွာ အထောက်အကူပြုမည့် e-Government Initiativerress တစ်ခု ဖြစ်သည်။

အင်တာနက်သုံး ဝက်ဘ်စနစ်တစ်ခုကို အိုင်တီလောကတွင် Portal ဟုခေါ်ဆိုလေ့ရှိပြီး Myanmar World Distribution Co.,Ltd.(MWD)၏ Portalတွင် ရုံး၊ဌာန၊အဖွဲ့အစည်းများအတွက် ဌာနတွင်းသုံး သတင်းအချက်အလက်များ၊ ရုံးလုပ်ငန်းဆိုင်ရာများ၊ ကြေညာချက်များ၊ အမိန့်စာများ၊ ပေးစာပြန်စာများ၊ ဝန်ထမ်းရေးရာအချက်အလက်များကို တစ်စုတစ်စည်းတည်း စုစည်းပေါင်းစပ်ပေးထားသည့် Application တစ်ခုဖြစ်သဖြင့် စီမံခန့်ခွဲသူများသည် ဘက်စုံထောင့်စုံမှ မိမိဌာနတွင်း အခြေအနေကို ကွန်ပျူတာပေါ်မှ ရယူသုံးသပ်နိုင်မည့် စနစ်ဖြစ်သည်။

အနာဂတ်မျိုးဆက်သစ်များအတွက် သယ်ဆောင်၍ သွားနိုင်သော ခရီးဆောင် စက်ကိရိယာ Notebook Computer များ၊ Pocket Computer များ၊ PDA များ၊ Hand Phone များတွင် လည်း သတင်းအချက်အလက်များ တစ်စုတစ်စည်းတည်း စုစည်းထုတ်ယူနိုင်ရန် တီထွင်ထားသည်။

ယင်း ရုံး၊ဌာန၊အဖွဲ့အစည်းအတွင်းသုံး အီလက်ထရွန်နစ် သတင်းအချက်အလက် စီမံခန့်ခွဲအုပ်ချုပ်မှုဆိုင်ရာ Kinetic Enterprise portalသည် မြန်မာနိုင်ငံ၏ အိုင်တီလုပ်ငန်းတွင် ပထမဆုံးသော စွမ်းဆောင်ရည်

**Hp Ipaq Pocket PC အိတ်ဆောင်ကွန်ပျူတာ။**
**ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)**

အမြင့်မားဆုံး၊ လုံခြုံစိတ်ချရဆုံး၊ သုံးစွဲရ အလွယ်ကူဆုံးသော စနစ်တစ်ခု ဖြစ်သည်။

Kinetic Enterprise portal ၏ထူးခြားချက်မှာ ပထဝီအနေအထား အလှမ်းကွာဝေးသော Branch, office, section များနှင့် တယ်လီဖုန်းလမ်းညွှန်မှ ရှာဖွေဆက်သွယ်သကဲ့သို့ ဆက်သွယ်ညွှန်ကြားနိုင်ခြင်းဖြစ်သည်။

Myanmar World Distribution Co., Ltd. သည် e-Government ဖွံ့ဖြိုးရေးအတွက် Government management solution များကို Software application module များအဖြစ် ရေးသား ထုတ်လုပ်နေသည်။ e-Government ၏ သဘောသဘာဝမှာ ရှေးဦးစွာ သက်ဆိုင်ရာ အဖွဲ့အစည်းအတွင်း ကွန်ရက်စနစ် ထူထောင်ပြီး အခြားသော အစိုးရအဖွဲ့အစည်းများဖြင့် ချိတ်ဆက်၍ ပြည်သူလူထု တစ်ရပ်လုံးအတွက် လိုအပ်သည့် အခြေခံသတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများပေးနိုင်ရန်ဖြစ်သည်။

မြန်မာနိုင်ငံ၏ သတင်းအချက်အလက်နှင့်နည်းပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များသည် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှု၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၏ ကြိုးပမ်းမှုကြောင့် အချိန်တိုကာလအတွင်း အောင်မြင်မှုများရရှိနေပြီဖြစ်သည်။ အိုင်စီတီနှင့်ပတ်သက်ပြီး အာဆီယံနိုင်ငံများနှင့်တစ်ပြေးညီအမီလိုက်နိုင်ရန် အရှိန်အဟုန်ဖြင့်ကြိုးပမ်းနေသည်။ မြန်မာ့လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုကလည်း အားရဖွယ်ကောင်းသည်။ နိုင်ငံတော်၏ ပံ့ပိုးကူညီမှုကိုခံယူရင်း ပုဂ္ဂလိကအဖွဲ့အစည်းများ မလျှော့သော လုံ့လဖြင့် ဆက်လက်ကြိုးစားသွားမည်ဆိုပါက အာဆီယံနိုင်ငံများအတွင်း အိုင်စီတီပညာရပ်များတွင် ရှေ့တန်းရောက်နေသော နိုင်ငံများနည်းတူ မြန်မာနိုင်ငံလည်း ပါဝင်လာမည်မှာ အသေအချာပင် ဖြစ်ပေသည်။ **။(မြန်မာ့အလင်း)**

**Myanmar World ပြခန်းတွင် ပြသထားသည့်နောက်ဆုံးပေါ် Hp Branded PC ကွန်ပျူတာ။**
**ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)**

**Myanmar Worldပြခန်းတွင် ပြသထားသည့်နောက်ဆုံးပေါ် PTA နှင့် Notebook ပေါင်းစပ်ထားသော Compaq Tabld PC ကွန်ပျူတာ။**
**ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)**

## စီးပွားကူးသန်း ရှေ့သို့လှမ်း

## (၁၈၁)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲ ဖေဖော်ဝါရီ ၁ ရက်တည်း အပြီးဖွင့်လှစ်မည်

**ရန်ကုန် ဇန်နဝါရီ ၂၃**

(၁၈၁)ကြိမ်မြောက် ငွေကျပ် ၅၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက်တွင် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက်၉ နာရီမှစတင်၍ တစ်ရက်တည်းဖြင့် အပြီး ဖွင့်လှစ်မည်ဖြစ်သည်။

ငွေကျပ် ၅၀ တန်ထီ (၁၈၁)ကြိမ်မြောက်တွင် အက္ခရာ ၃၆ လုံး၊ ထီစာအုပ် ၂၈၄၅၄၄၈ အုပ်ကို ထီထိုးသူများ ကံစမ်းနိုင်စေရန်အတွက် ထုတ်ဝေရောင်းချခဲ့ရာ ကုန်စင်အောင် ရောင်းချခဲ့ရသဖြင့် ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၃၀၀ ဆု တစ်ဆု၊ ငွေကျပ်သိန်း ၅၀ ဆု ၂၈ ဆု၊ ငွေကျပ် ၂၅ သိန်းဆု ၁၂ ဆု၊ ငွေကျပ် ခြောက်သိန်းဆု ၆၆၅ ဆု၊ ငွေကျပ် ငါးသိန်းဆု နှစ်ဆု၊ ငွေကျပ် လေးသိန်းဆု လေးဆု၊ ငွေကျပ် နှစ်သိန်းဆု ၁၅ ဆု၊ ငွေကျပ် တစ်သိန်းဆု ၁၇၁ ဆု၊ ငွေကျပ် ရှစ်သောင်းဆု ၂၄ ဆု၊ ငွေကျပ် ငါးသောင်း ဆု ၁၇၁၀ ဆု၊ ငွေကျပ် လေးသောင်းဆု ၄၆ ဆု၊ ငွေကျပ် နှစ်သောင်းဆု ၃၃၃ ဆု၊ ငွေကျပ် တစ်သောင်းဆု ၁၇၁၀၀ ဆု၊ စုစုပေါင်း ၂၀၁၁၂ ဆုဖြစ်သည်။

ယခု (၁၈၁)ကြိမ်မြောက် ငွေကျပ် ၅၀ တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ဖေဖော်ဝါရီ ၆ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး ဆုငွေကျပ် ငါးသိန်းနှင့်အောက် ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတွင် လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဆွမ်းသိမ်းအောင်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၃**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၇)ရပ်ကွက်မှ ခုနစ်ရက်သားသမီးများ ဦးစီးသော အင်္ဂါလူငယ်သက်သတ်လွတ်ဆွမ်းလောင်းအဖွဲ့၏ တတိယအကြိမ်မဟာဒုက်ဘုရားပွဲနှင့် (၁၅)ကြိမ်မြောက် ဆွမ်းသိမ်းအောင်ပွဲကို ဇန်နဝါရီ ၁၈ရက်(တနင်္ဂနွေနေ့)ညနေ ၃ နာရီက လိပ်ကန်လမ်းနှင့် ဦးဝိစ္ဆာလမ်းထောင့်ရှိအင်္ဂါလူငယ်ဆွမ်းလောင်းအဖွဲ့မဏ္ဍပ်၌ ကျင်းပရာ ဘုရားအမှူးထား၍ ပင့်သံဃာ ၁၁၅ ပါးအား ဆွမ်းဆန်စိမ်းနှင့် စာရေးတံမဲများလောင်းလှူ၍ မြို့နယ်သံဃနာယကဥက္ကဋ္ဌအဖွဲ့ကိုယ်စား ပညာလင်္ကာရကျောင်းတိုက်ဆရာတော်မှ လှူဒါန်းမှုအစုစုအတွက် ရေစက်ချ တရားချီးမြှင့်ပြီး တတိယအကြိမ်မြောက် မဟာဒုက်ဘုရားပွဲကို ည ၇ နာရီ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(က–ပ)**

## အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်မည်

**ရန်ကုန် ဇန်နဝါရီ ၂၃**

ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် ငါးဆူကုန်းကျောင်းဆရာတော် ဦးဇောတိကနှင့် ဆုတောင်းပြည့်ကြီးငါးကြီး ဂေါပကအဖွဲ့က ကြီးမှူး၍ အသံမစဲ မဟာပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်ပူဇော်ပွဲကို တပို့တွဲလဆန်း ၉ရက်မှ တပို့တွဲလပြည့်နေ့အထိ ခုနစ်ရက်တိုင်တိုင် အဆိုပါ ဆုတောင်းပြည့်ကြီးငါးကြီး ရင်ပြင်၌ ကျင်းပမည်ဟု သိရသည်။

(က-ပ)

**သားငါးဖွံ့ဖြိုး ပြည်အကျိုး**

# သတင်းအချက်အလက် နည်းပညာသမိုင်းကြောင်း လေ့လာသုံးသပ်ချက်

**(ယမန်နေ့ကအဆက်)**

### ICT Award

ICT Industry ဖွံ့ဖြိုးတိုးတက်စေရန်လည်းကောင်း၊ တီထွင်ဖန်တီးမှုများအား အားပေးချီးမြှောက်ရန် အတွက်လည်းကောင်း၊ Industryအတွင်းရှိ Companyများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ပေါ်လာစေရန်လည်းကောင်း၊ ယင်းပြိုင်ပွဲမှတစ်ဆင့် နိုင်ငံတကာပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည့်အတွက် နိုင်ငံတကာအတွေ့အကြုံနှင့် အဆက်အသွယ်အခွင့်အလမ်းများ ပိုမိုရရှိစေရန်လည်းကောင်း ရည်ရွယ်လျက် ICT Award ဆုချီးမြှင့်ခြင်းအခမ်းအနားကို ၂၀၀၂ ခုနှစ်တွင် ပထမအကြိမ်နှင့် ၂၀၀၃ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် ကျင်းပနိုင်ခဲ့ပါသည်။

Education, Health. Security,e-Grovernment, Industrial Application, Business, e-Commerce, Tourism, Communication Application, Entertainment Application, Student Project စသဖြင့်ကဏ္ဍ ၁၁ရပ်တွင် ယှဉ်ပြိုင်ခဲ့စေရာ ပထမအကြိမ်တွင် ကျောင်းသားအဆင့် ၈၆ ဦး၊ ပညာရှင်အဆင့် ၂၈ ဦး စုစုပေါင်းပြိုင်ပွဲဝင် ၁၁၄ ဦးနှင့် ဒုတိယအကြိမ်တွင် ပညာရှင်အဆင့်ပြိုင်ပွဲဝင် ၂၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။

တစ်နှစ်ထက်တစ်နှစ် ဝင်ရောက်ယှဉ်ပြိုင်သူ များပြားလာသကဲ့သို့ Product အရည်အသွေးများပါ တိုးတက်လာသည်ကိုတွေ့ရှိရပြီး ပထမပြိုင်ပွဲတွင် ကဏ္ဍငါးခုအတွက် ဆုခြောက်ခုချီးမြှင့်နိုင်ခဲ့ပြီး ဒုတိယပြိုင်ပွဲတွင် ကဏ္ဍလေးခုအတွက် ဆုငါးခု ချီးမြှင့်နိုင်ခဲ့ပါသည်။

ယင်းမှတစ်ဆင့် မလေးရှားနိုင်ငံနှင့်ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သော တတိယနှင့် စတုတ္ထအကြိမ်မြောက် (APICTA) Asian Pacific ICT Awardပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်စေခဲ့ရာ အထူးဆုတစ်ဆုစီ ရရှိခဲ့ပါသည်။

### ဟောပြောပွဲနှင့်ဆွေးနွေးပွဲများ

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် အသင်းများသည် နည်းပညာကူးပြောင်းရောက်ရှိရေးနှင့် ITနည်းပညာဖြန့်ဖြူးရေး (Technology Transfer & IT Knowledge Distribution )ကိုအရှိန်အဟုန်ဖြင့် ပြောင်းလဲနေသော နည်းပညာနှင့် လိုက်လျောညီထွေ လုပ်ဆောင်နိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၏ ထောက်ပံ့မှု၊ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ပြပွဲများ၊ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများကို စဉ်ဆက်မပြတ် ပြုလုပ်ခဲ့ပါသည်။

MICT Park ဖွင့်လှစ်ပြီးသည့် ၂၀၀၂ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ICTဆိုင်ရာ Workshop, Seminar, Forum, Training ပေါင်း ၁၇၁ ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး လူပေါင်း ၁၄၀၀၀နီးပါး တက်ရောက်ခဲ့သည့်အတွက် ယခုနှစ်အတွင်း နှစ်ဆနီးပါး တိုးတက်ဆောင်ရွက်နိုင်ခဲ့ပါသည်။

### ပညာသင်ဆုများ

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်သည် Technology Transfer ကို စဉ်ဆက်မပြတ် ပြုလုပ်နိုင်ရေးအတွက် နိုင်ငံခြားအစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အထောက်အပံ့ဖြင့် နိုင်ငံခြားပညာတော်သင်များ စေလွှတ်နိုင်ရေးကို ဦးစားပေးလုပ်ငန်းတစ်ရပ်တစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

၁။ **CICC**

(က) ၁၉၉၈ ခုနှစ်မှစ၍ CICC အစီအစဉ်အရ ဂျပန်နိုင်ငံသို့ ပညာတော်သင် စုစုပေါင်း ၂၁ ဦး ရွေးချယ်စေလွှတ်ခဲ့ပြီးဖြစ်ပါသည်။

(ခ) ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်တွင် ပညာတော်သင် ခုနစ်ဦး စေလွှတ်ခဲ့ပြီး ဖြစ်ပါသည်။

(ဂ) ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ၁၂ဦး စေလွှတ်ရန် ရွေးချယ်တင်ပြထားပြီး ဖြစ်ပါသည်။

၂။ **AOTS**

(က) ၁၉၉၈ ခုနှစ်မှစ၍ AOTS အစီအစဉ်အရ ဂျပန်နိုင်ငံသို့ ပညာတော်သင်စုစုပေါင်း ၁၅ဦး ရွေးချယ်စေလွှတ်ခဲ့ပြီး ဖြစ်ပါသည်။

(ခ) ၂၀၀၂-၂၀၀၃ ခုနှစ်အတွင်း ပညာတော်သင် ၂၀ဦး ရွေးချယ်စေလွှတ်ခဲ့ပြီးဖြစ်ပါသည်။

၃။ **အခြားအစီအစဉ်များ**

**AOTS** အစီအစဉ်အရ On Jop Training (OJT)ကို ၂၀၀၂ခုနှစ်တွင် ဂျပန်နိုင်ငံသို့ ပညာတော်သင် ခုနစ်ဦး ရွေးချယ်စေလွှတ်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ပညာတော်သင်ခြောက်ဦး ရွေးချယ်ထားပြီးဖြစ်ပါသည်။

၁၉၉၈ ခုနှစ်မှစ၍ အိန္ဒိယနိုင်ငံသို့ ပညာတော်သင် စုစုပေါင်း ၁၇ ဦး ရွေးချယ်စေလွှတ်ခဲ့ပါသည်။ အိန္ဒိယနိုင်ငံတွင် India Technical and Economic Cooperation Programme (ITEC)အတွက် ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်တွင် ပညာတော်သင် ၁၇ဦး ရွေးချယ်စေလွှတ်ခဲ့ပါသည်။

### Exam များ

ICT ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံ (Infrastructure )နှင့် ICT လူ့စွမ်းအားအရင်းအမြစ် (Human Resource Development) တို့ကိုဟန်ချက်ညီညီ ဖြည့်ဆည်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်သင်ကြားရုံမျှမကဘဲ ပြည်တွင်းနှင့်နိုင်ငံတကာ စနစ်များနှင့်အညီ အဆင့်မီအောင် မွေးထုတ်ပေးရန်မှာလည်း လွန်စွာအရေးကြီးလှပေသည်။

သို့အတွက် MCSA ICT Professional Exam (မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ICT အသက်မွေးဝမ်းကျောင်း ပညာရှင်စာမေးပွဲ)နှင့် Japan-Myanmar Cross Certification Exam (ဂျပန်-မြန်မာ အပြန်အလှန် အသိအမှတ်ပြုစာမေးပွဲ)တို့ကို စနစ်တကျစစ်ဆေးလျက်ရှိပေသည်။

**အောင်**

**(မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း)**

ပထမဦးဆုံးကျင်းပသော စာမေးပွဲတွင် မြန်မာနိုင်ငံမှ ၁၃၂ ဦးဖြေဆိုရာ ငါးဦးအောင်မြင်ခဲ့သည်။ ယခု ဒုတိယအကြိမ်တွင် ၁၈၀ ကျော် ဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်စာရင်းစောင့်ဆိုင်းဆဲဖြစ်သည်။ ယင်းစာမေးပွဲများမှာ ဂျပန်နိုင်ငံတွင် ၁၀ ရာခိုင်နှုန်းသာ အမြင့်ဆုံးအောင်မြင်ကြကြောင်း သိရှိရသည်။

### e-Learning Center

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်သည် ITပညာရှင်များ မွေးထုတ်နိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီ ကွန်ပျူတာသင်တန်းများကို ပြုလုပ်နိုင်ရန် AOTSနှင့်ပူးပေါင်းဆောင်ရွက်ပြီး Myanmar Japan e-Learning Center တစ်ခုကို MICT Park တွင် တည်ထောင်ခဲ့၍ ၁၉-၁၀-၂၀၀၂ ရက်တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။ ယင်း e-Learning Center တွင် ဂျပန်နိုင်ငံမှ ကွန်ပျူတာအလုံး ၁၃၀ ပေးပို့ခဲ့ပြီး AOTS အစီအစဉ်ဖြင့် ITသင်တန်းများကို ဂျပန်၊ စင်ကာပူနှင့် သီရိလင်္ကာနိုင်ငံမှ ပညာရှင်များ လာရောက်ပို့ချပေးခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါကွန်ပျူတာများနှင့် ဆက်စပ်ပစ္စည်းအားလုံးတို့ကို မြန်မာနိုင်ငံအီးအမျိုးသားအဆင့် လုပ်ငန်းအဖွဲ့နှင့်ဂျပန်နိုင်ငံစီးပွားရေးနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန (METI) တို့ နားလည်မှု စာချွန်လွှာအရ ဂျပန်နိုင်ငံ The Association of Overseas Technical Scholarship (AOTS) မှ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်သို့ ပေးပို့လှူဒါန်းခဲ့ခြင်းဖြစ်ပါသည်။

၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် Myanmar Economic and Management Institute (MEMI) တို့ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ MICT Park ဒုတိယအထပ်၊ အခန်းအမှတ်(၂၀၂)တွင် ICT Professional သင်တန်းအတွက် Multimedia PC ၃၀ လုံးနှင့်ဆက်စပ်ပစ္စည်းများကို တပ်ဆင်အသုံးပြုခဲ့ပါသည်။

မြန်မာ-ဂျပန် e-Learning Center သင်တန်းများအတွက် User ပေါင်း ၂၅၀ အထိ သုံးနိုင်သော Internet Connection ကို Bagan Cybertech မှ ပံ့ပိုးကူညီပေးခဲ့ပြီး ဖြစ်ပါသည်။

### Resource Center

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သည် Information Technology ဖွံ့ဖြိုးတိုးတက်ရေးနှင့် ITပညာရှင်များ၊ လေ့လာဆည်းပူးနိုင်ရန်အတွက် Resource Center တစ်ခု ထူထောင်ခဲ့ပြီး ကွန်ပျူတာပညာဆိုင်ရာ စာအုပ်စာတမ်းများ၊ CDများ၊ ကွန်ပျူတာများထားရှိလျက် Internetကြည့်ရှုနိုင်သည် အထိ ဆောင်ရွက်ပေးလျက်ရှိပါသည်။

Resource Center ကို MICT Park ၏ Main Building အပေါ်ဆုံးထပ်တွင် ဖွင့်လှစ်ထားရှိပြီး စာအုပ်စာတမ်းများ၊ CD များ ငှားရမ်းဖတ်ရှုနိုင်ရုံသာမက လစဉ်ထုတ်နိုင်ငံတကာမှ ICT ဆိုင်ရာမဂ္ဂဇင်းများ၊ Online Reference Siteများ ပညာရပ်ဆိုင်ရာ၊ ဘာသာရပ်ဆိုင်ရာ Referenceများ အစရှိသဖြင့် စုံလင်စွာကြည့်ရှု၍ လေ့လာနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

### IT Caravan

ပြည်သူလူထုများ ICT ဆိုင်ရာ Awareness ရရှိစေရန်ရည်ရွယ်ပြီး IT Caravan ခရီးစဉ် (နယ်လှည့်ကွန်ပျူတာဟောပြောပွဲနှင့် သရုပ်ပြပွဲ) အစီအစဉ်ကို ၂၀၀၃ ခုနှစ် ဇန်နဝါရီလတွင် တစ်ကြိမ်၊ ၂၀၀၃ ခုနှစ် အောက်တိုဘာလတွင်တစ်ကြိမ် နှစ်ကြိမ်တိုင်တိုင် ပြုလုပ်ခဲ့ပြီးဖြစ်သည်။

ပထမအကြိမ်တွင် ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းများသို့ နှစ်ပတ်ကြာနှင့်ဒုတိယအကြိမ်တွင် ဧရာဝတီတိုင်း ခြောက်မြို့နယ်သို့ တစ်ပတ်ကြာ လှည့်လည်ပြီး ဟောပြောပွဲများ၊ အင်တာနက်နှင့် လက်တွေ့အသုံးချမှုဆိုင်ရာ သရုပ်ပြပွဲများကို ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံတွင် ကွန်ပျူတာအသင်းချုပ်က ကမကထပြုလုပ်ပြီး မြန်မာနိုင်ငံကွန်ပျူတာ ဝါသနာရှင်အသင်း၏ အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော IT Caravan ခရီးစဉ်အား Bagan Cybertech နှင့် အခြားသော ICT ကုမ္ပဏီများမှ အကူအညီများစွာပေးခဲ့ကြသည်။

ဤအစီအစဉ်များစွာ အောင်မြင်ပြီး အကျိုးကျေးဇူးရှိစေသည့်အတွက် နိုင်ငံတော်က မော်တော်ကားနှစ်စီးနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ရန် စီစဉ်လျက်ရှိသည်။ နောင်တွင် တိုင်းနှင့်ပြည်နယ်များအလိုက် စီစဉ်ထားရှိပြီး အစဉ်အဆက်မပြတ် ဆောင်ရွက်သွားရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

### Budget PC

ICTဖွံ့ဖြိုးတိုးတက်ရန် ကျောင်းသား ကျောင်းသူများအပါအဝင် ပြည်သူတစ်ရပ်လုံး Awareness များရရှိရန်၊ Internet ကို လက်လှမ်းမီရုံသာမက ICTဆိုင်ရာလုပ်ငန်းများ လက်တွေ့လုပ်ကိုင်နိုင်ရန်အတွက် ကွန်ပျူတာများအား ဈေးသက်သာစွာ အသုံးပြုနိုင်ရန်မှာလည်း အရေးကြီးလှပေသည်။

သို့အတွက် ခေတ်ပေါ်ကွန်ပျူတာများအား ဈေးနှုန်းသက်သာစွာ ဝယ်ယူရရှိရေးအတွက် Budget PC Project ကို MICTDC က အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။

ယင်း Project အရ ပြည်သူလူထုအား ကွန်ပျူတာတစ်လုံးကို ယခုပေါက်ဈေးထက်ဝက်မှ သုံးပုံနှစ်ပုံသောဈေးနှုန်းဖြင့် ရောင်းချနိုင်မည်ဖြစ်ပါသည်။

### Master Plan

ICT Master Plan 2010 ကို ရေးဆွဲခဲ့ပြီး မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးကောင်းစီသို့ တင်ပြထားပြီးဖြစ်သည်။ Master Plan ကို အကောင်အထည်ဖော်နိုင်ရန်အတွက် Action Plan အသေးစိတ်စီမံချက်များကို ရေးဆွဲလျက်ရှိပါသည်။

### နိဂုံး

(၁၉)ကြိမ်မြောက် ASOCIO ထိပ်သီးအစည်းအဝေးနှင့် အထွေထွေညီလာခံကို ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့မှ ၃၀ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပခဲ့သည်။ ယင်းထိပ်သီးအစည်းအဝေးနှင့် အထွေထွေညီလာခံတွင် ၂၀၀၃ခုနှစ်အတွက် ASOCIO ICT Award-2003 အနေဖြင့် လူပုဂ္ဂိုလ်ဆုကို ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ချီးမြှင့်ခဲ့ပြီး အဖွဲ့အစည်းအနေဖြင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (MCF)အား ချီးမြှင့်ခဲ့သည်။ Asian Oceanian Computing Industry Organization (ASOCIO)သည် မြန်မာနိုင်ငံအပါအဝင် အာရှပစိဖိတ်ဒေသဆိုင်ရာ နိုင်ငံပေါင်း ၂၃ နိုင်ငံမှ Computer Industry အသင်းများဖြင့် ဖွဲ့စည်းထားပြီး ICT ကုမ္ပဏီပေါင်း တစ်သောင်းကျော် ကိုယ်စားပြုပါဝင်သည်။ISOCIOသည် ICTလုပ်ငန်းဆိုင်ရာ ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများမှ Government ICT Industry နှင့် Community တို့အကြား ပူးပေါင်းဆောင်ရွက်မှုများကို ဖော်ဆောင်ပေးလျက်ရှိသည်။

၂၀၀၃ခုနှစ်တွင် ချီးမြှင့်သည့် ASOCIO ICT Award ဆုများတွင် မြန်မာနိုင်ငံအနေဖြင့် လူပုဂ္ဂိုလ်ဆုနှင့်အဖွဲ့အစည်းဆုနှစ်ဆုရရှိခဲ့သည်မှာ များစွာဂုဏ်ယူဖွယ်ရာ ကောင်းလှပါသည်။ဤအခြေအနေက မြန်မာနိုင်ငံ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) ရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတွင် နောက်ကျမကျန်ရစ်စေရန် နိုင်ငံတော်အစိုးရနှင့် ကွန်ပျူတာပညာရှင်များ ကြိုးပမ်းအားထုတ်မှုတစ်ရပ်၏ ရလဒ်ပင်ဖြစ်သည်ဟုဆိုရပေမည်။

မြန်မာနိုင်ငံ၏ သတင်းအချက်အလက်နှင့် နည်းပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ချက်များ၊ ဖြစ်ထွန်းမှု၊အောင်မြင်မှုများကို ကြည့်ခြင်းအားဖြင့် အချိန်တိုကာလအတွင်း မြန်မာနိုင်ငံ၏ ICT သည် အိမ်နီးနားချင်းနိုင်ငံများနှင့်အတူအမီလိုက်နိုင်ရန် အရှိန်အဟုန်ကောင်းများ ရရှိနေပြီဟု ဆိုရပေမည်။

ယနေ့မြန်မာလူငယ်များသည် ဉာဏ်ရည်ထက်မြက်သူများဖြစ်ကြရာ နိုင်ငံတော်အစိုးရ၏ မြေတောင်မြှောက်ပေးမှုကိုခံယူရင်း မလျှော့သောလုံ့လဖြင့် ကြိုးစားအားထုတ်သွားပါက အာဆီယံနိုင်ငံများအတွင်း ICTပညာရပ်တွင် ရှေ့တန်း ရောက်နေသည့် နိုင်ငံများနှင့်အတူ မြန်မာနိုင်ငံလည်းပါဝင်လာမည်မှာသေချာပါသည်။ ။

# မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာပြပွဲ တတိယနေ့အဖြစ်ဆက်လက်ပြသရာလေ့လာသူများဖြင့်အထူးစည်ကား

ရန်ကုန် ဇန်နဝါရီ ၂၃

**တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ ပြပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ MICT Park၌ တတိယနေ့အဖြစ် ယနေ့ဆက်လက်ကျင်းပသည်။ ပြပွဲသို့ နံနက်ပိုင်းတွင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း လာရောက်ကြည့်ရှုအားပေးပြီး Internet နှင့် ITပညာရပ်ကို စိတ်ဝင်စားကြသောလူငယ်များ၊ ကျောင်းသား ကျောင်းသူ များ၊ ဝန်ထမ်းများသည် တစ်ဦးချင်းရော၊ ကျောင်းအလိုက်၊ အစုအဖွဲ့အလိုက်ပါ လာရောက်လေ့လာကြရာ လေ့လာကြသူများဖြင့်စည်ကားလျက်ရှိသည်။ Clint Focus Technology Groupသည် Epson Productများကို မြန်မာနိုင်ငံ၌ တင်သွင်းဖြန့်ချိလျက်ရှိသည့် Authorized Distributorဖြစ်ပြီး အဆိုပါကုမ္ပဏီ ပြခန်းတွင် Epson Printer Model မျိုးစုံ၊ Scanner များ၊ ဈေးကွက်တွင်းသို့ အသစ်ရောက်လာသည့် Epson (3 in 1) Printer များနှင့် Digital Camera နှင့် တွဲသုံးနိုင်သည့်ဓာတ်ပုံများကို အဓိကထားထုတ်သော Epson Photo Printer များကို ပြသထားသည်။**

(3 in 1) Printer များကို Copierအနေဖြင့် လည်းကောင်း၊ Scanner အနေဖြင့် လည်းကောင်း၊ Printer အနေဖြင့် လည်းကောင်း အသုံးပြုနိုင်ပြီး နှစ်နှစ်အာမခံပေးသည်။ ယခုအသုံးပြုနေသည့် Inkjet Printer များတွင် အသုံးပြုသည့် မင်များသည် ရေစိုခံမင်အမျိုးအစားဖြစ်ပြီး အရောင်လေးရောင် အသုံးပြုနိုင်ကြောင်း သိရှိရသည်။

Youth Computer Co., Ltd.ပြခန်းတွင် မြန်မာ့တူရိယာသံများ ဂီတကိုစိတ်ဝင်စားသော မြန်မာလူငယ်များနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် Post Production နှင့်ပတ်သက်သည့် လုပ်ငန်းနယ်ပယ် အသီးသီးတို့၌ လိုအပ်ပါက အခက်အခဲမရှိ အသုံးပြုနိုင်ရန်၊ နိုင်ငံတကာ ဂီတပညာရှင်များအား မြန်မာ့တူရိယာ သံများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ရည်ရွယ်လျက် မြန်မာ့တူရိယာအသံ များကို ဖမ်းယူပြီး အသင့် စီစဉ် တည်းဖြတ်ကာ One Shot သံများ အဖြစ် ပြုလုပ်ထားသော CDများကို သရုပ်ပြရှင်းလင်းထားပြီး မြန်မာ့ ဆိုင်းဝိုင်း၊ ဗုံ၊ မောင်း၊ လင်းကွင်း၊ ခြူ၊ ကြေးစည်နှင့် ဝါးလက်ခုပ်သံ များကို ကွန်ပျူတာဖြင့် လက်တွေ့ တီးခတ်ပြသသည်။ ယခု ခေတ်ပေါ် တေးဂီတ တစ်ဝိုင်းလုံးကို ကွန်ပျူတာ ဖြင့်တီးခတ်နိုင်သည့်အပြင် မြန်မာ့ တူရိယာများကိုပါ ကွန်ပျူတာဖြင့် Sequence လုပ်ခြင်း၊ Liveတီးကာ အသံဖမ်းခြင်း၊ ကွန်ပျူတာဖြင့် အသံ များကို တည်းဖြတ်ခြင်းတို့ ပြုလုပ် နိုင်သည့် နည်းပညာပေးသင်တန်း များကို ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။ ထို့အပြင် စာအုပ်စာတမ်းများ၊ CD များကိုလည်း သင်တန်းမတက်နိုင်သူ များအတွက် ရောင်းချပေးလျက်ရှိပြီး ကွန်ပျူတာ သင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

Myanmar World Distribution Co., Ltd. က Networking and Technology Planning၊ Network Attached Storage (NAS) and Data Backup Solution ၊ Network Management and Security၊ 64 bit Enterprise Computing and RDBMS Solution၊ System Integration၊ Video and Voice Management Solution နှင့် Open Source Solution စသည့် ITပိုင်းဆိုင်ရာ ဝန်ဆောင်မှုများဆောင်ရွက်ပေး လျက်ရှိသည့် အပြင် e-Government Application Modules၊ e-Learning၊ Agriculture Integrated Management System၊ e-Commerce and Distribution Management System၊ Interactive Multilingual Portal၊ Virtual Office နှင့် Enterprise Protal စသည့် Softwareများကို အဆိုပါ ကုမ္ပဏီမှ ထုတ်လုပ်ကာ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချခြင်း၊ တပ်ဆင်ပေးခြင်းနှင့် ကွန်ရက်များ ထူထောင်ပေးခြင်း စသည့် ဝန်ဆောင်မှုများ ဆောင်ရွက် ပေးလျက်ရှိသည်။

Myanmar Information Technology Pte., Ltd. ပြခန်းတွင် ICT နည်းပညာ၏ တိုးတက်မှုကို လေ့လာကြည့်ရှုနိုင်ရန် e-Health Applicationကိုပြသထားသည်။ e-Health Application သည် Medical in Health Technology၊ Tele Consulting Technology၊ Human Machine Interface နှင့် IT ကို ပူးပေါင်းပြီး ရေးသားတီထွင် ထုတ်လုပ်ထားခြင်း ဖြစ်သည်။ e-Health Application ကို အသုံးပြုခြင်းဖြင့် ဝေးလံ သီခေါင်သောနေရာများရှိ ပြည်သူ များထံ ဆေးပညာဆိုင်ရာ ကျွမ်းကျင် ပညာရှင်များ၏ အကြံဉာဏ်များ အလွယ်တကူရောက်ရှိစေနိုင်သည်။ အဆိုပါနည်းပညာကို MIT နှင့် World Care Health (Malaysia) Co; တို့ ပူးပေါင်းပြီး e-Health Application ကို သုတေသနပြုလုပ် ကာ တီထွင်ရေးသားထားခြင်း ဖြစ် သည်။ ကုမ္ပဏီအနေဖြင့် စာရင်း ကိုင်စနစ် (Biz Acc XP)၊ အရောင်း ထိန်း စနစ်(Multi POS)၊ ဟိုတယ် စီမံခန့်ခွဲမှုစနစ်(Hotelia)၊ လက်တွေ့ သုံး လုံခြုံရေးစနစ်၊ Attendance Control စနစ်နှင့်Software များကို ရေးဆွဲလျက် ဝန်ဆောင်မှုလုပ်ငန်း များကိုလည်း ဆောင်ရွက်ပေးလျက် ရှိသည်။

NCS Co., Ltd က Note Book အမျိုးမျိုး၊ Computer Accessories၊ Digital Camera၊ SMC Network Products၊ SMC Wireless Network Products၊ Mobile Disk၊ External Hard Disk၊ Computer System များ၊ Mini Computer များနှင့် Computer Accessories များကို ပြပွဲကာလ အတွင်း အထူးဈေးနှုန်းဖြင့် ရောင်းချ ပေးလျက်ရှိသည်။

Tong Tah Co., Ltd. က ဂျပန်နိုင်ငံလုပ် Digital Laser မိတ္တူကူးစက်၊ Laser Printer များ ကို အထူးနှုန်းဖြင့် ရောင်းချပေးလျက် ရှိသည်။

တတိယအကြိမ်မြောက် MICT Week-2004 ကို ဇန်နဝါရီ ၂၇ ရက် အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း အများပြည်သူများအား အခမဲ့ ဖွင့်လှစ်ပြသလျက်ရှိရာ ပြပွဲလာ ပြည်သူများ သွားလာမှုလွယ်ကူစေရန် အင်းစိန်လမ်းနှင့် ပါရမီလမ်းဆုံ၌လည်း ကောင်း၊ ပြည်လမ်းနှင့်ပါရမီလမ်းဆုံ၌ လည်းကောင်း လွန်းပြန်ယာဉ်များ အခမဲ့ပြေးဆွဲပေးလျက်ရှိသည်။

**(သတင်းစဉ်)**

**တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ ပြပွဲတွင် ပြသထားသော ပြခန်းများတွင် ပြည်သူများ စည်ကားစွာလေ့လာကြည့်ရှု အားပေးကြစဉ်။ (သတင်းစဉ်)**

**"နောက်ဆုံးပေါ် အိုင်တီ နည်းပညာသုံး ပစ္စည်းများကို ပြည်သူများ လက်တွေ့ စမ်းသပ် သုံးစွဲနိုင် စေရန် ရည်ရွယ် ပါတယ်"**

**(မန်နေဂျင်း ဒါရိုက်တာ ဦးမြတ်လွင်) Myat Tha Pyay ပြခန်းမှ။**

## ▼ အိုင်တီမှ

အိုင်တီနည်းပညာ ပြည်သူလူထု အတွင်းနှင့် လူငယ်များအတွင်းပိုမို လျင်မြန်စွာပျံ့နှံ့ရေးအတွက် ကြိုးပမ်း ချက်တစ်ရပ်အဖြစ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ပြပွဲများပြုလုပ်ပေး နေရာ ယခုအခါ တတိယအကြိမ် မြောက်အဖြစ် အောင်အောင်မြင်မြင် ပြသပေးလျက်ရှိသည်။

ပြည်သူများအတွက် အိုင်စီတီနည်း ပညာ ပြန့်ပွားသိရှိစေနိုင်ရေးအတွက် ပြသထားသောပြခန်းများနှင့်ပတ်သက် ၍ ပြည်သူများသိရှိနိုင်စေရန် မြန်မာ့ အလင်းက သွားရောက်မေးမြန်းခဲ့ သည်။

ပထမဦးစွာ Lucky Bird Computer Sales of Service Centre

**"အင်တာနက်၊ ကွန်ပျူတာ ဆက်စပ်ပစ္စည်းများကို ပြည်သူများ မြင်တွေ့သိရှိ ဗဟုသုတ ပွားများစေချင်ပါတယ်"**

ဒါရိုက်တာဒေါ်ခိုင်ချိုဝင်း (NCS ပြခန်း)

**ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)**

ပြခန်းတွင် ဒါရိုက်တာ ဒေါ်မေဖြူသွယ် က ရှင်းလင်းဖြေကြားရာတွင် "ပြခန်း ပြသရခြင်းမှာ ပြည်သူများ နောက်ဆုံး ပေါ် ကွန်ပျူတာများနှင့် ထိတွေ့သိရှိ နိုင်ရန်၊အိုင်တီနည်းပညာသုံးဆက်စပ် ပစ္စည်းများကို လက်တွေ့ကိုင်တွယ် အသုံးပြုခွင့်ရရှိစေနိုင်ရန်ဖြစ်ကြောင်း ပြောကြားသည်။ ထို့ပြင် ပြခန်း၌ တိုရှီဘာနက်စ်ဘုတ်များ၊ Projector Tablet PC များ၊ NEC ထုတ် LCD Monitor များ၊ CRT Monitor များကို ပြသထားပါကြောင်း၊ ဒီဂျစ်တယ်ကင်မရာနှင့် အင်တာနက် ကင်မရာများလည်းပြသထားပါကြောင်း၊ အဆိုပါ ပစ္စည်းများကို အသုံးပြုခြင်း ဖြင့် စီးပွားရေးနှင့် စီမံရေးရာကိစ္စ များကို မျက်မြင်ကိုယ်တွေ့ တိုက်ရိုက် ညွှန်ကြားပေးနိုင်ပါကြောင်း ပြောကြား သည်။ အခြားပစ္စည်းများဖြစ်သော Gigabyte Motherboard များ၊ Planet Netword Accessories နှင့် ဆက်စပ်ပစ္စည်းများ၊ အသံနှင့် ပတ်သက်၍ ကြိုက်နှစ်သက်သလို ပြောင်းလဲအသုံးပြုနိုင်သည့် Creative Speaker Sound Card များကိုလည်း ပြသထားပါကြောင်း၊ ဆန်းသစ်ပြီးနောက်ဆုံးပေါ်ကွန်ပျူတာ၊ အင်တာနက်ပစ္စည်းများကိုလည်း ဈေးနှုန်းသက်သာစွာရောင်းချပေးပါကြောင်း" ပြောကြားသွားသည်။

ထို့နောက် ကြည့်ရှုသူများနှင့် စည်ကားလျက်ရှိသော Myat Tha Pyayပြခန်းမှ မန်နေဂျင်းဒါရိုက်တာ ဦးမြတ်လွင်က ပြောကြားရာတွင်"မိမိ တို့ပြခန်း၌ အိုင်တီနည်းပညာသုံး ပစ္စည်းများ၊ ကွန်ပျူတာဆက်စပ် ပစ္စည်းများ၊ နောက်ဆုံးပေါ်အိုင်တီ နည်းပညာသုံးဆက်စပ်ပစ္စည်းများကို ပြည်သူများအသိအမြင်တိုးပွားစေရန် ပြသထားပါကြောင်း၊ အထူးသဖြင့် Jinl Branded ကွန်ပျူတာများ၊ MTP၏ကွန်ပျူတာများ၊ ဒီဂျစ်တယ် ကင်မရာများ၊ ဗီဒီယိုကင်မရာများ၊ Personal Entirement Organizer များ၊ ကွန်ပျူတာ Accesssory များကိုပြသထားကြောင်း၊ အဆိုပါ ပစ္စည်းများမှာနောက်ဆုံးပေါ်အိုင်တီ နည်းပညာသုံးစွဲထားသည့် ပစ္စည်းများ ဖြစ်ပြီး လာရောက်ကြည့်ရှုသူများ အတွက် သဘောကျသုံးစွဲလိုပါက လည်းရောင်းချပေးပါကြောင်း၊ ဝယ်ယူ သူများကို လက်ဆောင်များပေးပါ ကြောင်း၊ ပြပွဲရက်အတွင်းအထူးဈေး နှုန်းချိုသာစွာရောင်းချပေးပါကြောင်း" ပြောကြားသည်။

KMD ပြခန်းမှ ဒါရိုက်တာ ဒေါ်သင်းသင်းစိုးကလည်း "ပြခန်းဖွင့် လှစ်ပြသရခြင်းမှာ အိုင်တီနည်းပညာ သုံးပစ္စည်းများနှင့်ပတ်သက်၍ ပြည်သူ များကိုကျယ်ပြန့်စွာသိရှိစေရန် ရည် ရွယ်ပြီး လက်တွေ့အသုံးပြုနိုင်အောင် လည်း ကူညီပေးစေလို၍ ပြသခြင်း ဖြစ်ပါကြောင်း၊ ပြခန်းတွင် နောက်ဆုံး ပေါ် Imtel အမှတ်တံဆိပ် World Fastest PC များ၊ 3 in 1 Small Office သုံး ယူပီအက်စ်များ၊ CD Rom၊ DVD Rom၊ CD Writer၊ 3 in 1 Flashmenory (Pan Drive) ပစ္စည်းများပြသထားပါကြောင်း၊ ထို့ပြင် Projector များ၊ Centrino Note Book များ ပြသထားကြောင်း" ပြောကြားသည်။

### ဆက်စပ်ပစ္စည်း

တစ်ဖန် NCS ပြခန်းမှ ဒါရိုက်တာ ဒေါ်ခိုင်ချိုဝင်းက "အိုင်တီနည်း ပညာနှင့်ပတ်သက်ပြီး ပြည်သူများ သိရှိ စေရန်နှင့် သုံးစွဲနိုင်စေရန်အတွက် ရည်ရွယ်ပါကြောင်း၊ ပြခန်းတွင် Note book PC အမျိုးမျိုး၊ Mini ကွန်ပျူ တာများ၊ SMC နက်ဝက်ဘ် ချိတ်ဆက်ပစ္စည်းများ၊ ဒီဂျစ်တယ် ကင်မရာများ၊ အင်တာနက် ဆက်စပ် ပစ္စည်းများကို ပြသထားပါကြောင်း" ဖြင့် ပြောကြားသည်။

ထို့နောက် Client Focus Technology Group ပြခန်းမှ ကိုမိုး ဇော်အောင်ကလည်း "ပြည်သူများ အတွက် အိုင်တီနည်းပညာ ဖွံ့ဖြိုးမှု အပေါ် အဆက်မပြတ် သိရှိနိုင်စေ ရန် ရည်ရွယ်ပါကြောင်း ပြခန်းတွင် Epson ထုတ်ပစ္စည်းများ၊ ကွန်ပျူတာ များ၊ အင်တာနက်များ၊ ဒီဂျစ်တယ် ကင်မရာများကို ပြသထားကြောင်း" ပြောကြားသည်။

ထို့ကြောင့် အိုင်တီနည်းပညာ ရပ်များ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုး တက်လျက်ရှိရာ ယနေ့လူငယ်များ အနေဖြင့် ကမ္ဘာတစ်ဝန်း အိုင်တီနည်း ပညာရပ် ဖွံ့ဖြိုးတိုးတက်မှုများကို အမီလိုက်နိုင်ရန်အတွက် ဗဟုသုတ များစွာ ရရှိစေမည့် တတိယ အကြိမ် မြန်မာအိုင်စီတီရက်သတ္တပတ်ပြပွဲ– ၂၀၀၄ သို့ သွားရောက် ကြည့်ရှု သင့်ပါကြောင်း ရေးသားလိုက်ရပေ သည်။ ။

**(မြန်မာ့အလင်း)**

**Myanmar Online ပြခန်းတွင် လာရောက်ကြည့်ရှု လေ့လာသူ များကိုတွေ့ရစဉ်။ (မြန်မာ့အလင်း)**

## ငပလီ အထက

## အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၃**

မင်းဘူးခရိုင် ငပလီမြို့ အခြေခံ ပညာအထက်တန်းကျောင်းမှ အသက် (၆၀)ပြည့် အငြိမ်းစားယူခဲ့ကြသော ဆရာကြီးဆရာမကြီးများအား စတုတ္ထ အကြိမ် အာစရိယပူဇော်ကန်တော့ပွဲ ကို ဖေဖော်ဝါရီ ၈ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ငပလီမြို့ အထက် တန်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ် သည်။

အဝေးရောက်ဆရာကြီး ဆရာမ ကြီးများ ပူဇော်ကန်တော့ပွဲသို့ မပျက်မကွက် တက်ရောက်ကြပါရန် နှင့် အလှူငွေနှင့်လှူဖွယ်ပစ္စည်းများ ထည့်ဝင်လှူဒါန်းလိုသူများသည် ဖုန်း– ၀၆၅–၂၁၄၈၈၊ ဖုန်း–(ငဖဲ)၃၈၊ ဖုန်း– (ငဖဲ)၄၆၊ ဖုန်း–၀၆၃–၂၃၁၁၃၊ ၂၁၀၆၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင် ကြောင်း သိရသည်။ **(က–ပ)**

# မြောက်ဥက္ကလာပမြို့နယ် မေဓာဝီလမ်း ကိုယ့်အားကိုယ်ကိုး နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဇန်နဝါရီ ၂၃

**၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် စံပြ ဂ/ဃ ရပ်ကွက်ရှိ မေဓာဝီလမ်း ကိုယ့်အားကိုယ်ကိုး နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်၇နာရီက အဆိုပါလမ်းသစ်ထိပ်မုခ်ဦးရှေ့၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်၍ လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**

အခမ်းအနားတွင် မင်္ဂလာအချိန်ကျရောက်သည်နှင့် လမ်းအရှည်ပေ ၁၃၅၀၊ အကျယ်ပေ ၂၀ရှိ မြောက်ဥက္ကလာပမြို့နယ် မေဓာဝီလမ်း ကိုယ့်အားကိုယ်ကိုး နိုင်လွန်ကတ္တရာလမ်းသစ်ကို မုခ်ဦးရှေ့၌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ဖြတ်သန်းကြည့်ရှု**

ထို့နောက် တိုင်းမှူးနှင့်ဧည့်သည်တော်များသည် လမ်းသစ်ကို ဖြတ်သန်းကြည့်ရှု စစ်ဆေးကြပြီး ရပ်ကွက်ပြည်သူများအား ရင်းနှီးစွာ နှုတ်ဆက်အားပေးသည်။

အဆိုပါ မြောက်ဥက္ကလာပမြို့နယ်ရှိ မေဓာဝီလမ်းသည် မြောက်ဥက္ကလာပ၊မရမ်းကုန်းနှင့်မင်္ဂလာဒုံမြို့နယ် တံတားကြီးရပ်ကွက်၊ ပုရွက်ဆိတ်ကုန်းရပ်ကွက်၊ ကြံခင်းစုရပ်ကွက်၊ အနန်းပင်ရပ်ကွက်နေပြည်သူများ အထူးအားထားသွားလာရလမ်းဖြစ်ကာ မိုးတွင်းကာလ၌ ရေတင်မှု၊ ရေအိုင်မှုများဖြစ်ပေါ်နေမှုကြောင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက နိုင်လွန်ကတ္တရာ ခင်းကျင်းခဲ့ခြင်းဖြစ်သည်။

**စိတ်ချမ်းမြေ့စွာ**

ယခုကဲ့သို့ မေဓာဝီလမ်းကို ကိုယ့်အားကိုယ်ကိုး ခင်းကျင်းဖွင့်လှစ်နိုင်ခဲ့မှုကြောင့် မြောက်ဥက္ကလာပ၊ မရမ်းကုန်းနှင့် မင်္ဂလာဒုံမြို့နယ်တို့မှ ပြည်သူများအနေဖြင့် အချိန်အခါမရွေး စိတ်ချမ်းမြေ့စွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

လမ်းဖွင့်ပွဲအပြီးတွင် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများသည် မြောက်ဥက္ကလာပမြို့နယ်မှ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ကိုဖြတ်၍ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်ရှိ ဒဂုံတက္ကသိုလ်အထိ ဖောက်လုပ်ထားသည့် ဗိုလ်မှူးဗထူးလမ်းကို ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် အပိုင်း၌ နိုင်လွန်ကတ္တရာခင်းကျင်းနေမှုလုပ်ငန်း အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ကျန်စစ်သားလမ်းအနီး၌ အားကစားကွင်း ပြုလုပ်ထားရှိမှု၊ သဃ်န်းကျွန်းမြို့နယ်၌ သံသုမာလမ်းမှ ဝေဇယန္တာလမ်းအထိ ဆက်သွယ်သည့် ရတနာလမ်းအရှည် ပေ ၉၅၀၀ကို လေးလမ်းသွား နိုင်လွန်ကတ္တရာခင်းကျင်းနေမှု၊ ကျိုက္ကဆံဘုရားပတ်လမ်း နိုင်လွန်ကတ္တရာ ခင်းကျင်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**သတ်မှတ်ချိန်မီပြီးစီးရေး**

ထို့နောက် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများသည် ကန်တော်ကြီးပုဂံလုံးကျွန်း စိမ်းလန်းစိုပြည်သာယာလှပစေရေးဆောင်ရွက်နေမှု၊ ခေမာဒီပကျွန်း ကျွန်းပတ်လမ်း ကွန်ကရစ်ပြားများ ခင်းကျင်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအခြေအနေ၊ အင်ဂျင်နီယာဌာန ရေနှင့်သန့်ရှင်းမှုဌာနမှူး ဦးသောင်းရင်က အနီးကပ်ကြီးကြပ်၍ မဟာမြိုင်ပုလဲကျွန်း၌ ကြာတောရမှ ကန်တော်ကြီးသို့စီးဝင်သည့် ရေဝင်ပေါက်ကို အဆင့်မီ ကွန်ကရစ်ရေပိုက်များ ဆက်သွယ်ပြုပြင်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းစေရေးနှင့် သတ်မှတ်ချိန်မီပြီးစီးရေးတို့ကို အလေးထား ဆောင်ရွက်ရန် မှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ဇန်နဝါရီ ၁ ရက်က တာချီလိတ်မြို့ ဟောင်လိတ်ရပ်ကွက် ခရာဝါလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးကြစဉ်။ (က-ပ)

**စစ်ကိုင်းတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီက မြင်းမူမြို့တွင် ကျန်းမာရေး ပညာပေးဟောပြောပွဲ၊ သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်ပေး ခြင်းနှင့်ဆေးဝါးပစ္စည်းများ၊ အလှူငွေ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ဒီဇင်ဘာ ၃၀ရက်က ကျင်းပရာ တိုင်းမှူး၏ဇနီး တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီနာယကဒေါ်ဆေဆေခိုင်ကသက်ကြီးဘိုးဘွားများအား ကျန်းမာရေး စောင့်ရှောက်ပေးမှုများကိုကြည့်ရှုအားပေးစဉ်။** (က-ပ)

## စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြော

ရန်ကုန် ဇန်နဝါရီ ၂၃

ကျောက်ဖြူခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ၂၀၀၃ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲ အခမ်းအနားကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၂ရက် ည ၇ နာရီက ရမ္မာဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၁)ခရိုင်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လင်းက အဖွင့်အမှာစကား ပြောကြားပြီး အမျိုးသားစာပေဆုရ စာရေးဆရာများဖြစ်ကြသော ချစ်နိုင်(စိတ်ပညာ)၊ ချစ်စံဝင်း၊ မင်းရွှေမင်း(အင်းစိန်)တို့က စာပေရေးရာများ ဟောပြောကြသည်။

အလားတူ ဒီဇင်ဘာ ၁၃ရက် ည ၇ နာရီက ရမ်းဗြဲမြို့ ပလုတ်တောင် အလယ်တန်းကျောင်း ခန်းမတွင်လည်းကောင်း၊ ဒီဇင်ဘာ ၁၄ရက်၌ တောင်ကုတ်မြို့နယ် ခန်းမတွင်လည်းကောင်း၊ ဒီဇင်ဘာ ၁၅ ရက်တွင် သံတွဲမြို့ ဒွါရဝတီခန်းမ၌ လည်းကောင်း စာပေရေးရာများ ဟောပြောကြကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# ကော့ကရိတ်မြို့နယ်တွင် စံပြကျေးရွာများဖွင့် ပြည်နယ်ဥက္ကဋ္ဌဗိုလ်မှူးကြီးခင်ကြူးတက်ရောက်အားပေး

ရန်ကုန် ဇန်နဝါရီ ၂၃

**ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးသည် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၂ ရက် နံနက် ၁၀ နာရီက ဘားအံမြို့နယ် ကော့ဂွန်းကျေးရွာသို့ ရောက်ရှိပြီး ကော့ဂွန်းကျေးရွာအဝင်ကိုယ့်အားကိုယ်ကိုး အောင်သိဒ္ဓိတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။**

ဇန်နဝါရီ ၁၅ ရက် နံနက် ၉နာရီတွင်ပြည်နယ်ဥက္ကဋ္ဌသည်ကော့ကရိတ်မြို့နယ်ကော့ဘိန်းကျေးရွာသို့ ရောက်ရှိပြီး ကော့ဘိန်းစံပြကျေးရွာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးကြပ်မှုကော်မတီနာယကပြည်နယ်ဥက္ကဋ္ဌ၏ဇနီးဒေါ်မာမာလူက ကော့ဘိန်းစံပြကျေးရွာ ဆိုင်းဘုတ်ကိုစက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကော့ဘိန်း စံပြကျေးရွာဥက္ကဋ္ဌနှင့် ကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌတို့က ကော့ဘိန်းစံပြကျေးရွာမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ကော့ဘိန်းစံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲမာလ်တီမီဒီယာခန်းမဖွင့်လှစ်နိုင်ရေးအတွက် ကွန်ပျူတာများ ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက ကွန်ပျူတာ တစ်လုံး၊ ကော့ဘိန်း၊ ကော့ပေါက်၊ မင်းရွာစံပြကျေးရွာများနှင့် ကော့မိကျေးရွာတို့မှ ကွန်ပျူတာတစ်လုံးစီနှင့် ကော့ကရိတ်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်းမောင်က ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ် ဆရာမကြီးက လက်ခံရယူသည်။ **(သတင်းစဉ်)**

အလားတူ ကော့ကရိတ်မြို့နယ် ကော့ပေါက်စံပြကျေးရွာနှင့်မင်းရွာ စံပြကျေးရွာဖွင့်ပွဲများကို ဇန်နဝါရီ ၁၅ရက် နံနက်ပိုင်းနှင့်မွန်းလွဲပိုင်းတို့တွင်ဆက်လက်ကျင်းပရာ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လှည့်လည်တက်ရောက်အားပေးကြပြီး အဆိုပါစံပြကျေးရွာဆိုင်းဘုတ်များကို ပြည်နယ်အသင်းကြီးကြပ်မှုကော်မတီနာယကဒေါ်မာမာလူက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဇန်နဝါရီ ၂၁ရက်က ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့် အောင်ရတနာလမ်း မြေသားလမ်းချဲ့ခြင်း၊ မြေသား မြှင့်တင်ခြင်း၊ မြောင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးနေထွန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြစဉ်။ (ဝ၉၈)

## နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ် မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလအတွက်**
**နောက်ဆုံးပတ် (တနင်္ဂနွေနေ့)**
**၂၅-၁-၂၀၀၄ ရက်နေ့**
**၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်**
**၈-၂-၂၀၀၄ ရက်နေ့**
**နှင့် ၂၉-၂-၂၀၀၄ ရက်နေ့**

## မြေခင်းအလှ

**မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၄ရက်က မြို့အဝင်လမ်းဆုံတွင် မြေခင်းအလှ ပြုပြင်နေစဉ်။**

(က-ပ)

## မြဝတီရုပ်မြင်သံကြား

**၂၄-၁-၂၀၀၄**
**(စနေနေ့)**
**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုးနှုံးဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ဝိသုဒ္ဓိခုနစ်ပါး၊ ရထားခုနစ်စင်း ဥပမာ"**

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
၄:၄၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၅ ၇။ မြန်မာသံစဉ်ချိုးနှုံးဝင်
၄:၅၅ ၈။ မျိုးချစ်တပ်မတော်
၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ်(ပထဝီဝင်) (ခ)ပထမနှစ် (အရှေ့တိုင်းပညာ)
၅:၃၅ ၁၀။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ညီအစ်မလေးဖော်"** (အပိုင်း-၂၀)ဇာတ်သိမ်းပိုင်း
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လွှိုပုနှင့်သောင်းချမ်"** (အပိုင်း-၂၄)

# တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ပြပွဲ တတိယနေ့တွင်အလုပ်ရုံဆွေးနွေးပွဲနှင့်ဆွေးနွေးပွဲများကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၃

**တတိယနေ့အဖြစ် တတိယအကြိမ်မြောက်မြန်မာ့သတင်း အချက်အလက် နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ပြပွဲ ပြသလျက်ရှိသည့် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာ့သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ၌ အလုပ်ရုံဆွေးနွေးပွဲများကို ယနေ့ ဆက်လက်ကျင်းပရာ နံနက် ၉နာရီတွင် အခန်းအမှတ် (၂၀၅) ၌ Database Trend Technology အကြောင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည်။**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါ်နွဲ့နွဲ့ဝင်းက ဆောင်ရွက်ပြီး Software Development ၏ တိုးတက်ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော Database နည်းပညာများအကြောင်းကို Myanmar Information Technology မှ ဦးနေလင်းသန်းက လည်းကောင်း၊ အမြန်နှုန်း (Speed) နှင့် Application များ၏ လိုအပ်ချက်ကြောင့် ပြောင်းလဲလာသော Database Technology အကြောင်းကို INTEGRA Systems မှ ဦးထွန်းခိုင်က လည်းကောင်း ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက ပါဝင်ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ အီလက်ထရွန်နစ်အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်ဦးအောင်မြင့်၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဦး၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးသောင်းတင်နှင့် အဖွဲ့ဝင်များ၊ ကွန်ပျူတာပညာကို စိတ်ပါဝင်စားကြသူများ တက်ရောက်ကြသည်။

ထို့အတူ Object Orientated Software Development With Unified Modeling Language အလုပ်ရုံဆွေးနွေးပွဲကို မွန်းလွဲ ၁ နာရီတွင် အခန်းအမှတ် (၂၀၅) ၌ ကျင်းပရာ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်ဦးအောင်မြင့်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌ ဦးသောင်းတင်၊ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါ်နွဲ့နွဲ့ဝင်းနှင့် ကွန်ပျူတာပညာရှင်များ တက်ရောက်ကြပြီး သဘာပတိအဖြစ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါ်နွဲ့နွဲ့ဝင်းက ဆောင်ရွက်သည်။

### ပါဝင်ဆွေးနွေး

ဆွေးနွေးပွဲတွင် Introduction to Unified Modeling Language အကြောင်းကို Biz-Soft Co., မှ ဦးရဲရင့်ဝင်းကလည်းကောင်း၊ Software Projects Requirements Management Applying Use Case Diagram Leading to CMM Level-2 ကို Myanmar T.Zone မှဦးဝင်းထိန်ဝင်းကလည်းကောင်း၊ Robustness Analysis စာတမ်းကို Winner Computer Group မှ ဒေါ်စန်းယဉ်မြင့်က လည်းကောင်း၊ UML to Implementation Sequence Diagrams စာတမ်းကို Myanmar Computer Co., (MCC)မှ ဦးအောင်စိုးလင်းက လည်းကောင်း၊ AnalysisClass စာတမ်းကို CE Technology မှ ဦးသတိုးထွန်းကလည်းကောင်း၊ State Machine Diagrams စာတမ်းကို CE Technologyမှ ဦးမင်းဟန်ထွန်းကလည်းကောင်း၊ Design Class Diagrams စာတမ်းကို CE Technology မှ ဦးကျော်ဇေယျာဟန်က လည်းကောင်း၊ Physical Diagrams စာတမ်းကို Myanmar Information Technology (MIT) မှ ဦးရဲသူရသက်က လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက ပါဝင်ဆွေးနွေးကြသည်။

### ရှင်းလင်းဆွေးနွေး

e-Life အကြောင်း ဆွေးနွေးပွဲကို ညနေ ၄နာရီတွင် Conference Hall ၌ ချိုချိုကုမ္ပဏီလီမိတက်က ကျင်းပရာ ဆွေးနွေးပွဲတွင် ချိုချိုကုမ္ပဏီလီမိတက် မှ မန်နေဂျင်း ဒါရိုက်တာ ဦးဝေဖြိုးကအဆောက်အအုံထိန်းချုပ်မှုစနစ် (IR Concept)၊ ဝန်ထမ်းနှင့် အဝင်အထွက်ထိန်းချုပ်မှုစနစ် (Star Time Attendance and Access Control)၊ နေအိမ် လုံခြုံရေးစနစ် (Home Security System)၊ အလိုအလျောက် တံခါးဖွင့်/ပိတ် စနစ် (Autogate)၊ ကွန်ပျူတာလုံခြုံရေးစနစ် (Juzt Rebood+ Lock+ Gard)၊ Digitalစနစ်ဖြင့် လှုပ်ရှားမှုရုပ်ပုံများကို ကူးယူသည့်စနစ် (DVR-Digital Video Recoder)၊ Network အတွင်းရှိ အချက်အလက်များ သိမ်းဆည်းမှုစနစ် (NAS-Network Attach storge)၊ လေဆာဖြင့် လုံခြုံရေးထိန်းချုပ်မှုစနစ် (Laser and Thermal Motion Detectors for Security)၊ကုမ္ပဏီလုပ်ငန်းထိန်းချုပ်မှုစနစ် (Enterprise Resource Planning)၊ ကွန်ပျူတာနှင့် Network လုံခြုံမှုစနစ် (Fire walls and IDS)၊ ကုန်သိုလှောင်မှုနှင့် ထိန်းချုပ်မှုစနစ် (IR and Warehouse Management System) နှင့် လုံခြုံရေးကင်မရာစနစ် (Cameras, Remote Surveillance and DVR Systems)တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသူများက ပါဝင်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အောက်ရှိအသင်းများမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင်များအား အမျိုးသမီးရေးရာလုပ်ငန်းကဏ္ဍများ ဟောပြောပွဲအခမ်းအနားကို ဇန်နဝါရီ ၂၃ ရက်က သဃ်န်းကျွန်းမြို့နယ်ခန်းမဆောင်တွင် ကျင်းပရာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေး အဖွင့်အမှာစကား ပြောကြားစဉ်။ (၄၀၀)

**တတိယ အကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာရက်သတ္တပတ်–၂၀၀၄ တတိယနေ့တွင် Object Orientated Software Development With Unified Modeling Language အလုပ်ရုံဆွေးနွေးပွဲကို အခန်းအမှတ်(၂၀၅)၌ ကျင်းပစဉ်။ (သတင်းစဉ်)**

## မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ပြင်ဆင်ဖွဲ့စည်း

**ရန်ကုန် ဇန်နဝါရီ ၂၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အမှုဆောင်အဖွဲ့ကို ယနေ့ပြင်ဆင် ဖွဲ့စည်းလိုက်ပြီဖြစ်ရာ နာယကအဖွဲ့ဝင်များအဖြစ် ဗိုလ်ချုပ်ကျော်ဝင်း (ဒုတိယ တပ်မတော်ထောက်လှမ်းရေးမှူးချုပ်)နှင့် ဦးအောင်ကိုဝင်း(ကမ္ဘောဇဘဏ်လီမိတက်)တို့ပါဝင်ကြသည်။ အဖွဲ့ချုပ်အမှုဆောင်များကို အဖွဲ့ဝင်၃၁ဦးဖြင့် ဖွဲ့စည်းထားရာ ဥက္ကဋ္ဌအဖြစ် ဦးဝင်းအောင်(ဥက္ကဋ္ဌ၊ ဒဂုံအင်တာနေရှင်နယ်လီမိတက်)၊ ဒုတိယ ဥက္ကဋ္ဌများအဖြစ် ဒုတိယဗိုလ်မှူးကြီးမောင်ကို (ဒုတိယ ကျောင်းအုပ်ကြီး၊ တပ်မတော်ကိုယ်ခံပညာနှင့်အားကစားသိပ္ပံ၊ရဲမွန်)၊ ဦးကိုကိုထွေး(ဥက္ကဋ္ဌ၊တော်ဝင်မိသားစုကုမ္ပဏီလီမိတက်)နှင့် ဦးဝေယံအောင် (ဒါရိုက်တာ၊ ကမ္ဘောဇဘဏ်လီမိတက်)၊ အဖွဲ့ဝင်များအဖြစ် အုပ်ချုပ်ရေးမှူး ဦးကျော်စိုးမြင့် (ညွှန်ကြားရေးမှူး၊ အား/ကာဦးစီးဌာန)၊ ဘဏ္ဍာရေးမှူး ဦးသန်းဇော် (ညွှန်ကြားရေးမှူး၊အား/ကာဦးစီးဌာန)၊ နည်းစနစ်မှူး ဦးအေးမောင်ကြီး(အား/ကာဦးစီးဌာန)နှင့် ဦးအေးမောင်လေး(လက်ထောက်ညွှန်ကြားရေးမှူး၊အား/ကာဦးစီးဌာန)၊ ဆေးဘက်ဆိုင်ရာ ဒေါက်တာသန်းတိုး(ပါမောက္ခဌာနမှူး၊ အကြောအဆစ် ရောဂါအထူးကုဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)နှင့် ဒေါက်တာသိန်းညွန့်(လက်ထောက်ဆရာဝန်၊ အား/ကာဦးစီးဌာန)၊ အကြံပေး ဦးစိန်လှိုင်၊ ဦးလှတင်(ကီး–လှတင်)၊ ဦးတင်အောင်(ဂိုး)နှင့် ဦးလှရွှေလေး၊ ဦးသန်းရှိန် (စီမံကိန်းဒါရိုက်တာ၊ ဒဂုံအင်တာနေရှင်နယ်လီမိတက်)၊ ဦးခင်မောင်ကြိုင် (ဘဏ္ဍာ/အခွန်ဝန်ကြီးဌာန)၊ ဒုတိယဗိုလ်မှူးကြီးလှမော်ဦး(စီးပွား/ကူးသန်းဝန်ကြီးဌာန)၊ ဗိုလ်မှူးသန်းနိုင်ဦး(ပို့ဆောင်ရေးဝန်ကြီးဌာန)၊ ဒုတိယရဲမှူးကြီးခင်ထွန်း(ပြည်ထဲရေးဝန်ကြီးဌာန)၊ဗိုလ်မှူးအေးမင်းမောင်(ကာကွယ်ရေးဝန်ကြီးဌာန)၊ ဦးအောင်သိန်းညွန့်(ရန်ကုန်မြို့တော်စည်ပင်)၊ ဦးမြင့်ဌေး(စွမ်းအင်ဝန်ကြီးဌာန)၊ဦးခင်မောင်စန်း(သတ္တုတွင်းဝန်ကြီးဌာန)၊ ဒေါက်တာ သာရင်မြတ်(တံခွန် ဘောလုံးအသင်း)၊ ဦးသန်းတိုးအောင်(ဆောက်လုပ်ရေးဝန်ကြီးဌာန)၊ ဦးဝင်းကို(ပတ္တမြားနဂါးဘောလုံးအသင်း)၊ ဦးစိုင်းဖုန်း(မလိခဘောလုံးအသင်း)၊ ပစ္စည်းထိန်း ဦးညီညီလတ်(ဦးစီးအရာရှိ၊ အား/ကာဦးစီးဌာန)၊ အထွေထွေအတွင်းရေးမှူး ဦးတင်အောင်(ညွှန်ကြားရေးမှူး၊အား/ကာဦးစီးဌာန)၊ တွဲဖက်အတွင်းရေးမှူး(ဒိုင်)ဦးဘရီ(အရာခံဗိုလ်၊ငြိမ်း၊ တပ်မတော်မှတ်တမ်းရုံး)၊ တွဲဖက်အတွင်းရေးမှူး (ပြိုင်ပွဲ/သင်တန်း) ဦးဝင်းသူမိုး(ဦးစီးအရာရှိ၊ အား/ကာဦးစီးဌာန)တို့ ပါဝင်ကြကြောင်းသိရသည်။

**(မြန်မာ့အလင်း)**

## တိမ်အသင့်အတင့်

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနတို့ပူးပေါင်း၍ မြန်မာနိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇန်နဝါရီ ၂၁ရက်က အမှတ်(၄၁) ရပ်ကွက်ရုံးတွင်ပြုလုပ်ရာ မြို့နယ်ဦးစီးဌာနမှူး ဦးစန်းအောင်က နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်စဉ်။ (က–ပ)**

**ကောင်းသန့်စာပေ အမှတ် ၂၀၉ (ပ)ထပ်(ယာ) ၃၈ လမ်း(ထက်)ရန်ကုန်မြို့ ဖုန်း–၇၂၂၀၅၃ က ထုတ်ဝေဖြန့်ချိသော ဦးသန်းထွတ် (ပါမောက္ခ–ငြိမ်း၊ ပညာရေးတက္ကသိုလ်)၏ မြန်မာပုဂ္ဂိုလ်ကျော်များ၏စကား အဆိုအမိန့်များ စာအုပ်မျက်နှာဖုံး။(က–ပ)**

**ဒေါက်တာ ခင်မောင်အေး(ဇီဝိတ)–ဇနီးဒေါ်အေးအေးမော်၊ သားဇော်မျိုးဆန်း(နိုင်ငံခြားရေး)၊ သမီး စန္ဒာခင်မောင်အေး၊ မြေး မှူးပိုမို(စန္ဒာရတနာ) မိသားစုတို့က ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင်အတွက် အလှူတော် ငွေကျပ်တစ်သိန်းလှူဒါန်းရာဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဦးဝင်းထိန် လက်ခံယူစဉ်။ (က–ပ)**

# ပုလဲမြို့နယ်ရွာထင်ရွာမူလတန်းကျောင်း နှစ်(၅၀)ပြည့်ရွှေရတုအခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၃**

ပုလဲမြို့နယ် ရွာထင်ရွာ အခြေခံပညာမူလတန်းကျောင်း၏နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားကို ဇန်နဝါရီ ၈ ရက် နံနက် ၉နာရီက ယင်းကျောင်းဆောင် ခန်းမ၌ကျင်းပရာ မြို့နယ်အဖွဲ့ဝင်(၂)၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် အငြိမ်းစားဆရာ ဆရာမကြီးများအား ကန်တော့ကြပြီး ၂၀၀၂-၂၀၀၃ ပညာသင်နှစ်မှ ပညာရည်ချွန်ဆုရသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

**ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် ဦးထိန်ဝင်း-ဒေါ်ခင်စန်းသီ(စိန်ဧဟာဆေးဆိုင်နှင့် စိန်ဧဟာပရိဘောဂဆိုင်)က ဒေါ်ခင်စန်းသီ၏ (၅၇)နှစ်မြောက် မွေးနေ့အလှူအဖြစ် ငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းစဉ်။ (က-ပ)**

# Software Engineering သင်တန်းများဖွင့်မည်

**ရန်ကုန် ဇန်နဝါရီ ၂၃**

ACE Data Systems သည် လက်တွေ့နှင့် အရည်အသွေးပြည့် နိုင်ငံတကာအဆင့်မီ Software Engineer များကို စနစ်တကျ မွေးထုတ်ပေးလျက်ရှိရာ Software Engineering Course Level I, II, III သင်တန်းများကို လစဉ်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ သင်တန်းအဆင့်တစ်ဆင့်စီသည် အချိန်ကာလ သုံးလစီ ကြာမြင့်သည်။ Software Engineering Course Level I သင်တန်းကို ဖေဖော်ဝါရီ ၂ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ Level I တွင် အရည်အချင်းပြည့်မီပါက Level II သင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ရှိသည်။ C-programming နှင့် Java programming ကိုဇန်နဝါရီလတွင်လည်းကောင်း၊ BCP (Basic Computer Principle) ကို ဖေဖော်ဝါရီ၂ရက်တွင် လည်းကောင်း တက်ရောက်နိုင်ပြီး Window Basic သင်တန်းကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီမှ ၁၁ နာရီ(တနင်္လာမှ သောကြာ) အထိ လည်းကောင်း ဖွင့်လှစ်သင်ကြားမည် ဖြစ်သည်။ Software Engineering Course Level III ပြီးမြောက်အောင်မြင်ပါက လက်တွေ့တွင် အတွေ့အကြုံများ ရရှိရန်အတွက် အလုပ်သင်ခြောက်လ ဆင်းရမည်ဖြစ်ရာ စိတ်ပါဝင်စားသူများသည် ACE Data Systems (Training Division)အမှတ်၁/၁၉ (ပထမထပ်) စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း သခင်မြပန်းခြံလမ်း အလုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၆၈၉၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဝင်္ကဘာရိပ်သာလမ်း၊ အမှတ် ၁၀ နေ
[ဒုတိယဗိုလ်မှူးကြီး စန်းမောင် (Bar-at-law)လက်ထောက်စစ်ဥပဒေချုပ်]-ဒေါ်အေဒါစန်းမောင်
တို့၏ သားထွေး

**မောင်စန်းသုံးသီဟ**

B.Sc 3rd Year(Phy;),
Diploma in Hard ware Engineering and Networking Technology(London)

**နှင့်**

(ခေတ္တ)လန်ဒန်မြို့နေ ဦးထိပ်တင်မြင့် (ဒေသကိုယ်စားလှယ်)၊
(မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)-ဒေါ်ခင်ဆွေဦး
တို့၏ သမီးဦး

**မစမ်းသီတာမြင့်**

B.A (History), B.A(Hons),
Final Year Hospitality Management (U.K).
Diploma in American Hotel and Motel Association

တို့သည် နှစ်ဖက်သော မိဘများ၏ သဘောတူညီချက်ဖြင့် လန်ဒန်မြို့ Barnet တရားရုံးတွင် လက်မှတ်ရေးထိုးလက်ထပ်ပြီးစီးပါကြောင်းနှင့် ၂၀-၁၂-၂၀၀၃ ရက်နေ့တွင် London Hilton Hotel(Park Lane) ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာဆုံးမသြဝါဒစကားပြောကြားပေးသော ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဒေါက်တာဦးကျော်ဝင်း၊ မင်္ဂလာပန်းကုံးစွပ်ပေးသော ဒေါက်တာအောင်သိန်းနှင့်ဇနီး ဒေါ်ခင်သန်းသန်းကြွယ်၊ မင်္ဂလာသြဘာစာတမ်းဖတ်ကြားပေးသော ဦးနေဝင်း၊ သတို့သားမိဘများကိုယ်စား ကူညီဆောင်ရွက်ပေးသော ဒေါက်တာသားနိုင်နှင့် ဇနီး ဒေါ်သန်းသန်းချို၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော စောင်း မောင်နေဝါနှင့် ဇနီး ခင်ဖြူကြည်၊ DJ ကိုသူ၊ မိတ်ကပ် ခိုင်ယမင်းစိုးနှင့် ကြွရောက်ချီးမြှင့်ကြသော လူကြီးမင်းများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများအား လိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**
**မောင်စန်းသုံးသီဟ(ခေတ္တ) U.K- မစမ်းသီတာမြင့်(ခေတ္တ)U.K။**


**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

- ဖျာပုံမြို့နယ်၊ ကျုံကြိုက်၊၂၃ဧက အုန်းခြံကြီး လန-၃၉ ကျပြီး လုပ်ငန်းလုပ်ရန်ကောင်း၊
- မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ထန်းကိုးပင်၊ဘုန်းကြီးကျောင်းအနီး၊ (ပေ၆၀ x ပေ၆၀)မီတာပါ

**ဖုန်း-၅၄၆၀၁၄၊ ၀၉-၈၀-၃၂၈၅၁**


# ‘ဝမ်းမြောက်ဂုဏ်ယူခြင်း’

၁၉၈၉ခုနှစ် “ဒိုး”
၁၉၉၉ခုနှစ် “သူ့ကျွန်မခံပြီ”
၂၀၀၂ခုနှစ် “ဆန်ရေ”
ဇာတ်ကားတို့ဖြင့် အကယ်ဒမီ ဒါရိုက်တာဆုသုံးကြိမ် ချီးမြှင့်ခြင်းခံရသူ
သူငယ်ချင်းကြည်စိုးထွန်း (ဘူမိဗေဒ)အတွက်
ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**၁၉၆၈၊ ၁၉၆၉၊ ၁၉၇၀ ပြည့်နှစ်**
**ဘူမိဗေဒဘွဲ့ရ သူငယ်ချင်းများ။**

# (၇၉)နှစ်မြောက်မွေးနေ့ဆုတောင်း

လသာမြို့နယ် (၁)ရပ်ကွက် လမ်းမတော်လမ်း အမှတ်(၄/၈)နေ ချစ်ခင်ပွန်း ဦးအောင်ထွန်း(လွတ်လပ်ရေးမော်ကွန်းဝင်ပထမဆင့်)၏ ၉-၁၁-၂၀၀၃နေ့တွင် ကျရောက်သော စိန်ရတုမွေးနေ့မှသည် ပတ္တမြားရတုမွေးနေ့တိုင်အောင် နောင်လာမည့် မွေးနေ့ပေါင်းများစွာကို ချစ်ဇနီး သားသမီးများနှင့်အတူ စိတ်၏ချမ်းသာမှု၊ ကိုယ်၏ကျန်းမာမှု အပေါင်း ခပြောင်း၍ နွေးထွေးသော မိသားစုဘဝကို ပိုင်ဆိုင်နိုင်ပါကြောင်း ပျော်ရွှင်ကြည်နူးစွာဖြင့် ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**ချစ်လှစွာသောဇနီး** - ဒေါ်မင်းဇံ(ခ)ဒေါ်တင်မြင့် (ဥသြဆီပွဲရုံ လမ်းမတော်)
**ချစ်သားကြီး** - ကိုအောင်ကျော်မြင့် (မင်္ဂလာတည်းခိုခန်းနှင့်စားသောက်ဆိုင်)- မအမာ (မင်္ဂလာပါ-ဆီပွဲရုံ လမ်းမတော်)
**ချစ်သားငယ်** - (ကိုစိုးမြင့်အောင်) (အောင်-ဆီပွဲရုံ လမ်းမတော်)- မအေးအေးသင်း (ဥသြမင်း ငရုတ်ဆီစက်)
**ချစ်သမီးကြီး** - ဗိုလ်မှူးခင်မောင်သန်း (ဒုတပ်ရင်းမှူး)- မမြင့်ဥမ္မာအောင် (မဥမ္မာ-ဆီပွဲရုံ လမ်းမတော်)
**ချစ်သမီးငယ်** - ကိုတင်ဝင်း (MD, Myanmar T.I.S Tours)- မမြင့်စန္ဒာအောင် (Rozi စားသောက်ဆိုင်၊ ဆိပ်ကမ်းသာ) နှင့် ချစ်မြေး(၁၀)ယောက်။

# ကင်ဆာနှင့်နာတာရှည်ရောဂါများ ဦးစားပေးကုသနေ

**ရန်ကုန် ဇန်နဝါရီ ၂၃**

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၅ ရက်က အောင်ဇေယျာမင်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး စက်ရုံအမှတ် ၂၄ (A) ဦးဝိစာရလမ်း (၃၄) ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တွင် သီဟိုဠ်ပြန်ဆရာကြီးဦးအောင်ဇေယျာမင်း(တဆ-၃၃၁၆) မှ နာတာရှည်ရောဂါများအား ကုသဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံ့ဝန်ထမ်းများ၊ လူမှုအသင်းအဖွဲ့များအား ဦးစားပေးကုသပေးလျက်ရှိသည်။

အလားတူ ကင်ဆာ၊အနာပေါက်ရောဂါအမျိုးမျိုးနှင့် နာတာရှည်ရောဂါများအား အင်းစိန်မြို့နယ်မှ ဆရာဦးမင်းထွန်း (တဆ-၀၂၄၈၁) က သွားလာရန်ခက်ခဲသော ဝေဒနာရှင်များအတွက် အမှတ် ၃၀၂ ရွှေဘုံသာလမ်း(အလယ်) ပန်းဘဲတန်းမြို့နယ်တွင် နေ့စဉ် မွန်းလွဲ၁ နာရီမှ ည ၇နာရီ ထိ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(က-ပ)**

# ပို့ဆောင်ရေးဝန်ကြီးဌာန
# မြန်မာ့လေကြောင်း

**ကြော်ငြာချက်အမှတ်(၃/၂၀၀၄)**

**လေယာဉ်မောင်၊ လေယာဉ်မယ် လူတွေ့စစ်ဆေးရန်ကိစ္စ**

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းမှ ခေါ်ယူထားသော လေယာဉ်မောင်၊ လေယာဉ်မယ်ရာထူးလျှောက်ထားသူများအနက် ပဏာမလူတွေ့စစ်ဆေးမှု အောင်မြင်သူများအား အပြီးသတ်စစ်ဆေးခြင်းကို ၂၈-၁-၂၀၀၄ရက်နေ့ ၀၈း၀၀ နာရီမှ စတင်စစ်ဆေးမည့်အစား ၂၉-၁-၂၀၀၄ရက်နေ့ ၀၈း၀၀ နာရီမှ စတင်စစ်ဆေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြန်မာ့လေကြောင်း။**

# ပညာဘဏ်တိုက်စာကြည့်တိုက်နှင့် စဉ်ဆက်ပညာရေး

**လှလှဌေး**
(ပြန်/ဆက်)

**"နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းနေအရွယ်ကလေးသူငယ်တိုင်း ကျောင်းနေစေရေး၊ ကျောင်းပညာရေး ပြီးဆုံးအောင် ကျောင်းနေမှုန်၊ ကျောင်းနေမြဲစေရေးတို့ အတွက် ကြိုးပမ်းဆောင်ရွက်နေစေသကဲ့သို့ ကျောင်းနေရွယ်ကလေးများကိုလည်း အခြေခံစာတတ်မြောက်စေရေး၊ ယင်းမှတစ်ဆင့်တက်ပြီး လုပ်ငန်းအကျိုးပြု၊ ဘဝအကျိုးပြု စာတတ်မြောက်စေရေး၊ စဉ်ဆက် ပညာဆည်းပူးသွားစေရေးတို့အတွက် အမျိုးသားပညာရေး အဆင့်ဆင့်တွင် ထည့်သွင်းချမှတ်ပြီး ကျောင်းပြင်ပ ပညာရေးလုပ်ငန်းကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း"** ၂၀၀၃ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့တွင် ကုလသမဂ္ဂ စာတတ်မြောက်ရေးနေ့ ဆယ်စုနှစ် အထိမ်းအမှတ်အခမ်းအနား၌ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ထည့်သွင်း ပြောကြားသွားခဲ့ပေသည်။

၂၁ ရာစုသည် ပညာခေတ်ဖြစ်သည်နှင့်အညီ ခေတ်နှင့် လျော်ညီစွာ ဖြစ်ပေါ်လာသော နည်းပညာများကို အချိန်နှင့် တစ်ပြေးညီအသုံးချနိုင်ရန် အမြဲရှင်သန်နေသော ပညာရေးဝန်းကျင်ကို စနစ်တကျတီထွင်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် စာပေအစဉ်အလာကြီးမားခဲ့သော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ပညာရေးသည် နိုင်ငံတော်စွမ်းအားဖြစ်သည့်အလျောက် အခြေခံလူ့အခွင့်အရေး တစ်ရပ်လည်း ဖြစ်ပေရာ နိုင်ငံအတွင်း၌ ရေရှည်တိုးတက်ဖွံ့ဖြိုးမှု၊ ငြိမ်းချမ်းမှုနှင့် တည်တံ့ခိုင်မြဲမှုတို့အတွက် အဓိကအချက် တစ်ချက်လည်း ဖြစ်ပါသည်။

**အင်းစိန်မြို့ ပညာဘဏ်တိုက် စာကြည့်တိုက်တွင် ကျောင်းပိတ်ရက်၌ ကျောင်းသား ကျောင်းသူများ စိတ်ဝင်တစား စာပေဖတ်ရှု လေ့လာနေကြစဉ်။**

နိုင်ငံတော်က ချမှတ်ပေးထားသည့် မူဝါဒများနှင့်အညီ ပညာရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ အစဉ်သင်ယူနေသော လူ့အဖွဲ့အစည်းတစ်ရပ် ထူထောင်နိုင်ရန်အတွက် ကျောင်းတွင်း ပညာရေးကဏ္ဍ (Formal Education) တစ်ခုတည်းနှင့် မလုံလောက်ပါ။ ထို့ကြောင့် (Non-Formal Education)ကိုပါ အကောင်အထည်ဖော်လျက် ရှိပါသည်။

ပညာရေးတီထွင်ဆန်းသစ်မှုတစ်ရပ်ဖြစ်သော အီလက်ထရွန်နစ်ပညာရေးကို နိုင်ငံတော်အစိုးရက လူ၊ ပစ္စည်း (ငွေ၊ အချိန်)နှင့် အတတ်ပညာအရင်းအမြစ်များကို ရင်းနှီးမြှုပ်နှံပေးလျက်ရှိပါသည်။ ပညာရေးဝန်ကြီးဌာနသည် သင်ယူမှုဌာနပေါင်း ၄၅၅ ခုသို့ Electronic Data Broadcasting Systemဖြင့် ပို့ချချက်များကို ထုတ်လွှင့်ပေးလျက်ရှိပါသည်။ နိုင်ငံတော်၏စေတနာကို သိရှိနားလည်ပြီး ကျေးဇူးတုံ့ပြန်သောအားဖြင့် အီလက်ထရွန်နစ်ပညာရေးကို စွမ်းစွမ်းတမံအသုံးပြုရန် အထူးလိုအပ်လှပါသည်။ မြန်မာ့ပညာရေးသမိုင်းတွင်လည်း ထူးခြားသော မှတ်တိုင်တစ်ခုဖြစ်သလို ပညာရေးကဏ္ဍတွင်လည်း တီထွင်ဆန်းသစ်မှုတစ်ခုဖြစ်ပါသည်။

ထို့အပြင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ခရိုင်ရုံး ၆၁ ရုံး၊ မြို့နယ်ရုံး ၂၄၈ ရုံး၊ မြို့နယ်ခွဲရုံး ခုနစ်ရုံးနှင့် ဒေသရုံး ၄၃ ရုံးတို့တွင် ပညာဘဏ်တိုက်စာကြည့်တိုက်ပေါင်း ၃၅၉ ခု ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသည်။ နယ်လှည့်စာကြည့်တိုက်လှုပ်ရှားမှုများ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏လိုလားချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်တွင် ပါဝင်သော ကျေးလက်နေပြည်သူများ ပညာရေးအဆင့်အတန်းမြင့်မားရေးဟူသည့် ရည်ရွယ်ချက်အရ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများဖြစ်သည့် နယ်စပ်ဒေသနှင့် တောင်ပေါ်မြေပြန့်ဒေသများပါမကျန် ပြည်သူများ မှန်ကန်သော အသိပညာတိုးပွားစေရေးအတွက် နယ်လှည့်စာကြည့်တိုက်များကို ဖွင့်လှစ် ဆောင်ရွက်လျက် အသိပညာများ ဖြန့်ဝေပေးလျက်ရှိသည်မှာ ကျေးလက်နေ ပြည်သူများ စာပေနှင့် အမြဲထိတွေ့နေစေရန်

နှင့် အသိပညာဗဟုသုတများ တိုးပွားလာစေရန်အတွက် ထိရောက်သောနည်းလမ်းတစ်ခုပင် ဖြစ်ပါသည်။ ဤသည်မှာ စာဖတ်သူတိုင်း စာဖတ်ရှိန်မြှင့်တင်ရေး၊ စဉ်ဆက်ပညာရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသော နည်းလမ်းတစ်ခုလည်း ဖြစ်ပါသည်။

ကျေးလက်နေပြည်သူများ စာဖတ်ရှိန်မြင့်တက်လာပြီး အသိပညာ ဗဟုသုတများ တိုးပွားလာသည်နှင့်အမျှ ၎င်းတို့၏ လုပ်ငန်းခွင်လည်းဖြစ်သော၊ မြန်မာနိုင်ငံ၏ အသက်သွေးကြောသဖွယ်လည်းဖြစ်သော လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကိုလည်း ကြီးစွာအထောက်အကူပြုမည်မှာ အသေ

**မင်္ဂလာဒုံမြို့နယ် ပညာဘဏ်တိုက် စာကြည့်တိုက်တွင် ပြည်သူများ စာပေဗဟုသုတ တိုးပွားစေရန် ဤသို့ စာပေဖတ်ရှု လေ့လာခဲ့ကြသည်။**

အချာပင်ဖြစ်ပါသည်။ တစ်ဖက်ကလည်း စာပေအသိ ပညာဗဟုသုတများ ကြွယ်ဝလာသည်နှင့် ကျန်းမာရေး၊ လူမှုရေး၊ တွေးခေါ်ဆင်ခြင် မြော်မြင်မှုများပါ တစ်ဆက်တည်း ဖြစ်ထွန်းတိုးတက်လာကြပြီး နိုင်ငံတော်က ချမှတ်ထားသည့် ကျေးလက်နေ ပြည်သူများ ဖွံ့ဖြိုးတိုးတက်လာရေးကို တိုက်ရိုက် ထောက်ကူဆယ်မပေးနိုင်မည် ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် လူဦးရေ ၅၃ သန်းကျော်ရှိသည့်အနက် ရာခိုင်နှုန်း ၇၀ မှာ ကျေးလက်နေပြည်သူများဖြစ်သည်။ စာကြည့်တိုက် ဖွင့်လှစ်ထားရှိသည့် မြို့ပေါ်သို့ သွားရောက်ဖတ်ရှုရန်မလွယ်ကူသော ကျေးလက်နေပြည်သူများ အသိပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအနေနှင့် နယ်လှည့်စာကြည့်တိုက်များကို ကွင်းဆင်းဆောင်ရွက် ဖွင့်လှစ်ပေးခဲ့ပါသည်။ ကျေးလက်နေ ပြည်သူများအဖို့ အသိပညာများ တိုးပွားလာသည်နှင့်အမျှ မိမိတို့ဒေသအသီးသီးတွင် အချိန်အခါမရွေး ဖတ်ရှုလေ့လာနိုင်ကြမည့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ထူထောင်လာကြပါသည်။ဤသို့ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်သည့်အခါတွင်လည်း ပြန်ကြားရေးဝန်ကြီးဌာန၏ စီစဉ်ကြီးကြပ်မှု၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုများဖြင့် ပညာဘဏ်တိုက်စာကြည့်တိုက်များကို စနစ်တကျတိုးချဲ့ ဖွဲ့စည်းထူထောင်လာခဲ့သည်မှာ ယခုဆိုလျှင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၁၇၂၅ ခုအထိ ဖွဲ့စည်းထူထောင်နိုင်ခဲ့ပြီးဖြစ်ပါသည်။ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်းသည် ကျေးလက်ဒေသနေ ပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုလျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ ပညာရေးမျှော်မှန်းချက်မှာ မျက်မှောက်ကာလဖြစ်သော ပညာခေတ်ကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော ပညာရေးစနစ် ထွန်းကားလာစေရန်ပင် ဖြစ်ပါသည်။ အစဉ်လေ့လာသင်ယူနေသော လူ့ဘောင် အဖွဲ့အစည်းဖြစ်လာစေရန် ကျောင်းတွင်းပညာရေး၊ ကျောင်းပြင်ပ ပညာရေးနှင့် ကိုယ်တိုင်သင်ယူပညာရေးစသည့် နည်းလမ်းသုံးသွယ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ပညာရေးလုပ်ငန်းများကို နိုင်ငံတော်က ချမှတ်

အကောင်အထည်ဖော်နေသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ဆက်စပ်ဆောင်ရွက်သဖြင့် ပိုမိုထိရောက်အောင်မြင်လျက်ရှိနေသည့်အတွက်လည်း အရည်အသွေးမြင့်မားပြီး လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာမည်မှာ အမှန်ပင်ဖြစ်ပါသည်။ အောင်မြင်မှုနှင့်အတူ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဖွင့်လှစ်ထားရှိသော စာကြည့်တိုက်များအပါအဝင် ကွင်းဆင်းဆောင်ရွက်ရသော နယ်လှည့်စာကြည့်တိုက်များ ဖွင့်လှစ်ပေးနိုင်သည့်အတွက် နိုင်ငံတော်က မျှော်မှန်းထားသော ပညာရေးပတ်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်လာစေပါသည်။

မြန်မာနိုင်ငံသည် စာတတ်မြောက်ရေးလုပ်ငန်းကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိသော နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းမှ ရရှိလာသော အကျိုးရလဒ်ကောင်းမှာ ၂၀၀၃ခုနှစ်တွင် တစ်နိုင်ငံလုံး စာတတ်မြောက်မှုနှုန်း ၉၂ ဒသမ ၂ ရာခိုင်နှုန်းအထိ တိုးတက်လာခြင်းပင်ဖြစ်ပါသည်။ စာတတ်မြောက်သူများ စာပေနှင့်အမြဲထိတွေ့နေစေရန် စာဖတ်ရှိန်မြှင့်တင်ပေးရန် လိုအပ်ပါသည်။ ဤလိုအပ်ချက်ကို ပညာဘဏ်တိုက်စာကြည့်တိုက်များက စာတတ်ပြီးသူတိုင်း စာပေလေ့လာဖတ်ရှုနိုင်ရေးနှင့် ကျောင်းပြင်ပ ပညာရေးတို့ အတွက် များစွာ အထောက်အကူပြုလျက် ရှိပါသည်။

သို့ဖြစ်ရာ ပညာဘဏ်တိုက်စာကြည့်တိုက်များကို ဖွင့်လှစ်ထားရှိခြင်းဖြင့် စဉ်ဆက်ပညာရေး အစီအစဉ်များကိုလည်း များစွာအထောက်အကူပြုလျက် ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**ပညာရည်ချွန်ဆု**

**ဇန်နဝါရီ ၁၆ ရက်က ရွှေပြည်သာမြို့နယ် အမှတ်(၃၆) အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ၂၀၀၂-၂၀၀၃ ပညာသင်နှစ်အတွက် နှစ်ပတ်လည်ညီလာခံနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်လှမေက ဘက်စုံထူးချွန်ဆုရ သူငယ်တန်းမှ မအိချောချောပိုအား ဆုချီးမြှင့်စဉ်။**

(က-ပ)

**ဆုချီးမြှင့်**

**ဇန်နဝါရီ ၁၇ ရက်က ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် (၁၀၇)ရပ်ကွက် အမက(၂၃)ကျောင်းတွင် ကျောင်းသားစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးဘညွန့်က ဆုရကျောင်းသား မောင်စိုင်းဝဏ္ဏလွင်အား ဆုချီးမြှင့်စဉ်။**

**(က-ပ)**

ဇန်နဝါရီ၁၀ရက်က ဟသ်ာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်း လိုက်ပါလျက် မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများအား ရပ်ကွက်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးစဉ်။ (က-ပ)

# ကလေးသူငယ်ကာကွယ်စောင့်ရှောက်မှု အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ဟားခါး ဇန်နဝါရီ ၃**

လူမှုဝန်ထမ်းဦးစီးဌာနနှင့် ယူနီဆက်(ဖ်)တို့ ပူးပေါင်းဖွင့်လှစ်သော ပြည်နယ်အဆင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၀ ရက်က ချင်းပြည်နယ် ဟားခါးမြို့ မြို့တော် ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှက အမှာစကားပြောကြားပြီး ယူနီဆက်(ဖ်) အဖွဲ့ ခေါင်းဆောင် ဦးတိုက်အောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ပြည်နယ်အဆင့် ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၀ မှ ၂၁ရက်အထိ နှစ်ရက်ကြာ ကျင်းပကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# တိုင်းမီးသတ်ဦးစီးမှူး မီးဘေးကာကွယ်ရေး ကြည့်ရှုစစ်ဆေး

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၃**

ဧရာဝတီတိုင်း မီးသတ်ဦးစီးဌာနမှူး ဦးစည်သူသည် မြောင်းမြခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးထွန်းဝေ၊ မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးသန်းစိုးတို့ လိုက်ပါလျက် ဒီဇင်ဘာ ၂၄ရက်နံနက်က မော်လမြိုင်ကျွန်းမြို့ အမှတ် ၁၆ ဖွဲ့နှဆီစက်နှင့် အမှတ် ၅၁၁တန်တစ်ရာစက်ရုံတို့၏ မီးဘေးကြိုတင် ကာကွယ်ရေး အရေးပေါ်မီးငြိမ်းသတ်ရေးနှင့် မီးသတ်ပစ္စည်းများ ကြံ့ခိုင်စွမ်းရည်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်တိုင်းမီးသတ်ဦးစီးဌာနမှူး ဦးစည်သူနှင့်အဖွဲ့သည် တန်တစ်ရာ စက်ရုံခန်းမနှင့် ဖွဲ့နှဆီစက်ခန်းမတို့တွင် စက်ရုံသီးသန့်မီးသတ် တပ်ဖွဲ့ဝင်များ၊ စက်ရုံဝန်ထမ်းများနှင့် တွေ့ဆုံကာ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဆွေးနွေးမှာကြားပြီး တန်တစ်ရာစက်ရုံမှူး ဦးတိုးမြင့်နှင့် ဖွဲ့နှဆီစက်စက်ရုံမှူး ဦးဝင်းသိန်းတို့က စက်ရုံများ မီးဘေးကြိုတင်ကာကွယ်ရေး အတွက် စီမံထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။**(မြို့နယ် ပြန်/ဆက်)**

**ဒီဇင်ဘာ ၃၀ ရက်က တောင်တွင်းကြီးမြို့နယ် အောင်သုခကျေးရွာနှင့် ညောင်ဝန်းကျေးရွာသို့ ဆက်သွယ်သည့် လမ်းအရှည် ပေ ၇၂၀၀ မြေသားလမ်းပေါ်တွင် ကျောက်ချောလမ်းခင်းနိုင်ရန် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးညိုဝင်းနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ ကျေးရွာသားစုပေါင်း၍ မြေသားတင် တာဖို့ ပြင်ဆင်ဆောင်ရွက်စဉ်။ (က-ပ)**

# ထားဝယ်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အဖွဲ့ဝင်သားသမီးများအားပညာသင်ထောက်ပံ့

**ထားဝယ် ဇန်နဝါရီ ၁၀**

ထားဝယ်မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ အဖွဲ့ဝင်သားသမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲကို ၂၀၀၂ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်က အဖွဲ့ ရုံးခန်းမ၌ ပြုလုပ်ရာ ထားဝယ်ခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကြွယ်၊ မြို့နယ်စည်းရုံးရေး ကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီးငွေသိန်း (ငြိမ်း) နှင့် စည်းရုံးရေးကော်မတီဝင်များ၊ အဖွဲ့ဝင်များနှင့် ၎င်းတို့၏ သားသမီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ကြွယ်က စစ်မှုထမ်းဟောင်းအဖွဲ့၏ လုပ်ငန်းစဉ်ငါးရပ်အား ရှင်းလင်းပြောကြားပြီး မြို့နယ် စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီး ငွေသိန်း(ငြိမ်း)က အဖွဲ့၏ လက်ရှိလုပ်ငန်း ဆောင်ရွက်နေမှု၊ ဘဏ္ဍာရေး အခြေအနေနှင့် ပညာသင် ထောက်ပံ့ငွေ ပေးအပ်ရခြင်းတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ကြွယ်က မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့သို့ အလှူငွေ ကျပ်၃၀၀၀၀ ပေးအပ်ပြီး ခရိုင်ဥက္ကဋ္ဌနှင့် မြို့နယ်ဥက္ကဋ္ဌတို့က အဆင့်မြင့်တန်း၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် အဖွဲ့ဝင်သား သမီး ကျောင်းသားကျောင်းသူ ၁၀၃ ဦးတို့အား ပညာသင် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

(က-ပ)

ရန်ကုန် (တောင်ပိုင်း) ခရိုင် ခရမ်းမြို့ ကိုးနဝင်းစေတီ တန်ဆောင်းအတွင်း ဇန်နဝါရီ၁၉ရက်က မင်းကွန်းတောင်ရိုး မဟာသံဃိက ဓမ္မသာရ (ရေ၊ မီး၊ ဆွမ်း၊ ဆေး) အလှူငွေ စုပေါင်းပေးအပ်ပွဲကို ကျင်းပရာ မြို့နယ်အတွင်းမှ စုပေါင်းလှူဒါန်းငွေ ကျပ်၆၃၀၀၀၀ကိုမြို့နယ် အကျိုးတော်ဆောင်ဥက္ကဋ္ဌဦးလှမှင်နှင့် အတွင်းရေးမှူး ဦးဌေးလွင်တို့က ဘဒ္ဒန္တဓမ္မသာရ (ဒီဃဘာဏက) ဆရာတော်ထံ ဆက်ကပ် လှူဒါန်းကြစဉ်။ (၂၈၃)



ဒီဇင်ဘာ ၃၁ ရက်က ညောင်လေးပင်မြို့ ကျေးလက်အိမ်ရာ ဆောက်လုပ်မှု အခြေအနေများ အား ပဲခူးတိုင်းစည်ပင်သာယာရေး အဖွဲ့ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် စစ်ဆေးကြည့်ရှုရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးမြတ်စိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးမြင့်လှိုင်တို့က ရှင်းလင်း တင်ပြစဉ်။ (၁၃၄)

# မိဘဆရာအသင်းစည်းဝေး၊ ဆုချီးမြှင့်ပွဲကျင်းပ

**လှိုင်းဘွဲ့ ဇန်နဝါရီ ၁၂**

လှိုင်းဘွဲ့မြို့နယ် နောင်ဘိုကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၏ ၂၀၀၂-၂၀၀၃ခု ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် နံနက်က အဆိုပါ ကျောင်းဆောင်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ယာယီဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြည်ဝင်းနှင့်လက်ထောက် ပြည်နယ်ပညာရေးမှူး (စစ်ဆေးရေး) ဦးစောလှသိန်းတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ၂၀၀၂-၂၀၀၃ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစီရင်ခံစာကို ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းမြကြည်နှင့် ဘဏ္ဍာရေးရှင်းတမ်းနှင့် ရှေ့လုပ်ငန်းစဉ်ကို ဆရာမ ဒေါ်နန်းလင်းလင်းတို့က ဖတ်ကြားပြီး ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# ပညာရေးစုံညီပွဲတော် ပန်းတနော်၌ကျင်းပ

**ပန်းတနော် ဇန်နဝါရီ ၈**

ပန်းတနော်မြို့နယ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက် နံနက် ၁၀နာရီက အမကဆယ်နှစ်ရွာကျောင်း၌ ကျင်းပရာ ရှေးဦးစွာ ပန်းတနော်မြို့ အထက အဌမတန်းမှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သံပြိုင်သီဆိုဖွင့်လှစ်ပြီး အခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဟန်နှင့် မြို့နယ်ပညာရေးမှူး ဦးထန်ထိုင်းတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက်မြို့နယ်အတွင်းရှိအထက၊ အလက၊ အမကကျောင်းများမှ ဘက်စုံထူးချွန်ထက်မြက်သည့် ကျောင်းသား ကျောင်းသူများကို မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဟန်၊ မြို့နယ်ပညာရေးမှူး ဦးထန်ထိုင်းနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။ ဆက်လက်၍ ကျောင်းသားကျောင်းသူများက တေးသီချင်းများဖြင့် သီဆိုကပြကြသည်။

အခမ်းအနားသို့ အထက၊ အလက၊ အမကကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဘက်စုံထူးချွန်ဆုရရှိသူ ကျောင်းသူ ကျောင်းသားများ၊ မိဘများ တက်ရောက်ကြသည်။ (၃၂၇)

# ပညာသင်ထောက်ပံ့ကြေးပေးအပ်

**မကွေး ဇန်နဝါရီ ၁၀**

ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံးချုပ်မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ရက် မွန်းတည့် ၁၂နာရီက မကွေးတိုင်း မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း တိုင်းမန်နေဂျာရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုင်းမန်နေဂျာဦးသွင်လင်းကပညာသင်စရိတ်ထောက်ပံ့ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားပြီး မူလတန်း၊ အလယ်တန်း၊အထက်တန်းကျောင်းသား ကျောင်းသူ ၅၁၅ဦးအတွက် ပညာသင်စရိတ်ထောက်ပံ့ငွေများကို သက်ဆိုင်ရာ တာဝန်ခံများသို့ ပေးအပ်လိုက်သည်။ (၃၈၃)

# အမြို့မြို့ အနယ်နယ် သတင်းများ

ဇန်နဝါရီ ၈ရက်က ပေါက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော အောင်တော်မူရပ် အောင်သုခလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးဝင်းမောင်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (က-ပ)

# ကျေးရွာချင်းဆက် မြေသားလမ်းဖွင့်

**မိတ္ထီလာ ဇန်နဝါရီ ၄**

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်အတွင်း တာဝန်ယူ ဆောင်ရွက်ခဲ့သော ဂဋ္ဌုကုန်း-ကျောက်ဖြူကုန်းကျေးရွာချင်းဆက် မြေသားလမ်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ရက်က လမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးညီညီတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** အဆိုပါလမ်းမှာ ကျေးရွာချင်း ဆက်မြေသား လမ်းဖြစ်ပြီး အရှည် ၃မိုင် ၅ ဒသမ ၁၄ဖာလုံ၊ အကျယ် ၁၂ပေ ဖောက်လုပ် ခဲ့ခြင်းဖြစ်ပြီး အဖွဲ့ရန်ပုံငွေကျပ် ၆၉၉၂၀၀၀ အကုန်အကျခံ ဖောက်လုပ်ခဲ့သော လမ်းဖြစ်ကြောင်း သိရသည်။ (က-ပ)

သင့်အားစောင့်မျှော်နေသော ငွေဆောင်ကမ်းခြေ ...

## The Palm Beach Resort

Ngwe Saung (Silver Beach)
Pathein, Myanmar

| (၂)ညအိပ်(၃)ရက်ခရီး (၁)ဦးအတွက် ကားခအပါအဝင် | Sea-View (Adults) | Garden-View (Adults) | Children (Under 12) |
|---|---|---|---|
| နံနက်စာအပါအဝင် | Ks - 91,000 | Ks - 71,000 | Ks -51,000 |
| နံနက်စာ+နေ့လယ်စာ အပါအဝင် | Ks -115,000 | Ks - 95,000 | Ks -63,000 |
| နံနက်စာ+နေ့လယ်စာ+ညစာအပါအဝင် | Ks -145,000 | Ks -125,000 | Ks -75,000 |

| (၃)ညအိပ်(၄)ရက်ခရီး (၁)ဦးအတွက် ကားခအပါအဝင် | Sea-View (Adults) | Garden-View (Adults) | Children (Under 12) |
|---|---|---|---|
| နံနက်စာအပါအဝင် | Ks -131,000 | Ks -101,000 | Ks - 71,000 |
| နံနက်စာ+နေ့လယ်စာ အပါအဝင် | Ks -167,000 | Ks -137,000 | Ks - 89,000 |
| နံနက်စာ+နေ့လယ်စာ+ညစာအပါအဝင် | Ks -215,000 | Ks -185,000 | Ks -105,000 |

ဆက်သွယ်ရန်လိပ်စာ

၂၆၂-၂၆၄ ... ရန်ကုန်မြို့။

ဖုန်း - ... E-mail: DAGON@mptmail.net.mm



မင်းကွန်းတောင်ရိုး ခိုမိတ်ကုန်းမြေ

## မင်းကွန်း ထီပိဋကဓရ လှမ်းခေတီ ဈေးသက်သာဆက်ကပ်

## လှူဒါန်း ပူဇော်နိုင်ပါသည်

[illegible]



ဆက်သွယ်လှူဒါန်းနိုင်သော ဌာနများ

[illegible]


## ဝမ်းမြောက်ဂုဏ်ယူခြင်း

ပဲခူးမြို့ အမှတ်(၃)အထက (ယခင် အမျိုးသား တန်းမြင့်ကျောင်း) ကျောင်းကျန်းမာရေး ဆေးခန်းအလှူရှင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ကျောင်းသားဟောင်း ဦးမြင့်စိန်၏ဇနီး သီဟသုဓမ္မသီဂိဘွဲ့တံဆိပ်ရ ဒေါ်လှကြည်အား ၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်က သီရိသုဓမ္မသီဂိဘွဲ့တံဆိပ် ထပ်မံချီးမြှင့်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့်ဆက်လက်၍ ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

(၁) ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊
(၂) ကျောင်းသား ကျောင်းသူဟောင်းများ၊
(၃) ကျောင်းအကျိုးတော်ဆောင်နှင့် မိဘဆရာအလုပ်အမှုဆောင်အဖွဲ့

**အမှတ်(၃)အထက၊ ပဲခူး**

## ဝမ်းမြောက်ကျေးဇူးတင်ရှိခြင်း

ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ သမိုင်းဝင် မဟာဓမ္မရံသီ အိမ်တော်ရာစေတီတော်မြတ်ကြီး၏ (၁၅၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအား ယခုနှစ် ပြာသိုလပြည့်နေ့ တွင် စေတီတော်ရင်ပြင်တော်ပေါ်၌ ကျင်းပပြုလုပ်ခဲ့ရာ ဌာနဆိုင်ရာ၊ လူမှုရေးအဖွဲ့အစည်းများ၊ အလှူရှင်များ သဒ္ဓါတရားထက်သန်စွာ လောင်းလှူပေးခဲ့ကြသည့်အတွက် စေတီတော်ဂေါပကအဖွဲ့အနေဖြင့် ဝမ်းမြောက်ကျေးဇူးတင်ရှိပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**ဂေါပကအဖွဲ့**
**မဟာဓမ္မရံသီ အိမ်တော်ရာစေတီတော်မြတ်ကြီး**
**ဒဂုံမြို့နယ်။**

## ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်မိတ်ဆွေများ၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈E)မြေကွက်အမှတ် ၈၇ ဧရိယာ ၀.၀၂၉၈ဧက၊ (၂၅x၅၀)ပေ ကျယ်ဝန်းသော အိမ်အမှတ် (၃၃) မအူပင်လမ်း၊ ကျွန်းတောတောင် ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ အိမ်မြေဥပစာကို ဝယ်ယူရန် ဦးအောင်ကျော်ညွန့် ၁၂/ဥကတ (နိုင်) ဝ၅၈၂၂၇သို့ စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ကို ဆက်လက်ပြုလုပ ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိသာရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–

**ဦးသိန်းညွန့်**
**B.A., H.G.P., R.L., D.B.L.,D.M.L**
**တရားရုံးချုပ်ရှေ့နေ**
**(ရုံး) အမှတ် ၅၈၊ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၇၀၉၄၁၃၊၂၅၀၉၂၇**
**(အိမ်) အမှတ် ၃၊ မအူပင်လမ်း၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း–၅၀၀၂၅၁**

## ရောင်းရန်ကြော်ငြာစာ

**တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆**
**ဖလမ်းခရိုင်တရားရုံး**
**၂၀၀၂ ခုနှစ် တရားမဇာရီမှု အမှတ် ၂**

မြန်မာ့စီးပွားရေးဘဏ် နှင့် ၁။ ဒေါ်သျှောင်ခင်ဒွန်း
တီးတိန်မြို့ ၂။ ဦးထန်လျှန်ခုပ်
မြို့မရပ်ကွက်၊ တီးတိန်မြို့

**ဒီကရီရရှိသူ** **တရားရှုံး**

၂၀၀၀ ပြည့်နှစ် တရားမကြီးမှုအမှတ် ၄၈ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက် (၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၅ ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီအချိန်တွင် ပစ္စည်း တည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

တီးတိန်မြို့ မြို့မရပ်ကွက် မြေကွက်အမှတ် ၄၇၊ ဦးပိုင်အမှတ် ၃၅၊ ဧရိယာ ၀ ဒသမ ၀၅၆ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အားလုံး၊ လုပ်ငန်းပိုင် ကုန်ပစ္စည်းအားလုံး။

(လေလံကြမ်းခင်းဈေး ကျပ် ၁၆၀၀၀၀၀)
(ကျပ်တစ်သန်းခြောက်သိန်းတိတိ)

**ရောင်းချရန်စည်းကမ်းချက်**

၁။ စာရင်းတွင်ဖော်ပြပါရှိထားသော အချက်များမှာ တရားနိုင်က တရားရှုံးသူ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဌေးဝင်း**
**ဒုတိယခရိုင်တရားသူကြီး**
**ဖလမ်းခရိုင်တရားရုံး**
**ဖလမ်းမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ နယ်တရားမရုံး၌**
**၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၂၁၆**

ဦးစိုးနောင် (အငြိမ်းစားဗိုလ်မှူး) **နှင့်** ၁။ ဦးကျော်မြင့် (ခ) ဦးဟာရှင်
(၎င်း၏ကိုယ်စားလှယ်ရသူ ဦးကျော်သူစိုး) ၂။ ဒေါ်သီတာ
၃။ ဦးမာမက်ကာစင်

**တရားလို** **တရားပြိုင်များ**

၁။ ဦးကျော်မြင့်(ခ)ဦးဟာရှင်၊ ၂။ ဒေါ်သီတာ(အဆောက်အအုံကန်ထရိုက်တာများ) အမှတ် ၆၀၊ ၁၁၉ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ ဦးစိုးနောင်က ပဋိညာဉ်အတိုင်းကျန်ငွေ တစ်သိန်းကို လက်ခံ၍ တိုက်ခန်းလက်ခံ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့် ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၉ ရက် (၁၃၆၅ ခုနှစ် တပို့တွဲလဆုတ် ၄ ရက်) မွန်းမတည့်မီ နံနက် ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဦးမျိုးတင့် B.A (Law), LL.B**
**(တ/၁၇၁၃)**
**ဒုတိယခရိုင်တရားသူကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်**

## ဝမ်းမြောက်ဂုဏ်ယူခြင်း

ပဲခူးမြို့ အမှတ်(၃)အထက (ယခင် အမျိုးသား တန်းမြင့်ကျောင်း) ကျောင်းသားဟောင်း ဦးဗိုလ်သန်း (ညွှန်ကြားရေးမှူးချုပ်၊ ပင်စင်ဦးစီးဌာန ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန)အား ၂၀၀၄ခုနှစ် (၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်က စီမံထူးချွန် (ပထမ)ဆင့် ချီးမြှင့်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**ကျောင်းသား၊ ကျောင်းသူဟောင်းများ။**


## DŌZO Fashion

Dress Making & Fashion Design Training School ဒေါ်သီတာဝင်း B.Sc,Dip in Fashion Design (Japan) (ဖက်ရှင်ဒီဇိုင်းပုံဆန်းများကို လက်တွေ့ချုပ်နိုင်၊ ထွင်နိုင်၊ သင်တန်းပေးနိုင်သည့်အထိ Koran Fashion Design (Japan)ကျောင်းမှ နည်းများအတိုင်း သင်ကြားပါသည်။

**Basic Course** – Blouse + Skirt
**သင်တန်းစမည့်ရက်** – ၃၁–၁–၂၀၀၄
**Advance Course** – Coat + Trouser + Expect pattern
**စုံစမ်းရန်နှင့် စာရင်းပေးသွင်းရန်** – အမှတ် ၅၈၄၊ ဓမ္မာရုံလမ်းမကြီး၊ ၁၁ရပ်ကွက်၊ လှိုင်မြို့နယ် ခြောက်မိုင်ခွဲ၊ ဖုန်း–၅၃၆၈၆၁
email-dozo @myanmar.com.mm



## Myanmar Chefs Association is Pleased to Announce

Basic European Cooking Course &
Advanced European Cooking Course
During the Week Days
From 27.1.2004 to 20-2-2004
for More Detailed Information Please Call us at
501123 or 09-500-3633


**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်လှတင်(ထန်းတပင်၊ဇီးကုန်း)**

ရေနံချောင်းဒီဂရီကောလိပ်၊ ကျောင်းအုပ်ကြီး ဦးထွန်းအောင်–ဒေါ်နှင်းရီတို့၏ မိခင်ကြီး ဒေါ်လှတင် (ရန်ကြီးအောင်ရပ်၊ ထန်းတပင်၊ ဇီးကုန်း)သည် ၉–၁–၂၀၀၄ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမှုဖြစ်ရပါကြောင်း။

**ရေနံချောင်းဒီဂရီကောလိပ်မိသားစု**
**ရေနံချောင်း**

# မင်္ဂလာလက်ထပ်ထိမ်းမြားပြီးစီးခြင်း

ရန်ကုန်မြို့ အလုံမြို့နယ် ၄၀လမ်းနေ
ဦးဝင်းကြည် S.E (M.E.P.E) (ငြိမ်း)–ဒေါ်ကျင်သန်း
တို့၏သား
**မောင်ရန်နိုင်ဝင်း B.Sc (Hons), (Physics)**
နှင့်
ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သစ္စာဥယျာဉ်အိမ်ရာနေ
ဦးအောင်ကျော်ဦး M.D (Myanma Tip Top Tours & Travels) – ဒေါ်စန်းမြင့်
တို့၏သမီး
**မဝင်းမာဦး**

တို့သည် နှစ်ဖက်သောမိဘတို့၏ သဘောတူညီချက်အရ လက်ထပ်ထိမ်းမြားခြင်း၊ ဧည့်ခံခြင်း၊ မဟာစည် သာသနာ့ရိပ်သာတွင် ဆွမ်းပဒေသာပင်လှူဒါန်းခြင်း၊ ၂၂–၁–၂၀၀၄ ရက်တွင် ရန်ကုန်မြို့ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးတွင် မင်္ဂလာဧည့်ခံပွဲ ပြုလုပ်ပြီးစီးပါသဖြင့် ကြွရောက်ချီးမြှင့်သော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ရန်နိုင်ဝင်း–မဝင်းမာဦး။**

## ဖခင်အမည်မှန်

ရန်ကုန် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း ပဥ္စမတန်း(ခ)တွင်တက်ရောက်ပညာသင်ကြားနေသော မောင်ထင်ရှားကျော်ဇော၏ ဖခင်အမည်မှန်မှာ ဦးကျော်ဇော ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးသန်းလွင်၏သမီး အမက (၁) ဗဟန်း စတုတ္ထတန်း (ဂ)မှ မကစ်ကစ်အား မချမ်းမြေ့မြတ်ဆုဟု ပြောင်းလဲခေါ်ပါရန်။

**မချမ်းမြေ့မြတ်ဆု**



# ဝမ်းမြောက်ဂုဏ်ပြုခြင်း

နိုင်ငံတော်က သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်ကို ထိုက်တန်စွာ ချီးမြှင့်အပ်နှင်းခြင်းခံရသော ဆရာဦးဘိုကြီး (ရုပ်ပျိုတိုင်းရင်းဆေး) ရွှေဘိုမြို့ (ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း)အား ဝမ်းမြောက်ဂုဏ်ပြုပါကြောင်းနှင့် လုပ်ငန်းများ တိုးတက်အောင်မြင်၍ အဓွန့်ရှည်တည်တံ့စွာ ကုသိုလ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးအောင်မြင့်(ခ)ဦးပါ–ဒေါ်မိုးမိုး**
**သမီး မခိုင်ဇာ၊ မရွှေယမင်းဦး မိသားစု**
**လမ်းမတော်၊ ရွှေဘိုမြို့။**

# ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ဆရာကန်တော့ပွဲ (T.T.C) ကျင်းပမည်

၁၉၇၁–၇၂ သူငယ်တန်းမှ ၁၉၈၁–၈၂ ဒသမတန်း ပညာသင်နှစ်ထိ တက်ရောက် သင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ၏ ဆရာကန်တော့ပွဲအား အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ၂၄–၁–၂၀၀၄ရက် နောက်ဆုံးထား၍ ဆက်သွယ်ကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်။ (မည်သည့်နှစ်တွင် တက်ရောက်ခဲ့သည့် ကျောင်းသားကျောင်းသူဟောင်းများမဆို) ပါဝင်လှူဒါန်း တက်ရောက်နိုင်ပါသည်။

**ကျင်းပမည့်နေ့ရက်** – ၃၁–၁–၂၀၀၄ရက်(စနေနေ့)
**ကျင်းပမည့်အချိန်** – ၀၉:၀၀ နာရီမှ ၁၂:၀၀နာရီထိ
**ကျင်းပမည့်နေရာ** – ရတနာဗိမာန်ခန်းမ၊ မဟာဓမ္မရံသီ အိမ်တော်ရာ စေတီတော်မြတ်ကြီး၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်။
**ဆက်သွယ်ရန်** – ဒေါက်တာမိုးတင် (၅၅၈၉၅၀/၀၉၉၉ ၂၇၁၇၁)
ဒေါ်ခင်လေးမွန် ၅၁၀၀၆၄၊
ဦးစောမောင်မောင်ထွေး ၀၉–၅၀ ၀၀၆၇၆၊
ဒေါ်သင်ဇာလတ် ၇၀၄၃၃၁၊
ဦးမောင်မောင်လွင် ၅၁၄၆၉၅၊

**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူလျှောက်ထားခြင်း၊** ယာဉ်အမှတ်၃ခ/၁၀၀၈ မော်တော်ယာဉ်လက်ဝယ်ရှိသူက(ကမ–၃)မိတ္တူလျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန(ရန်ကုန်တိုင်း)**




## ကျေးဇူးဆပ်ပါမည်

ဦးသန့်နိုင်–ဒေါ်ရီရီနွဲ့တို့၏သမီး မမြတ်သွယ်နိုင်၏ Certificate of Identity No- ၅၆၉/၂၀၀၀ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါ၊ ကျေးဇူးဆပ်ပါမည်။

**ဦးသန့်နိုင်–ဒေါ်ရီရီနွဲ့**
**ဖုန်း–၅၃၉၆၈၈**
**Ex -747**




## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးလှထွန်း–ဒေါ်တင်နွဲ့တို့၏သမီး စန်းစန်းညိမ်း (ခ) မိပ သကတ(နိုင်) ၁၆၅၄၇၈ သည် မိဘနှင့် ညီအစ်ကိုမောင်နှမတို့အား စိတ်အနှောင့်အယှက် ဖြစ်အောင် အမျိုးမျိုးပြုမူသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။

**ဦးလှထွန်း သကတ(နိုင်)၀၄၁၆၂၄**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊**
**နည်းဥပဒေ ၂၀**
**ရောဝတီတိုင်း နယ်တရားမရုံး၌**
**၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၆၃**

| | | |
|---|---|---|
| မန်နေဂျာ<br>မြန်မာ့စီးပွားရေးဘဏ်<br>ဟင်္သာတမြို့ | **နှင့်** | ၁။ ဦးထိန်လင်း<br>၂။ ဒေါ်မြင့်မြင့်သိန်း |
| **တရားလို** | | **တရားခံ** |

ဇလွန်မြို့၊ အနော်ရထာလမ်း၊ လမ္ဘတော်မြောက်ရပ်နေ ဦးထိန်လင်း–ဒေါ်မြင့်မြင့်သိန်း သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဘဏ်ချေးငွေ အတိုးအရင်းစုစုပေါင်းငွေ ၄၁၃၇၉၈ဒို/ ၇၄ပြားအတွက် အပေါင်ဒီကရီရလိုမှု ရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၃၀ ရက် (၁၃၆၅ခုနှစ် တပို့တွဲလဆန်း ၉ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ခင်မျိုးညွန့်**
**တွဲဖက်တရားသူကြီး(၁)**
**ရောဝတီတိုင်းတရားရုံး**
**ပုသိမ်မြို့**

## စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့်ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

**အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊**
**ဗိုလ်တထောင်မြို့နယ် ဖုန်း–၂၄၅၆၂၀၊ ၂၄၅၆၄၂**

## မသန်စွမ်းသူများအတွက်
## အသက်မွေးဝမ်းကျောင်းပညာ သင်တန်းသားခေါ်ယူခြင်း

အကူအညီပေးရေးနှင့် ပြန်လည်ထူထောင်ရေးအသင်း (AAR)မှ ၂၀၀၄ခုနှစ် (ဒုတိယ)အပတ်စဉ် စက်ချုပ်နှင့် ဆံပင်အလှပြုပြင်ခြင်း အသက်မွေးပညာသင်တန်းများကို မေ ၄ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံအနှံ့အပြားရှိ မသန်စွမ်းသူများ လျှောက်ထားနိုင်ပါသည်။ လျှောက်လွှာများကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။

**သင်တန်းကာလ** – ၂၀၀၄ခုနှစ် မေ ၄ ရက်မှ ဩဂုတ် ၁၃ရက် အထိ။
**လူတွေ့စစ်ဆေးခြင်း** – ၂၀၀၄ ခုနှစ် ဧပြီ ၂၉ နှင့် ၃၀ ရက်။
**ဆက်သွယ်ရန်လိပ်စာ**– ကိုယ်အင်္ဂါမသန်စွမ်းသူများ သက်မွေးပညာသင်တန်းကျောင်း (AAR) အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံရှေ့၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၁ ၆၆၁၇၁၂ (AAR)

## ဖခင်အမည်မှန်

အထက တာချီလိတ် ဆဋ္ဌမတန်း(ဂ)မှ မတင်မာလွင်(ခ)နန္ဒာအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅–၆–၁၉၉၂ ဖြစ်ပြီး ဖခင်အမည်အမှန်မှာ ဦးနန္ဒာစိုးဖြစ်ပါကြောင်း။

## အမည်မှန်

ဦးသန်းထွန်း၏သမီး မနန်းခမ်းနွံ၏ အမည်မှန်မှာ မနန်းခမ်းနွန် ၁၃/ဟပန (နိုင်) ၀၃၃၄၅၃ ဖြစ်ပါသည်။

**မနန်းခမ်းနွန်**

## သမီးအဖြစ်မှစွန့်လွှတ်ခြင်း

မဖြူဖြူဝင်း(ခ)မဖြူဖြူအား ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဦးတင်ဝင်း–ဒေါ်ခင်ခင်ဦး**
**၁၂/အစန(နိုင်)၀၇၅၁၃၀**

## လဝန်းပမာ မေမေ မေတ္တာသို့

လွမ်းရပါကြောင်း ဆုမွန်တောင်းသည့် (၄)နှစ်တာမျှ ကြာခဲ့သော်လည်း သားမောင်မမေ့ကြောင်း ထပ်ဆင့်လောင်း၍ ဆုတောင်းမေတ္တာ အမျှဝေသည့် ချစ်တဲ့မေမေ(ဒေါ်ရီ) ရောက်ရာဘုံဘဝ ဘုံဌာနမှ မေတ္တာပို့၍ အမျှဝေသံ သာခုသံကို ကြားသိ မြင်နိုင်ပါစေသား…

**မေမေချစ်တဲ့သား တင်ချို(ချိုလေး) MRTV (မိတ်ကပ်)**

## အမှားပြင်ဆင်ချက်

၂၂–၁–၂၀၀၄ ရက်ထုတ် စာမျက်နှာ (၁၈)ပါ စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း မောင်ဝင်းမြင့်ထွန်း (ခ) မောင်ရဲသောင်–မပွင့်ဖြူသီ ကြော်ငြာတွင် အမှတ် ၁၄၁ အစား အမှတ် ၁၄၁၄ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဝမ်းနည်းကြေကွဲခြင်း

ပုဂံဟိုတယ်အတွက် ခုနစ်နှစ်တာမျှ တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားခဲ့သော အထွေထွေမန်နေဂျာ MR.J.D.Vossသည် ၁၈–၁–၂၀၀၄ရက် ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါ်အေးမြတ်နွယ်နှင့်မန်နေဂျာများ၊ဝန်ထမ်းများ၊ ပုဂံဟိုတယ်။**

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
## Daw Saa Tial
### အသက်(၈၉)နှစ်

ဖလမ်းမြို့နယ်၊ လိုင်းဒီးရွာနေ (ဦးတင်ခွဲ)၏ဇနီး၊ ဒေါ်ရွှန်ကျီသန်း၊ ဒုအရာခံဗိုလ် ရွှေဟရဲ(ငြိမ်း)–ဒေါ်ကျင်ထွေး၊ ဦးစံလွယ် BBS. R/O(ငြိမ်း)–ဒေါ်စန်းမီ၊ Dr.ဆွန်ဒွန်း(မွေး/ကု ဦးစီးဌာန)–ဒေါ်နီးဆုန်၊ ဦးဂျေသင်ကြုံး–ဒေါ်ဆသင်တီလ် (ပြန်/ဆက်၊ ကလေးမြို့)၊ ဦးမက်သျှူးသင်ဇာအုပ် (B Th ရုံးအုပ်ကြီး)အာရှအတွက်သတင်းကောင်းဓမ္မကောလိပ်–ဒေါ်နီးလောင်တို့၏မိခင်၊ မြေး ၁၅ ယောက်၊ မြစ် ၁၁ ယောက်တို့၏အဘွားသည် ၂၃–၁–၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၃–၁–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါက်တာဂျီအာလူးဝိစ်
### အဆုတ်ရောဂါအထူးကုဆရာဝန်ကြီး တောင်ကြီးမြို့
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ [ပါမောက္ခဒေါက်တာဒီအာရ်လူးဝစ်(စ်)–ဒေါ်အယ်လ်မာ]တို့၏သား၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ရှမ်းမျှော်ခင်းလမ်း၊ အိမ်အမှတ် ၂၆၄ နေ ဒေါ်မော်လီ၏ခင်ပွန်း၊ ဦးစိုးညွန့်ဆွေ(ခ)Albert–Lynda၊ ဦးဝင်းမောင်–ဒေါ်သီတာမော်(ခ)Christine၊ Mr.Uwe–ဒေါ်နီလာမော်(ခ)Cynthiaဦးလှမိုး(ခ)Julian–ဒေါ်သီတာအောင်၊ ဦးကျော်ကျော်စိုး(ခ) Jeffery–ဒေါ်မေဟန်အိ(ခ)Candida တို့၏ဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် ၂၂–၁–၂၀၀၄ရက် (ကြာသပတေးနေ့)ညနေ ၄း၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၄–၁–၂၀၀၄ရက်(စနေနေ့)မွန်းလွဲ ၁ နာရီတွင် စိန့်ဂျိုးဇက်ဘုရားကျောင်းမှ ဝတ်ပြုကာ တိုင်းရင်းသားပေါင်းစုံ ကက်သလစ်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

---

## အရာခံဗိုလ်အောင်ကြည် (ငြိမ်း)
### အသက်(၆၄)နှစ်

မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄/၆)ရပ်ကွက်၊ မင်းရဲသင်္ခယာလမ်း၊ အမှတ် ၃၈၁နေ ဒေါ်နုနု၏ခင်ပွန်း၊ ကိုမိုးကျော်အောင်၊ မခင်ခင်လေး၊ မသီသီလေး၊ မသွယ်သွယ်လေးတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၃–၁–၂၀၀၄ရက် (သောကြာနေ့) တွင် ကွယ်လွန်သွားပါ၍ ၂၅–၁–၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁၂း၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံမှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

---

## ဦးချစ်ဆွေ
### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် ၆၊ ဘောဂသိဒ္ဓိလမ်း၊ မြသဇင်အမှုန့်ကြိတ်စက်ဝင်းနေ(ဦးစိန်–ဒေါ်ခင်မေ)တို့၏သား၊ ဒေါ်ဒေါ်လီ၏ခင်ပွန်း၊ မခင်ဆွေဦး၊ မောင်အောင်စိုးမြတ်တို့၏ဖခင်သည် ၂၂–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၄–၁–၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

---

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယကာ
## ဦးကျော်ရှင် (ပဲခူး)
### အသက်(၈၃)နှစ်

ပဲခူးမြို့၊ ဓိုင်းဂနိုင်းမြောက်ပိုင်း၊ ၄ လမ်းနေ ဦးလှမြင့်(အမှတ်–၅၊ မော်တော်ယာဉ်လိုင်း၊ အတွင်းရေးမှူး)–ဒေါ်တင်ရီတို့၏ဖခင်၊ မောင်ကိုကိုနိုင်–မဇာဇာဦး၊ မောင်ညီညီနိုင်–မအေးစန္ဒာအောင်၊ မမိုးစန္ဒာတို့၏အဘိုး၊ ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ဆိုရှယ်လစ် ၉လမ်း၊ အမှတ် ၁၂၁၀ နေ ဒေါ်အေးခင်၏ခင်ပွန်းသည် ၂၂–၁–၂၀၀၄ရက် (ကြာသပတေးနေ့) တွင် ကွယ်လွန်သွားပါ၍ ၂၄–၁–၂၀၀၄ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ဒေါ်အေးခင်၏ နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

---

### ဘုရား၊သိမ်၊ကျောင်း၊ဇရပ် ဒါယိကာမကြီး
## ဒေါ်မြင့်ခင်(ခ)အန်းမကြီး
### ဆက်သွယ်ရေး(ငြိမ်း)
### အောင်ကြီးစတိုး(သုဝဏ္ဏ)
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ၁၆၅/၁၊ သံသုမာလမ်း၊ သုဝဏ္ဏမြို့နေ [အင်ဟွာခင်(ခ)ဦးခင်မောင်ဒီ]၏ဇနီး၊ (ဦးချွန်း–ဒေါ်ထိန်)တို့၏သမီး၊ (အင်ဖင်တင်း–ဒေါ်ကျင်စိန်)တို့၏သမီးချွေးမ၊ (ဦးတင်ဝင်း)၏ညီမ၊ ဦးအောင်မြင့်–ဒေါ်ခင်ခင်စု၊ (ဦးရင်မောင်)တို့၏အစ်မ၊ ရှိုးကြည့်စံ–ဒေါ်ခင်မာကြည်(ခ)မီးမီး၊ (ဦးကျော်စိုး)–ဒေါ်ခင်မာရီ(ခ)ပဲပဲတို့၏မိခင်ကြီး၊ မောင်အောင်စိုးမိုး၊ မောင်ဝေဖြိုးနိုင်၊ မောင်ကျော်စိုးမိုး (ရေကြောင်းသိပ္ပံ)၊ မောင်ကျော်စိုးနောင် (အထက–၁၊ ကမာရွတ်)တို့၏အဘွားသည် ၂၂–၁–၂၀၀၄ရက် (ကြာသပတေးနေ့)ည ၁၀း၅၀ နာရီတွင် သျှင်ပါကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၆–၁–၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

---

## ဦးကျော်ဇော(ခ)ဦးကျော်သိန်း (မြင်းခြံ)
### စား/ထွေ မန်နေဂျာ(အငြိမ်းစား)
### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ (ဦးဘဒင်–ဒေါ်ရွှေညွန့်)တို့၏ သားကြီး၊ ဒေါ်တင်တင်ဦး၊ ဒေါ်ရင်ရင်မြင့်တို့၏မောင်၊ (ဦးမောင်မောင်ညွန့်)၊ ဗိုလ်မှူးအောင်ချစ်(ငြိမ်း)–ဒေါ်ခင်နွဲ့၊ ဗိုလ်မှူးစန်းအောင်(ငြိမ်း)–ဒေါ်သန်းသန်းစိန်တို့၏ အစ်ကိုကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ် ၄၉ နေ ဒေါ်ခင်မြ၏ခင်ပွန်း၊ (ဦးမြတ်ဆွေ၊ ဒုအကောက်ခွန်မှူး)–ဒေါ်စန်းစန်းဝင်း၊ ဦးစန်းကြည် (Lizstar)–ဒေါ်တင်တင်အေးဦးထွန်းအောင်(ရွှေပင်လယ်ဗီဒီယို)–ဒေါ်စန္ဒာဇော်(အထက–၂၊ တာမွေ)၊ ဦးကျော်ကျော်(၇) (ဒုအကောက်ခွန်မှူး) – ဒေါ်မိုးမိုးမြင့်(အကောက်ခွန်ဦးစီးဌာန)တို့၏ ဖခင်၊ မြေး ရှစ်ယောက်တို့၏အဘိုးသည် ၂၃–၁–၂၀၀၄ရက် ညနေ ၆း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၅–၁–၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

---

## ဦးငွေ(ခ)သခင်ငွေ (ဖြူး)
### (လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့်)
### အသက်(၈၉)နှစ်

ပဲခူးတိုင်း၊ကျောက်ကြီးမြို့နေ(ဒေါ်ညွန့်)၏ခင်ပွန်း၊ ဦးလှညွန့် (အမက–၁၅၊ သာကေတ)၊ ကိုဇော်နိုင်ဝင်း–မညွန့်ညွန့်ကြူ(မြို့တော်စည်ပင်၊ ငွေစုငွေချေးဌာန)၊ကိုစန်းညွန့်တို့၏ဖခင်သည် ၂၂–၁–၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄–၁–၂၀၀၄ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [သာကေတ (၄) မြောက်ရပ်ကွက်၊အမက–၁၅ မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

---

## ဦးကျော် (မြင်းခြံ)
### (အထက–၂၊ ရန်ကင်း)
### (အထက–၂၊ မင်္ဂလာဒုံ)
### (အောင်ဆန်းသူရိယလှသောင်းကျောင်း)
### (အထက–၂၊ ရေဦး)
### မြို့နယ်ပညာရေးမှူး(မင်္ဂလာဒုံ)
### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ၁ လမ်း၊ အမှတ် ၅၄၁ (က)နေ ဒေါ်ယဉ်ကျေး (အငြိမ်းစားကျောင်းအုပ်ကြီး၊ အထက၊ထန်းတပင်)၏ခင်ပွန်း၊ (ဦးမြဒင်–ဒေါ်စိန်တင်)တို့၏သား၊ (ဦးငွေစိုး)–ဒေါ်ဝံသ(မြင်းခြံ)တို့၏မောင်၊ ဒေါ်ခင်အေးမြင့်(သတ္တဗေဒဌာန၊ ဆေးတက္ကသိုလ်၊ မန္တလေး)၏အစ်ကို၊ ဦးနွယ်အေး–ဒေါ်သင်းစပယ်(ရေအရင်းအမြစ်)၊ ဦးအောင်ဇေယျ(Chief Officer, Golden Eagle Co.,Ltd.)-ဒေါက်တာမိုးသူဇာ(Plastic, Maxillofacial & Oral Surg, YGH)၊ ဗိုလ်မှူးသက်အောင်(ယာယီတပ်ရင်းမှူး)–ဒေါ်ခင်မိုးဝေ၊ဒေါ်သီတာမွန်(Tongtah Co., Ltd.)၊ ဒေါက်တာထွန်းနေအောင် (1st Yr, Rehabilitation Medicine, IM-1)– ဒေါ်ခင်ဝါဝါကျော်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၂–၁–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၅၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆–၁–၂၀၀၄ရက်(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးစောသိန်းဇင်
### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ငြိမ်း)
### အသက်(၆၆)နှစ်

ဘားအံမြို့၊ အမှတ်(၆)ရပ်ကွက်၊ သီရိလမ်းနေ(ဦးစောပိုက်ရွှေဇင်–နော်မေရီပန်းအောင်)တို့၏သား၊ ဒေါ်နော်ကက်သရင်း၏ခင်ပွန်း၊ နော်စန္ဒာခင်–စောခင်းစလီ၊ နော်မာလာဇင်၊ စောရွှေဇင်–နော်တင်တင်ဦး၊ စောမင်းဇင်–နန်းသန်းသန်းထွေး၏ဖခင်၊ မြေး ခြောက်ယောက်တို့၏အဘိုးသည် ၂၁–၁–၂၀၀၄ရက် ညနေ ၅း၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပြီးဖြစ်ပါ၍ ၂၃–၁– ၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်၌ ဝတ်ပြုကိုးကွယ်ပြီး ဘားအံမြို့ စက်ပစ်ကွင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

---

## ဦးဝင်းဌေး
### P.T.T Co.,Ltd.
### B.Sc (Maths)
### (သစ်ရာကောက်၊မကွေးမြို့နယ်)
### အသက်(၃၇)နှစ်

မကွေးမြို့နယ်၊ သစ်ရာကောက်ရွာနေ ဦးညီသန့်–ဒေါ်လန်းတို့၏သား၊ အင်းစိန်မြို့နယ်၊ရွာမအရှေ့၊သီရိမင်္ဂလာ ၁ လမ်း၊ အမှတ် ၁၃၀နေ(ဦးချစ်လှ)–ဒေါ်သန္တာနုတို့၏ သားသမက်၊ ဦးမောင်ဝင်း–ဒေါ်တင်နွဲ့၊ ဦးအောင်ဝင်း–ဒေါ်ခင်နွဲ့၊ ဦးကျော်မြင့်–ဒေါ်ကြည်မြင့်၊ ဦးဇော်ဝင်း–ဒေါ်အမာရီ၊ ဦးရဲကြည်–ဒေါ်အေးမူ၊ ဦးစိုးမြင့်–ဒေါ်ဂွမ်းပုံ၊ (ဦးခင်မောင်ဇင်)–ဒေါ်အေးအေးတို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁) ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် ၁၅၈ နေ မမြင့်မြင့်စန်း၏ခင်ပွန်း၊ မဖြူယမင်းသန့်၏ဖခင်သည် ၂၃–၁–၂၀၀၄ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၅–၁–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

---

### ကျိုက်လတ်မြို့နယ်အသင်း
## ဆရာကြီး ဦးစိန်ခို
### အသက်(၁၀၂)နှစ်

ရန်ကုန်မြို့၊ ကုန်ဈေးတန်းလမ်း၊ အမှတ် ၁၇ နေ (ဒေါ်ရီ)၏ခင်ပွန်း၊ ရာသက်ပန်အသင်းဝင်များဖြစ်ကြသည့် ဆရာမကြီးဒေါ်သန်းမြင့်(ငြိမ်း)၊ ဗိုလ်မှူးတင်စိန်(ငြိမ်း)၊ ဦးမောင်မောင်အေး (စီမံကိန်း အင်ဂျင်နီယာ)တို့၏ ဖခင် ကန်တော့ခံဆရာကြီး ဦးစိန်ခိုသည် ၂၂–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၃–၁–၂၀၀၄ရက် (သောကြာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များ၊တပည့်ဟောင်းများအား သိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့။

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမ
## ဒေါ်တင်ရွှေ
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ ရန်ကင်းလမ်း၊ တိုက်အမှတ် ၃၃ နေ (ဗိုလ်ကြီးလှမောင်)၏ဇနီး၊ဒေါ်လှရွှေ၊ ဒေါ်သိန်းမြင့်၊ ဦးတင်မောင်လှ–ဒေါ်ချိုချိုဝင်း၊ ဦးတင်မောင်ရွှေ–ဒေါ်ခင်မကျော်၊ ဦးစိုးမြင့်–ဒေါ်သန်းမြင့်၊ Dr.ဦးဇော်မင်း–ဒေါ်ဝင်းမြင့်၊ ဦးခင်မောင်ထွန်း–ဒေါ်နှင်းမြင့်(စံတော်မှီယပ်တောင်လုပ်ငန်း)တို့၏မိခင်၊ မြေး ၁၆ ယောက်၊မြစ်ငါးယောက်တို့၏အဘွားသည် ၂၃–၁–၂၀၀၄ရက် နံနက် ၂း၁၇ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့်၂၅–၁–၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

---

## ဦးထွန်းသိန်း (ကမာကနီး)
### ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
### (ကုန်စည်/စက်ဘက်)
### အသက်(၆၃)နှစ်

ကမာကနီးရွာနေ (ဦးဖိုးဝင်း–ဒေါ်ပု)တို့၏သား၊ ဦးတင်အေး (ပြည်တွင်းရေကြောင်း)–ဒေါ်ခင်စန်းဝေ၊ ဦးသိန်းဝင်း–ဒေါ်သိန်းနု၊ ဦးအောင်နိုင်(ကားပေါ်လစ်)–ဒေါ်ပြုံး၊ ဦးမောင်မောင်တင် (ပြည်တွင်းရေကြောင်း) – ဒေါ်ရီရီသွင်တို့၏ဦးလေး၊ ရဲတကက ညွန့်ဝင်းမြင့် (မကွေးတိုင်း ရဲတပ်ဖွဲ့)၊ မောင်ကျော်ဇေယျ၊ မောင်အောင်ကျော်ဇော(မဟာခန် စီးပွားရေးလုပ်ငန်းစု)၊ မောင်ဇော်လင်းထိုက်တို့၏ဘကြီး၊ မသီရိဝေ၏အဘိုးသည် အခန်း ၇၊ တိုက် ၇၀၊ ကမာလမ်း၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏနေအိမ်၌ ၂၁–၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၎င်း၏ဆန္ဒအရ ၂၂–၁–၂၀၀၄ရက်(ကြာသပတေးနေ့)တွင်ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

---

## ဦးငြိမ်းမောင်
## (MPPE)
### အသက်(၅၆)နှစ်

သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ နဝရတ် ၁ လမ်း၊ အမှတ် ၁၂၉၀ နေ (ဦးအုန်းမောင်–ဒေါ်တင်လှ)တို့၏သား၊ (ဦးလှမြိုင်–ဒေါ်အုန်းရင်)တို့၏ သားသမက်၊ ဒေါ်မြင့်မြင့်ခင်၏ ခင်ပွန်း၊ ကိုမြင့်နိုင်၊ ကိုတင်ထွန်း–မသင်းသင်းရီ၊ မခင်သူဇာ(Mectronic Co.,Ltd.) တို့၏ဖခင်၊ မောင်မျိုးကိုကို၏အဘိုးသည် ၂၃–၁–၂၀၀၄ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅–၁–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

---

## မောင်မင်းမင်းစိုး
## (SZY-Group)
### (ထားဝယ်)
### အသက်(၂၄)နှစ်

တနင်္သာရီတိုင်း၊ လောင်းလုံမြို့နယ်၊ လေးသွန်းခံရွာနေ (ဦးအုန်းမြင့်)–ဒေါ်မြသင်းတို့၏သား၊ ဦးအင်ဝင်း–(ဒေါ်လှအေး)၊ ဒေါ်လေးကြည်တို့၏တူ၊ ကိုဝင်းနိုင် (M.M.G - Jetty)၊ ကိုအောင်သန်းဦး–မတင်တင်ဝင်း၊ ကိုပြည်စိုးထွန်း–မဖြူဖြူသင်း၊ ကိုထွန်းရှိန်–မလဲ့လဲ့ဝင်း၊ ကိုဇော်လတ်–မလဲ့လဲ့ခိုင်၊ (မမြင့်မြင့်အေး)တို့၏ ညီ/မောင်သည် ၂၃–၁–၂၀၀၄ရက် (သောကြာနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅–၁–၂၀၀၄ရက် (တနင်္ဂနွေနေ့)ညနေ ၄ နာရီတွင် ၇၀–၇၁၊ မဟာဗောဓိလမ်း၊ (၁၀)ရက်ကွက်၊ သုဝဏ္ဏနေအိမ်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

---

## ဦးအောင်တင် (ပဲခူး)
### (ယခင်ရဲတံခွန်ရုပ်ရှင်ရုံ ပိုင်ရှင်ဟောင်း)
### အသက်(၈၅)နှစ်

မုပ္ပလင်မြို့နေ (ဦးလုစိန်–ဒေါ်အုန်းမြ)တို့၏ သား၊ ပဲခူးမြို့၊ ဗန္ဓုလလမ်း၊ အမှတ်၁၇၆နေ (ဒေါ်ကြင်ရင်)၏ မောင်၊ ဒေါ်ခင်ညို၏ အစ်ကို၊ ဦးစိုးအောင်–ဒေါ်သန်းသန်းဝင်းတို့၏ ဦးလေး၊ မသဇင်စိုး၊ မယင်းမာစိုးတို့၏ ဘဘကြီး၊ မအင်ကြင်းဖူး၏ အဘိုးသည် ၂၁–၁–၂၀၀၄ ရက် နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် ဆင်ဖြူကွင်းသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

---

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ တန်ဆောင်း၊ဇရပ်ဒါယိကာမကြီး
## ဒေါ်ခင်ရီ (ကျိုက်လတ်)
### အသက်(၇၈)နှစ်

ကျိုက်လတ်မြို့၊ ဦးပြုံးချိုလမ်းနေ (လွှတ်တော်ရှေ့နေကြီး) ဦးထွန်းရင်–ဒေါ်ဒေါ်နုတို့၏သမီး၊ အမှတ် ၇၆၊ ၁၄လမ်း၊ လမ်းမတော်မြို့နယ်နေ ဦးခင်ဟုတ်၏ဇနီး၊ [ဦးစောထွန်း(ခ)ဦးစိုးလှိုင်]–ဒေါ်အမာ၊(ဦးမောင်ငယ်–ဒေါ်ဒေါ်တာတို့၏ညီမ၊ ဦးစိုးတင်–ဒေါ်ကြည်ကြည်၊ ဦးမောင်မြင့်–ဒေါ်လှလှ၊ ဦးဇော်မင်းအောင်၊ (ဦးသောင်း–ဒေါ်ကျင်သုန်) ဦးကျင်ဟင်း–ဒေါ်ကျင်ပို့၊ (ဦးစိုးလှိုင်)–ဒေါ်ကျင်စွမ်၊ (ဦးဟုတ်စွမ်)–ဒေါ်အေးပုံတို့၏အစ်မသည် ၂၀–၁–၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၃း၃၀ နာရီတွင် ဂရင်းခရော့စ်ဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၂၁–၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

---

## ဆရာမဒေါ်တင်ကြည်
### (မိုးညို)
### (အငြိမ်းစားကျောင်းဆရာမ၊ အမက–၁၅)
### အသက်(၇၅)နှစ်

ပဲခူးတိုင်း၊ မိုးညိုမြို့နေ (ဦးပေါ–ဒေါ်ပန်းတင်)တို့၏သမီး၊တောင်ဥက္ကလာပမြို့နယ်နေ (ဦးထွန်းကြည်)–ဒေါ်သန်းသန်းရီ၊ သုံးဆယ်မြို့နေ ဦးမောင်ညွန့်–ဒေါ်မြလွင်၊ ထောက်ကြန့်မြို့နေ ဦးသန်းအောင်–ဒေါ်ဒေစီတို့၏အစ်မ၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဘုမ္မာ ၁၁ လမ်း၊ အမှတ် ၃၅၉ နေ (ဦးအေးကြည်)၏ဇနီး၊ ကိုသောင်းကြွယ်–မခိုင်ခိုင်ကြည်၊ ကိုအောင်ငွေ(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်) – မခိုင်စမ်းစမ်း (အမက–၁၇၊ မ/ဥက္ကလာပ)၊ ကိုစိုးခိုင် [ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ (ည)ရပ်ကွက်၊ မ/ဥက္ကလာပ]–မလဲ့လဲ့ဝင်း (စိတ်ကျန်းမာရေးဆေးရုံ)တို့၏မိခင်၊မြေးရှစ်ယောက်တို့၏အဘွားသည် ၂၂–၁–၂၀၀၄ရက် (ကြာသပတေးနေ့)တွင် ဦးနှောက်နှင့်အာရုံကြောအထူးကုဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၄–၁–၂၀၀၄ရက် (စနေနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

---

## မောင်စိုင်းအောင်မျိုးဆွေ(ခ) ဖိုးသား
### (လွယ်ဟိန်းကုမ္ပဏီ)
### အသက်(၂၆)နှစ်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် ၈/၈၄၉၊ နွယ်နီ ၁၆ လမ်းနေ (ဦးချစ်ဆွေ)ဒေါ်ယုယုဝေတို့၏သား၊ ဦးသိန်းထွန်း၏တူ၊ နန်းခမ်းယုဆွေ၊ လိုင်နအောင်–နန်းဆိုင်ယုဆွေတို့၏ညီ/မောင်၊ စိုင်းညီညီစိုး–မခင်စုစုလွင်တို့၏အစ်ကို၊တူ တူမ သုံးယောက်တို့၏ဦးလေး၊ (င)ရပ်ကွက်၊သန္တာ ၁၅ လမ်း၊ အမှတ် ၆၈၇ နေ (ဦးသန်းအောင်)–ဒေါ်အေးအေးဟန်တို့၏ သားသမက်၊ မမျိုးယုသွယ်၏ခင်ပွန်း၊ မောင်ဇေယျာဝင်း–မနှင်းယုအောင်၊ မောင်ပြည့်ဖြိုးအောင်–မလဲ့လဲ့သန်း၊ မောင်ညီညီလင်းအောင် – မဇင်မာအောင်တို့၏အစ်ကို၊ ထွဋ်မြတ်အောင်(ခ)တုံတုံ၏ဖခင်သည် ၂၂–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၄–၁–၂၀၀၄ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
### အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
### နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်
## ဘဒ္ဒန္တ သာသနမဟာထေရ်
### သက်တော်(၉၀)၊ သိက္ခာတော်(၇၀)

ရန်ကုန်တိုင်း၊ တောင်ပိုင်းခရိုင်၊ သုံးခွမြို့၊ သုံးသန်ကျောင်း(သဲအင်းဂူ)သာသနာ့အောင်ဗိမာန်ကျောင်းတိုက်၊ ဝိဇ္ဇောဒယ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်ကြီးတို့၏ ဦးစီးပဓာနမဟာနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသာသနမဟာထေရ်သည် ၁၃၆၅ခုနှစ် ပြာသိုလကွယ်နေ့(၂၁–၁–၂၀၀၄ရက်)ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ် တပို့တွဲလဆန်း ၆ ရက် (၂၇–၁–၂၀၀၄ရက်) မွန်းလွဲ ၁ နာရီတွင် အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်းတပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဆရာတော်ဘဒ္ဒန္တ ကုမာရနှင့်ဈာပနကျင်းပရေးကော်မတီ။

---

### အန္တိမအဂ္ဂိဈာပနပူဇာသဘင်
## ဘဒ္ဒန္တ ပဏ္ဍဝမဟာထေရ်
### ချောင်းဆုံမြောက်ကျောင်းဆရာတော်
### သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၆၄)ဝါ

စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ တောင်ချောင်းဆုံရွာ၊ မြောက်ကျောင်း ဆရာတော် ဘဒ္ဒန္တပဏ္ဍဝမဟာထေရ်မြတ်သည် ၁၃၆၅ ခုနှစ် တန်ခူးလဆန်း ၁ ရက် (၂–၄–၂၀၀၃)ရက် ဗုဒ္ဓဟူးနေ့တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်မှ ၃ ရက်ထိ ၂၀၀၄ ခုနှစ် မတ် ၆ ရက်မှ ၈ ရက်အထိ သုံးရက်တိုင်တိုင် ပင့်သံဃာတော်များအား ဆွမ်းသက်နှစ်သော ဒါတဗ္ဗဝတ္တာအစုစုကို ဆက်ကပ်လှူဒါန်းခြင်း၊ စံကျောင်းမဏ္ဍပ်လောင်တိုက် ပြသာဒ်များ စုံလင်စွာဖြင့် အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာသဘင်ပွဲကို စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ရပ်ဝေးရပ်နီးမှ တပည့်ရဟန်းသံဃာများနှင့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ အန္တိမဈာပနကျင်းပရေးကော်မတီ ချောင်းဆုံရွာ၊ တန့်ဆည်မြို့နယ်။

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ ပဏ္ဍိတမဟာထေရ်
### (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အောင်ဇမ္ဗူပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ပဓာနနာယကဆရာတော်
### သက်တော်(၈၀)၊ သိက္ခာတော်(၄၅)ဝါ

ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ်၊ ဆင်ခြံကျေးရွာ၊ အောင်ဇမ္ဗူ ပရိယတ္တိစာသင်တိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့်လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၏ ပဓာနနာယကဆရာတော်ဘဒ္ဒန္တပဏ္ဍိတမဟာထေရ်သည် ၁၃၆၅ခုနှစ် ပြာသိုလကွယ်နေ့ (၂၁–၁–၂၀၀၄)ရက် ဗုဒ္ဓဟူးနေ့နံနက် ၉း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသည်ဖြစ်ပါသဖြင့် ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက် (၇–၂–၂၀၀၄)ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် သာဓုကီဠနအန္တိမအဂ္ဂိ ဈာပနသဘင် ဆင်ယင်ကျင်းပပူဇော်မည် ဖြစ်ပါကြောင်းတပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမ အပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။

ဆရာတော်ဦးကေတုမာလာနှင့် တပည့်သံဃာ၊ဒါယကာ၊ ဒါယိကာမများ။

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဆရာတော် ဘဒ္ဒန္တဥတ္တရ မဟာထေရ်
### မြို့နယ်သံဃနာယကအဖွဲ့ဝင်
### နာရေးကူညီမှုအသင်း(ရန်ကုန်)ဩဝါဒါစရိယ
### သက်တော်(၆၆)နှစ်၊ သိက္ခာတော်(၄၁)ဝါ

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ သုဒ္ဒသနလမ်း၊ (၁၆/၂)ရပ်ကွက်၊ ဇောတိကာရာမ ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်ကြီး၏ဦးစီးပဓာနနာယက ဆရာတော်၊ ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ ကော့ကရက်ကျေးရွာ ဖခည်းတော် ဦးစံငြိမ်း–မယ်တော်ဒေါ်ငွေခြံတို့၏သား၊ ဦးကြာရွှေ–ဒေါ်အေးသန့်၊ ဦးရွှေအုန်း–ဒေါ်ရွှေမြင့်၊ ဦးထွန်းလှ–(ဒေါ်တင်ထွေး)၊ ဦးအုန်းကျော်–ဒေါ်အေးလှတို့၏နောင်တော်ကြီး၊ ဘဒ္ဒန္တဥတ္တရမဟာထေရ်သည် ၁၃၆၅ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ ရက် (၂၀–၁–၂၀၀၄ရက်) အင်္ဂါနေ့ ည ၁၀း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ် တပို့တွဲလဆန်း ၃ ရက် (၂၄–၁–၂၀၀၄ရက်) စနေနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (ဗြဟ္မဝိဟာရကျောင်းတိုက်မှ ရုပ်ကလာပ်တော်ကို ပင့်ဆောင်ပါမည်။) တပည့်ဒါယကာ၊ဒါယိကာမများ။

---

## ကိုအောင်ကျော်ဇေယျ
### (မိဘမေတ္တာဆေးဆိုင်)
### အသက်(၄၀)

ကြည့်မြင်တိုင်၊ ရတနာပုံလမ်းနေ ဦးကျော်ဟိုး–ဒေါ်သင်းရီတို့၏သားငယ်၊ စကားဝါပင်လမ်းနေ ဦးရှိန်မြင့်–ဒေါ်မေသန်းတို့၏သားသမက်၊ အုန်းပင်လမ်း (၆၈) ၃(က)နေ မအေးသင်းသင်းစိုး၏ခင်ပွန်း၊မသင်းထက်ထက်အောင်(VI°E အထက–၂၊ လသာ)၊ မအေးသန့်သန့်အောင်(II C အထက–၂၊ ကမာရွတ်)တို့၏ဖခင်၊ (ကိုအောင်မြတ်မိုး)–မတိုးတိုးရီ၊ ကိုကျော်မင်း–မအေးနှင်းနှင်းစိုး၊ ကိုကျော်မိုး – မအေးမင်းမင်းစိုးတို့၏အစ်ကို၊ တူ တူမ ငါးယောက်တို့၏ဘကြီးသည် ၂၁–၁–၂၀၀၄ရက်တွင် YMCဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၃–၁–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

---

## ဦးခင်ထွန်း (ထူးကြီး)
### အသက်(၇၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်းလမ်း၊ အမှတ် ၆၄၊ ပထမလွှာနေ (ဦးထွန်းစိန်–ဒေါ်အေးသန့်)တို့၏သား၊ ဦးသောင်းရွှေ၏အစ်ကို၊ ဒေါ်တင်သိန်း၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်ဦး(အမက–၁၆၊ စမ်းချောင်း)၊ ဦးမင်းနိုင်–ဒေါ်တင့်တင့်အောင်၊ ဗိုလ်မှူးကိုကိုနိုင်(တပ်မတော်–ရေ)–ဒေါ်ခင်မြတ်မြတ်စိုး၊ ကိုဘုန်းညွန့်ဦး၊ ကိုထွန်းထွန်းနိုင်၊ မအေးသီတာ၊ မောင်ဇော်မင်းထွန်း၊ မောင်ဘုန်းဝေလင်း၊ ဗိုလ်လောင်းမျိုးမင်းအောင်(တတိယနှစ်)တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၃–၁–၂၀၀၄ရက် နံနက် ၉ နာရီတွင် အာရုတော်ဝင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၅–၁–၂၀၀၄ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

---

## သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည်ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေ နှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်းတောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်းသိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း – ၁၉၉

(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး – ၂၉၁၂၈၅၊ ၂၉၁၂၈၄

(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ – ၅၄၁၉၀၅၊ ၅၄၁၉၀၄

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။**

---

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။**

**R. 488**

# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကိုရီးယားသမ္မတနိုင်ငံ World Canaan Farmer School မှ ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၂၃

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ကိုရီးယားသမ္မတနိုင်ငံ World Canaan Farmer School မှ ဥက္ကဋ္ဌ Dr.Kim Bon.II နှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr.Lee Kyung-Woo လည်း တက်ရောက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကိုရီးယားသမ္မတနိုင်ငံ World Canaan Farmer School မှ ဥက္ကဋ္ဌ Dr.Kim Bon.II နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

# အီလက်ထရွန်နစ်အစိုးရ (e-Government) စီမံကိန်း မြန်မာနိုင်ငံ၌စတင်အကောင်အထည်ဖော်ဆောင်ရွက်နေ

သတင်းဆောင်းပါး—မောင်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်း—သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၃

မြန်မာနိုင်ငံတွင် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း အင်တာနက်ခေတ်စားလာသည်။ ကွန်ပျူတာသုံးစွဲရာတွင်လည်း Network ချိတ်ဆက်သုံးစွဲလာကြသည်။ တိုးတက်ပြောင်းလဲမှုဖြစ်စဉ်အရ အိုင်တီခေတ်မှအိုင်စီတီခေတ်သို့ ပြောင်းလဲလာရာ Networking နှင့် Online ဝန်ဆောင်မှုများကို အခြေခံသော Software များ ရေးသားထုတ်လုပ်ခြင်း၊ အင်တာနက်နှင့် စာမျက်နှာ ၉ ကော်လံ ၄ ❐

Myanmar World Distribution Co.,Ltd.၏ လုပ်ငန်းခွင်မြင်ကွင်း။

ဓာတ်ပုံ– သိန်းဝင်းလေး (မြန်မာ့အလင်း)

**"ရုံးဌာနအဖွဲ့အစည်းသုံးအီလက်ထရွန်နစ်သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာ Kinetic Enterprise Portal ဟာ မြန်မာနိုင်ငံရဲ့ အိုင်တီလုပ်ငန်းမှာပထမဆုံးသော စွမ်းဆောင်ရည်အမြင့်မားဆုံး၊ လုံခြုံစိတ်ချရဆုံး၊ သုံးစွဲရလွယ်ကူဆုံးစနစ် ဖြစ်ပါတယ်"** ဒါရိုက်တာ ဒေါ်ခင်အေးဝင်း (Myanmar World Distribution Co.,Ltd.)။

# အိုင်တီနည်းပညာဆိုင်ရာဗဟုသုတများစွာရရှိစေမည့် တတိယအကြိမ်မြန်မာအိုင်စီတီရက်သတ္တပတ်ပြပွဲ

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင် နည်းပညာရပ်များ တိုးတက်ရေး၊ အထူးသဖြင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအခန်းကဏ္ဍ တိုးတက်ရေးသည် အရေးကြီးပေသည်။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသည် ပြည်သူများအားလုံးအပေါ် အကျိုးသက်ရောက်လျက်ရှိရာ လူသားများအတွက် တိုးတက်ကောင်းမွန်သောအနာဂတ်ကိုလည်း ဖြစ်ထွန်းစေမည်ဖြစ်သည်။

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်က တတ်နိုင်သမျှ ကူညီပံ့ပိုးပေးလျက်ရှိသောကြောင့် ယခုအခါ မြန်မာနိုင်ငံတွင် အိုင်တီပညာထွန်းကားပြန့်ပွားလျက်ရှိနေသည်မှာ အထင်အရှားပင်ဖြစ်သည်။ စာမျက်နှာ ၁၁ ကော်လံ ၁ ▼

**"နိုင်ငံတော်က ပံ့ပိုးကူညီမှုကြောင့် အိုင်တီပညာ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးလာနေကြောင်း ပြည်သူများသိစေလို"** ဒါရိုက်တာ ဒေါ်သင်းသင်းစိုး (KMD ကွန်ပျူတာပြခန်း)။

**"အိုင်တီနည်းပညာသုံးပစ္စည်းများကို ပြပွဲလာပြည်သူများမြင်တွေ့ပြီး ဗဟုသုတရရှိစေချင်"** ဒါရိုက်တာ ဒေါ်မေဖြူသွယ် (Lucky Bird Computer Sale & Service Centre)။

# ကမ္ဘာတစ်လွှားထူးထူးခြားခြား

## ပင်ဂွင်းငှက်များ၏ သဘာဝအလှ

ဇန်နဝါရီ ၂၁ရက်က ဂျာမနီနိုင်ငံမြူးနစ်မြို့ဟာလာဘရန်တိရစ္ဆာန်ဥယျာဉ်၌ အလွန်လှပသော ပင်ဂွင်းငှက်များကို တွေ့ရစဉ်။ (ဓါတ်ပုံ)

အဆိုပါ ပင်ဂွင်းငှက်များသည် လာရောက်လည်ပတ်ကြသည့် ဧည့်သည်များကို အထူးဆွဲဆောင်လျက်ရှိသည်။

**အမ်အင်အေ၊ ရိုက်တာ။**

## ကျူးဘားမြို့က တရုတ်နှစ်သစ်ကူးပွဲ

ဇန်နဝါရီ ၂၁ရက်က တရုတ် နှစ်သစ်ကူးပွဲတော်ကာလတွင်ကျူးဘားနိုင်ငံ ဟာဗားနားမြို့၌ ကျူးဘားတို့ နဂါးအကကို တရုတ်လူမျိုးအများစုနေထိုင်ရာ ဟာဗားနားမြို့လမ်းမကြီးများပေါ်တွင် ကပြဖျော်ဖြေတင်ဆက်နေကြစဉ်။ **(ယာပုံ)**

၁၉ရာစု တစ်လျှောက်လုံး ဟာဗားနားရှိ တရုတ်ရပ်ကွက်သည် တရုတ်လူမျိုးအများဆုံးနေထိုင်ရာ နေရာဖြစ်လာခဲ့ပြီး ယနေ့တရုတ်လူမျိုး လေးသောင်းနေထိုင်လျက်ရှိသည်။

**အမ်အင်အေ၊ ရိုက်တာ။**